# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၈)ရက် ၊ စနေနေ့ ၊ (30-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၂၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာ လေးဦး ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်



ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီကင်ဆာရောဂါလူနာအား ခြင်ဆီအစားထိုးကုသခြင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၂၉**

ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ နိုင်ငံတကာအဆင့်မီ ခုနစ်ထပ်ဆောင်သစ်၊ သွေးရောဂါအထူးကုဌာန၊ ခြင်ဆီအစားထိုးဌာန (Bone marrow Transplant Center)သို့ ဇူလိုင်လကုန်၌ ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာလူနာလေးဦးအား ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant)ကို အောင်မြင်စွာဆောင်ရွက်ခဲ့ရာ လူနာ သုံးဦးမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံဆင်းခွင့်ရရှိပြီး ကျန်ရှိသောလူနာမှာလည်း ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant)ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ၊အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး၊ ငယ်များ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး

စာမျက်နှာ ၁၆ ကော်လံ ၁

**မြန်ပြည်တစ်ခွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲမှ အဖြေရှာစို့**

ဆောင်းပါး စာမျက်နှာ- ၁၈

**မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်**

စာမျက်နှာ- ၁၆

## အပူပိုင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်(Tropical Depression)သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။

အဆိုပါအပူပိုင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း အပူပိုင်းမုန်တိုင်း(Tropical Storm)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ

စာမျက်နှာ ၁၇ ကော်လံ ၄

Japan Meteorological Agency(JMA)မှ အပူပိုင်းမုန်တိုင်းငယ်၏ လမ်းကြောင်းပြပုံ







ရတနာပုံ

၂၀၂၅ ခုနှစ် ဩဂုတ် ၂၀ ရက်

## အယ်ဒီတာ့အာဘော်

# ပြန်လည်ထိန်းချုပ်နိုင်သည့်အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့်ဖယောင်းတောင်သတ္တုတွင်းအောင်ပွဲ

အကြမ်းဖက်သမားများသည် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်စီးစေရန်ရည်ရွယ်၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိရာ TNLA နှင့် MDY–PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့သည်လည်း နိုင်ငံ၏ ကုန်စည်ကူးသန်းမှုနှင့် လမ်းပန်းဆက်သွယ်မှုအချက်အချာတစ်ခုဖြစ်သည့် မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေး စိတ်ကူးယဉ်စစ်ရေးအိပ်မက်မက်ကာ ၂၀၂၄ ခုနှစ်၊ နှစ်လယ်ပိုင်းမှစ၍ ကြံစည်လုပ်ဆောင်လာခဲ့သည်။ မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ဆက်စပ်ဒေသများ၌ ရှမ်း–မန်း စစ်ဆင်ရေးအမည်ဖြင့် စစ်ရေးအကြမ်းဖက်မှုများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) စစ်ရေးလှုပ်ရှားမှုနှင့်အပြိုင် လုပ်ဆောင်လာခဲ့ကြသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ တိုက်ကွက်ဖော်ဆောင်လာခဲ့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ အပြင်းအထန်ခုခံခဲ့ကြသော်လည်း ဒေသခံပြည်သူများကို အဓမ္မခြိမ်းခြောက်လူသစ်စုခြင်းဖြင့် သာလွန်အင်အားဖန်တီးလာခြင်း၊ လူသားတံတိုင်းအဖြစ် အသုံးပြုတိုက်ခိုက်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုများရှိလာကာ ပြည်သူလူထု၏ နေအိမ်များ၊ နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးတို့အတွက် စနစ်တကျ ဆုတ်ခွာပေးပြီး မတ္တရာဒေသ၌ အချိန်ကာလတစ်ခုအထိ မဆုတ်တမ်းခံစစ်စည်းသတ်မှတ်၍ တိုက်ခိုက်ချေမှုန်းခြင်းများ ပြုလုပ်ခဲ့သည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်စစ်မှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း မတ္တရာမြို့၏ မြောက်ဘက်ရေနံ့သာကျေးရွာတစ်ဝိုက်၊ အရှေ့ဘက်ရှိ နိုင်ငံအကျိုးပြု အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းနေရာ တစ်ဝိုက်တို့တွင် ရပ်တန့်သွားခဲ့သည်။

TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့သည် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်း၌ အခိုင်အမာခြေကုပ်ယူ၍ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်မှစ၍ မတ္တရာဒေသအရှေ့ဘက်မြကန်သာကျေးရွာရှိ အင်အားနည်းကာကင်းစခန်းတစ်ခုကို သာလွန်အင်အားအသုံးပြုတိုက်ခိုက်ခဲ့ရာ အဆိုပါကာကင်းစခန်းသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ကြိုတင်စုဖွဲ့ထားသည့် အဓိကချေမှုန်းရေးတပ်များက အမြောက်၊ လက်နက်ကြီးပစ်ကူဖြင့် ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးခဲ့သည်။ ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ နေရာယူစုဖွဲ့ထားသည့်နေရာများ ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိနိုင်ရေးအတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီး အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး စတင်ဆောင်ရွက်ခဲ့ရာ ဖယောင်းတောင်သတ္တုတွင်းဒေသကို ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း၊ အယ်လ်ဖာဘိလပ်မြေစက်ရုံကို ဩဂုတ် ၂၈ ရက်တွင်လည်းကောင်း ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရာ စစ်ဆင်ရေးကာလ ၁ လနှင့် ၇ ရက်အတွင်း TNLA နှင့် MDY – PDF ပူးပေါင်းအဖွဲ့နှင့် တိုက်ပွဲကြီး၊ ငယ် ၂၄ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၁၅ လောင်း၊ လက်နက်မျိုးစုံ ၄၆ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများစွာ သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများရောက်ရှိရာ အရပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ ထိခိုက်ခဲ့ရသည်။ သို့ဖြစ်ရာ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ခေတ္တစိုးမိုးခဲ့သည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းလုပ်ငန်းကို တပ်မတော်က ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ပြီးနောက် အကြမ်းဖက်အဖွဲ့များ ဖျက်ဆီးခဲ့သည့် စက်ရုံအဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်၍ စက်ရုံများပြန်လည်လည်ပတ်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်ရေးဆောင်ရွက်သွားမည်ကို သိရှိရသည်မှာ ဒေသခံပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင် ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးရေပေးဝေနေမှု၊ သံရွာပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် သံရွာပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေး



**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးရေပေးဝေနေမှု၊ သံရွာပူးပေါင်း စစ်ဆေးရေးဂိတ်နှင့် သံရွာပြည်သူ့ဆေးရုံတို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကုလကျေးရွာ၊ ဇော်ဂျီရေသောက် စနစ်အတွင်းရှိ ငပြောင်ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံရွာပူးပေါင်းစစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီး မြို့ဝင်မြို့ထွက်ယာဉ်များဖြတ်သန်းသွားလာမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြမှုများ အပေါ်လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် လုပ်ငန်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကိုမှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံရွာပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီးက ဆေးရုံ၌ လူနာများ လက်ခံကုသပေးနေမှု၊ မန္တလေး ငလျင်ကြီးကြောင့် ဆေးကုသဆောင်များ ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု၊ ကြုံတွေ့နေရသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီးနောက် ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေကြသူများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြား၍ ပံ့ပိုးငွေများပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကကတစ်ငါးပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကကတစ်ငါးပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ဇွန်လအတွင်း ကကတစ်ငါးပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကကတစ်ငါးပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းမှာ ကကတစ်ငါးပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ကကတစ်ငါးက တင်ပို့ရောင်းချတဲ့အခါ စားသုံးမှုများတာကြောင့် ရောင်းပန်းလှတဲ့ ငါးအမျိုးအစားဖြစ်ပါတယ်။ ကကတစ်ငါးအပါအဝင် အခြားရေထွက်ကုန်တွေလဲ အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါး တစ်ပိသာလျှင် ၁၈၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ကကတစ်ငါးများ အများအပြားတင်ပို့ရောင်းချနေရခြင်းကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၄၉၅ ဧက စိုက်ပျိုးမည်

**မော်လိုက် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ ၃၄၉၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက၄၈၀ နှင့် ဖူးစားပြောင်း ၃၀၁၅ ဧက စုစုပေါင်း ၃၄၉၅ ဧကတို့ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါတွေကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်မြို့နယ်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ မြေဩဇာစနစ်တကျ သုံးစွဲတတ်စေရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ် ငါးသိန်းကျော်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည့်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်မြို့တွင်ကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ သို့တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံအားပေး



**မန္တလေး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်သည် ရန်ကုန်မြို့တွင်ကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ လူငယ်ကိုယ်စားလှယ်များကို ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌တွေ့ဆုံ၍ အားပေးစကားများပြောကြားခဲ့သည်။

ထိုသို့ တွေ့ဆုံအားပေးစကားပြောကြားရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ၏အနာဂတ်ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်နိုင်မှုတွင် လူငယ်များဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းရည်မြင့်မားမှုတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုကြောင်း၊ ဗလငါးတန်ဖွံ့ဖြိုးရေးတို့အတွက် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖိုရမ်သည် နိုင်ငံတစ်ဝန်းရှိ အနာဂတ်နိုင်ငံတာဝန်ကို ထမ်းဆောင်ကြမည့် လူငယ်ခေါင်းဆောင်များအတွက် အခြေခံကျသည့်ဖိုရမ်ဖြစ်ပြီး နိုင်ငံတကာမှ ပညာရှင်များ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကာ ဖိုရမ်တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် ရရှိလာမည့် ဆွေးနွေးပွဲ အတွေ့အကြုံများနှင့် ဗဟုသုတများကို အခြေခံ၍ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ထိရောက်စွာပြန်လည်ဖန်တီးပေးသွားရန် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဆွေးနွေးပွဲသို့ တက်ရောက်ကြမည့် မန္တလေးတိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြီးနောက် အုပ်ချုပ်သူများ၊ လူငယ် ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ချီးမြှင့်သည့် ငွေကျပ် ၁၂၁၃၃၀၀၀ ကို လူငယ် ကိုယ်စားလှယ်အဖွဲ့ထံ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၊ ကိုယ်ပိုင်ကျောင်းများအသင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူနှစ်ဦးနှင့် လူငယ်ကိုယ်စားလှယ် ၁၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၈၃၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၈၃၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၆၈၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၃၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဝါ ၁၆၈၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၃၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဝါသီးနှံတွေ စိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ စတဲ့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေးတို့ကို နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါတစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ် ငွေကျပ်သုံးသိန်းခွဲရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ဝါသီးနှံကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပေါင်းတည်မြို့နယ် ကုက္ကိုပင်ကျေးရွာ၌ မြေနီလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပေါင်းတည် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုက္ကိုပင်ကျေးရွာ၌ မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သန္တာဦးရွှေနှင့်ဝန်ထမ်းများက ကုက္ကိုပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကုက္ကိုပင်ကျေးရွာ၌ လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၂ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၀၅၅ သန်း စုစုပေါင်း ငွေကျပ် ၁၆ ဒသမ ၀၅၅ သန်းဖြင့် အဆိုပါဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုတ**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။


ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကျားပျံစပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်က ဆန်၊ စပါးတွေနဲ့ အခြားလယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးက ဆန်ချောအုပ်စုထဲမှာပါပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ကျားပျံစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်မန်ကျည်းသီးနှင့် မန်ကျည်းစေ့

ဒေါက်တာလပြည့်ခင်



**မန်ကျည်းသီး (Tamarind)**

မန်ကျည်းပင်သည် စိန်ပန်းမျိုးရင်းဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Tamarindus indica LINN ဖြစ်သည်။ မန်ကျည်းပင်ကို အင်္ဂလိပ်လို Tamarind ဟု ခေါ်ကြသည်။ မန်ကျည်းပင်သည် နှစ်ရှည်သစ်မာပင်တစ်မျိုးဖြစ်ပြီး တစ်နှစ်လျှင်တစ်ကြိမ်သာ အသီးသီးသော အမြဲစိမ်းလန်းသော သစ်ပင်ဖြစ်၍ မြန်မာနိုင်ငံအနှံ့အပြား၌ စိုက်ပျိုးကြသည်။

မန်ကျည်းသီးသည် သွေးသန့်စေသလို အရေပြားမှစ၍ အစာခြေစနစ်ကျန်းမာရေးထိ အထောက်အကူပြုနိုင်သည်။ မန်ကျည်းသီးမှည့်၏ အနှစ်ကို အဓိကစားသုံးကြသော်လည်း မန်ကျည်းစေ့ကလည်း ဆေးဖက်ဝင်သည်။ မျက်စိနာခြင်းအတွက် မန်ကျည်းပင်အခေါက်ကို ကျောက်ပျဉ်တွင် ဆားအနည်းငယ်ဖြင့်သွေး၍ မျက်ခွံတစ်ဝိုက်လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။ မန်ကျည်းရွက်နုချိန်တွင် ရာသီစာအဖြစ် အသုပ်ပြုလုပ်၍ စားသုံးနိုင်သည်။ မန်ကျည်းသီးစိမ်းအနုများကိုလည်း ကြော်၍ ဖြစ်စေ၊ ထောင်း၍ဖြစ်စေ၊ ငါးပိချက်အဖြစ်ဖြစ်စေပြုလုပ်စားသုံးကြသည်။ မန်ကျည်းပင်သည် အေးမြသော အရိပ်ကိုပေးပြီး ရွက်နုမှစ၍ ရွက်ကြမ်းဘဝ၊ အသီးအစိမ်း၊ အမှည့်၊ အပွင့်၊ အခေါက်၊ ပင်စည်၊ အမြစ်စသည့် မန်ကျည်းတစ်ပင်လုံးကို လိုအပ်သလို အသုံးပြုနိုင်သောကြောင့် မန်ကျည်းပင်၏ အကျိုးကျေးဇူးများကား အံ့မခန်းဖွယ်ဖြစ်သည်။

**မြန်မာ့ဆေးကျမ်းပါ မန်ကျည်းသီးအစွမ်း**

မန်ကျည်းသီးသည် ပူ၏။ ချဉ်၏၊ သည်းခြေကို ဖြစ်စေ၏။ သလိပ်ကို ပွားစေ၏။ လေကို နိုင်၏။ မန်ကျည်းရွက်သည် ရောင်တင်းခြင်း၊ သွေးဖောက်ပြန်ခြင်း၊ နားရောဂါ၊ မျက်စိရောဂါ၊ မြွေဆိပ်သင့်ခြင်းတို့ကိုနိုင်၏၊ အသီးစိမ်းသည် ချဉ်၏။ ချို၏။ ပူ၏။ သလိပ်ကိုဖြစ်စေ၏။ အနည်းငယ်ဝမ်းသက်စေ၍ သလိပ်နှင့် လေကိုနိုင်၏။ မန်ကျည်းသီးစိမ်းအနုသည် သည်းခြေကိုပျက်စေ၏။ အဆိပ်သင့်သော အနာကိုပျောက်ကင်းစေပြီး သလိပ်နာ၊ သည်းခြေနာကိုနိုင်၏။ အရွက်သည် ချဉ်၍ဖန်သော အရသာရှိ၏၊ ခတ်လေးပါးတို့၏ အခိုးအကင်းကိုနိုင်၏။ အအေးအာပေါ်အတွက် ခတ်စာဖြစ်၏၊ အေး၊ ဖန်၊ အာပေါ်ခတ်စာဖြစ်၍ အေး၊ ချဉ်၊ ဖန်သောအရသာရှိပြီး ဆီးများ၊ လေချုပ်၊ ဝမ်းချုပ်စေတတ်၏။ အစာကြေခြင်း၊ သွေးလေကို ကြေစေ၏ဟု ဆိုထားသည်။

ထို့ပြင် ဝမ်းချုပ်တတ်သူများအနေဖြင့် မန်ကျည်းမှည့်ကိုမန်ကျည်းဖျော်ရည်ပြုလုပ်ပြီး သောက်သုံးပေးပါက ဝမ်းပုံမှန်သွားစေသည်။ နေပူမိပြီး မျက်လုံးများ ကျိန်းအောင့်နာပါက မန်ကျည်းပင်၏ အခေါက်ကိုသွေး၍ မျက်လုံးတစ်ဝိုက်တွင် ကွင်းပြီးလိမ်းပေးခြင်းဖြင့် မျက်စိနာရောဂါကို သက်သာစေသည်။ မန်ကျည်းပွင့်နှင့် ထန်းလျက်ရောစားပါက သွေးဝမ်းသွားခြင်းကို ရပ်စေနိုင်သည်။ မန်ကျည်းပင်အမြစ်ကို ဆားနှင့်သွေး၍ လိမ်းခြင်းဖြင့် ရေယုန်ပေါက်ခြင်းကို သက်သာပျောက်ကင်းစေသည်ဟု မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြထားသည်။

**မန်ကျည်းသီး၏ ဆေးဖက်ဝင်အာနိသင်များ**

မန်ကျည်းသီးကို ကမ္ဘာတစ်လွှားမှ ဟင်းပွဲများတွင် အသုံးပြုကြသလို မန်ကျည်းသီးတွင် ဆေးဖက်ဝင်သည့် အာနိသင်များစွာလည်း ပါရှိနေသည်။ မန်ကျည်းသီးကပေးသည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ဆက်လက်ဖော်ပြသွားမည်။

**အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေခြင်း**

မန်ကျည်းသီးသည် အမျှင်ဓာတ်ကြွယ်ဝသည့် အသီးဖြစ်သောကြောင့် ဝမ်းမှန်စေပြီး အစာအိမ်နှင့် အူလမ်းကြောင်းကို သန့်စင်စေသည်။ မန်ကျည်းသီးက အသည်း၊ အူမကြီးနှင့် အခြားအစာခြေအင်္ဂါအစိတ်အပိုင်းများကို ကျန်းမာစေပြီး မန်ကျည်းသီးကို နေ့စဉ်စားသုံးပေးမည်ဆိုပါက အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။

**သွေးလည်ပတ်မှု ကောင်းမွန်စေခြင်း**

မန်ကျည်းသီးတွင် သံဓာတ်ကြွယ်ဝစွာပါဝင်မှုကြောင့် သွေးလည်ပတ်မှုကို ကောင်းမွန်စေသည်။ မန်ကျည်းသီးက နေ့စဉ်စားသုံးနေသည့် သွေးနီဥဆဲလ်များကိုတိုးစေသည့် သံဓာတ်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးသည်။ ဆဲလ်များနှင့် အင်္ဂါအစိတ်အပိုင်းများဆီသို့ အောက်ဆီဂျင်ပံ့ပိုးပေးမှုကိုလည်း အထောက်အကူပေးသည်။

**အာရုံကြောလုပ်ငန်းစဉ်များကို တိုးတက်စေခြင်း**

အသက်အရွယ်ရလာသည်နှင့်အမျှ သိမြင်မှုလုပ်ငန်းစဉ်များ ကောင်းမွန်စေရန် သဘာဝအစားအစာများအပေါ် မှီခိုလာကြရသည်။ အာရုံကြောစနစ်ကို တိုးမြှင့်ပေးသည့် အစားအစာများထဲတွင် မန်ကျည်းသီးလည်းပါဝင်သည်။ မန်ကျည်းသီးတွင် အာရုံကြော၏ လုပ်ငန်းစဉ်များနှင့်မှတ်ဉာဏ်ကို တိုးတက်စေသော Thiamin (ဗီတာမင် B6) ကြွယ်ဝစွာ ပါဝင်သည်။

**ကိုယ်ခံအားစနစ်ကို တိုးမြှင့်စေခြင်း**

မန်ကျည်းသီးတွင် ဆဲလ်များနှင့် ကိုယ်တွင်းအင်္ဂါများကို ပြင်ပမှဓာတုပစ္စည်းများကြောင့် ထိခိုက်မှုမရှိအောင် ကာကွယ်ပေးပြီး ရောဂါများအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ဗီတာမင် C တို့ကြွယ်ဝစွာပါဝင်သည်။ မန်ကျည်းသီးတွင် ရောင်ရမ်းမှုနှင့် ဗက်တီးရီးယားများကို တိုက်ဖျက်နိုင်သည့် အစွမ်း၊ ရောဂါကာကွယ်နိုင်သည့်အစွမ်းများလည်းရှိပြီး ကိုယ်ခံအားစနစ် တိုးတက်စေရန်လည်း အထောက်အကူပြုနိုင်သည်။

**သွေးသန့်စေသော မန်ကျည်းသီး**

မန်ကျည်းသီးတွင် ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်သည့်သတ္တုဓာတ်များ၊ နေ့စဉ်လိုအပ်သည့် အမျှင်ဓာတ်၊ ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာ ပါဝင်နေသောကြောင့် Free Radicals များကို တိုက်ဖျက်ပေးနိုင်ပြီး သွေးသားသန့်စင်စေသည်။

**နှလုံးကျန်းမာစေသော မန်ကျည်းသီး**

မန်ကျည်းသီးက နှလုံးကိုလည်း ကောင်းမွန်စေပြီး ကိုလက်စထရောကို ထိရောက်စွာထိန်းညှိပေးနိုင်သည်။ ခန္ဓာကိုယ်အတွက် အကျိုးမပြုသည့် ကိုလက်စရော(LDL)ကိုကျဆင်းစေပြီး အကျိုးပြု ကိုလက်စထရော (HDL) ကို တိုးတက်အောင်လုပ်ဆောင်ပေးသည်။ ပိုတက်စီယမ်ကြွယ်ဝစွာ ပါဝင်မှုကြောင့် သွေးပေါင်ချိန်ကို ထိန်းညှိပေးသည်။ ဗီတာမင် C ကြွယ်ဝမှုကလည်း နှလုံးသွေးကြောစနစ်အပေါ်တွင် ဖိအားသက်ရောက်မှုများကို လျော့ကျစေသည်။

**ဝက်ခြံလျော့ပါးစေသော မန်ကျည်းသီး**

မန်ကျည်းသီးတွင် အသားအရေကို အကျိုးပြုသည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာ ပါဝင်ပြီး ဗီတာမင် C နှင့် ဗီတာမင် A ကြွယ်ဝစွာ ပါဝင်မှုကြောင့် အရေပြားရောင်ရမ်းခြင်းနှင့် ဝက်ခြံများကို သက်သာစေသည်။ မန်ကျည်းသီးတွင် အသက်အရွယ်ကြောင့်ဖြစ်သည့် အမည်းစက်များကို လျော့ပါးစေပြီး ချွေးပေါက်များတွင် ပိတ်ဆို့နေသည့်အညစ်အကြေးများကို ဖယ်ရှားနိုင်သည့် အစွမ်းသတ္တိများရှိပါသည့်အပြင် Alpha Hydroxy Acids ဟူသည့် ဓာတ်ပစ္စည်းပါဝင်မှုကြောင့် အိုမင်းရင့်ရော်ခြင်းကို တားဆီးပေးသည်။

**ကိုယ်ဝန်ဆောင်များအတွက် သင့်တော်သော မန်ကျည်းသီး**

မန်ကျည်းသီးက ကိုယ်ဝန်ဆောင်ချိန်တွင် ဖြစ်လေ့ဖြစ်ထရှိသည့် မအီမသာဖြစ်ခြင်း၊ ဝမ်းချုပ်ခြင်းနှင့်ကိုယ်ဝန်ဆောင်ချိန် မနက်ခင်းပျို့အန်ခြင်းကဲ့သို့ ဝေဒနာများကိုသက်သာစေသည်။ မန်ကျည်းသီးက အမျှင်ဓာတ်ကြွယ်ဝပြီး အစားစားချင်စိတ်ကို ဖြစ်ပေါ်စေသည့်အပြင် သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုကိုလည်း လှုံ့ဆော်ပေးသည်။

**မန်ကျည်းသီး၏ ဘေးထွက်ဆိုးကျိုးများ**

မန်ကျည်းသီးက ကျန်းမာရေးကို အထောက်အကူပြုမှုရှိသလို ဆိုးကျိုးသက်ရောက်မှုမျိုးများလည်းရှိသည်။ အကိုက်အခဲပျောက်ဆေး၊ Ibuprofen နှင့် သွေးကျဲဆေးမှီဝဲနေရသူများအနေဖြင့် သွေးယိုစီးမှုဖြစ်နိုင်ခြေကိုတိုးစေနိုင်သောကြောင့် မန်ကျည်းသီးကိုလုံးဝမစားသုံးသင့်ပါ။ မန်ကျည်းသီးကို အလွန်အကျွံစားသုံးပါက သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေပြီး သွေးတွင်းသကြားဓာတ်လျော့နည်းခြင်းကို ဖြစ်ပေါ်စေနိုင်သောကြောင့် တစ်ရက်လျှင် မန်ကျည်းသီး ၁၀ ဂရမ်ထက် ပိုမစားသင့်ပါ။

**မန်ကျည်းသီးနှင့် ဓာတ်မတည့်လျှင်ဖြစ်တတ်သော ရောဂါများ**

မန်ကျည်းသီးဓါတ်မတည့်မှုရှိပါက အရေပြားတွင် အနီအပိန့်များထွက်ခြင်း၊ အော့အန်ခြင်းများဖြစ်ပေါ်စေနိုင်ခြင်း၊ မန်ကျည်းသီးတွင် အက်စစ်ဓာတ်ပါသောကြောင့် အလွန်အကျွံစားသုံးမည်ဆိုပါက သွားကြွေလွှာကို ပျက်စီးစေနိုင်ခြင်း၊ သည်းခြေကျောက်တည်ခြင်း၊ သွေးအားနည်းစေနိုင်ခြင်း သံဓာတ်အားနည်းစေပြီး ခေါင်းကိုက်ခြင်း၊ ငြီးစီစီဖြစ်ခြင်းတို့ကို ခံစားရစေနိုင်သည်။ မန်ကျည်းသီးကို မကြာခဏ တသွတ်သွတ်စားသုံးခြင်းဖြင့် အစာခြေစနစ်အတွင်း၌ အက်စစ်ပမာဏများကိုတိုးစေပြီး အစာအိမ်အချဉ်ပေါက်မှုကိုဖြစ်ပေါ်စေနိုင်သည်။ မန်ကျည်းသီးက သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေပြီး သွေးချိုထိန်းညှိမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သောကြောင့် ဆီးချိုရောဂါရှိသူများအနေဖြင့် သွေးတွင်းသကြားဓာတ်ကို သေချာစောင့်ကြည့်ပြီးမှသာ စားသုံးပေးသင့်သည်။

**မန်ကျည်းစေ့တွင်ပါဝင်သော အာဟာရဓာတ်များ**

မန်ကျည်းစေ့တွင် ဖော့စဖရတ်၊ မဂ္ဂနီစီယမ်၊ ဗီတာမင်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ အမိုင်နိုအက်စစ်တို့ ကြွယ်ဝစွာပါဝင်နေသည်။ မန်ကျည်းသီးစေ့၏ အပြင်လွှာက ဝမ်းပျက်ဝမ်းလျှောခြင်းကို သက်သာစေနိုင်သည်။ မန်ကျည်းသီးစေ့တွင် Xyloglycans ပါဝင်နေသောကြောင့် အသားအရေကို ကြည်လင်စေပြီး အရေပြားပြဿနာများကို သက်သာစေနိုင်သည်။

**အဆစ်ရောင်ခြင်းကို သက်သာစေနိုင်ခြင်း**

မန်ကျည်းစေ့သည် နာကျင်ရောင်ရမ်းခြင်းကို သက်သာစေနိုင်ပြီး အဆစ်ရောင်ရောဂါကြောင့် အဆစ်နာခြင်းများကို သက်သာစေနိုင်သည်။ မန်ကျည်းသီးစေ့ကို အမှုန့်ကြိတ်ပြီး လက်ဖက်ရည်ဇွန်းတစ်ဝက်စာကိုတစ်ရက်လျှင် နှစ်ကြိမ်သောက်ပေးခြင်းဖြင့် အဆစ်များတွင်း၌ ချောဆီများဖြစ်ပေါ်စေပြီး အဆစ်နာခြင်းကို သိသာစွာ သက်သာစေနိုင်သည်။

❖ ဝမ်းချုပ်တတ်သူများအနေဖြင့် မန်ကျည်းမှည့်ကိုမန်ကျည်းဖျော်ရည်ပြုလုပ်ပြီး သောက်သုံးပေးပါက ဝမ်းပုံမှန်သွားစေသည်။ နေပူမိပြီး မျက်လုံးများကျိန်းအောင့်နာပါက မန်ကျည်းပင်၏ အခေါက်ကိုသွေး၍ မျက်လုံးတစ်ဝိုက်တွင်ကွင်းပြီးလိမ်းပေးခြင်းဖြင့် မျက်စိနာရောဂါကို သက်သာစေသည်။ မန်ကျည်းပွင့်နှင့် ထန်းလျက်ရောစားပါက သွေးဝမ်းသွားခြင်းကို ရပ်စေနိုင်သည်။ မန်ကျည်းပင်အမြစ်ကို ဆားနှင့်သွေး၍လိမ်းခြင်းဖြင့် ရေယုန်ပေါက်ခြင်းကို သက်သာပျောက်ကင်းစေသည်ဟု မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြထားသည်။ ❖

စာမျက်နှာ ၅ သို့➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၂၀၂၉ ဧကစိုက်ပျိုးမည်



ယခင်နှစ် ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၆၂၀၂၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ကုလားပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၈၃၁ ဧက၊ ခင်ဦးမြို့နယ်တွင် ၂၅၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၄၃၂၇ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၃၃၀ စုစုပေါင်း ၆၂၀၂၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ကုလားပဲ ဧက ၆၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ရာ ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

## အဖွဲ့တွင်မီး

\- လူ့လောကဝယ် မီးပင်လယ်ကို
ခင်တွယ်လာကြ များဒုက္ခနှင့်
သုခတစ်ဖုံ အလုံးစုံအား
ကြုံကာတစ်လှည့် ငိုမဲ့တစ်လီ
ကဲ့ရဲ့စီကာ ချီးမွမ်းလာကြ
မာယာကွန်ရက် ချစ်လျက်တစ်သွယ်
ပြိုင်ဘက်ပြင်းထန် အတွင်းရန်ကား
ပူပန်အတိ ကြုံရဘိ။

\- တစ်ဆယ့်တစ်ပါးမီး ရန်သူကြီးက
အနီးမကွာ ကိုယ်ခန္ဓာမှ
တဏှာလောဘ မိုက်ဒေါသနှင့်
မောဟဇာတိ ဇရာရှိလို့
ပရိဒေဝ မရဏနှင့်
သောကတစ်ဖြာ ဒုက္ခလာပြီး
မသာယာနှလုံး ဒေါမနဿဖုံးကာ
အဆုံးဥပါယာသ မီးတွေခ၏။

\- ပညာမျက်စိ အစဉ်ကြည့်၍
သတိသညာ ကိုယ်ခန္ဓာတွင်
မကွာရှုမှတ် အသိချပ်ကာ
ဝိပဿနာ တရားရှာလို့
သေရွာပါယ်တွင်း ရှောင်ခွာကွင်းဖို့
မပျင်းမရိ ဆင်ခြင်ကြည့်သော်
အသိလမ်းမှန် ပူလောင်ဒဏ်ကို
မခံရကြောင်း ဝိကိုပေါင်းလော့။ ။

ပန်းမာလာ

➤ စာမျက်နှာ ၄ မှ အဆက်

**သွားနှင့်ခံတွင်း ကျန်းမာစေနိုင်ခြင်း**

သွားကိုက်ခြင်း၊ သွားဖုံးနာ ခြင်း၊ သွားတွင် သွားချေးများဖြစ်ပေါ်နေမှုကိုသက်သာစေရန် မန်ကျည်းသီးစေ့အမှုန့်ကိုအသုံးပြုပေး၍ရသည်။ မန်ကျည်းသီးစေ့ကိုလှော်ပြီး ကြိတ်၍ရလာသည့်အမှုန့်နှင့်သွားတိုက်ပေးနိုင်သည်။

**အစာမကြေခြင်းကို သက်သာစေနိုင်ခြင်း**

မန်ကျည်းသီးစေ့က သည်းခြေရည်ထုတ်လုပ်မှုကို တိုးစေနိုင်ပြီး အစာမကြေမှုကို သက်သာစေနိုင်သည်။ အစာအိမ်ပြဿနာရှိခြင်း၊ ဝမ်းချုပ်ခြင်းများနှင့် အစာမကြေခြင်းများကို အထိရောက်ဆုံး သက်သာစေနိုင်မည်ဖြစ်သည်။ မန်ကျည်းသီးစေ့တွင် ကိုလက်စထရောပါဝင်မှုနည်းပြီး ကိုယ်ခံအားကို အကောင်းဆုံးအထောက်အပံ့ပေးနိုင်သည့်အာဟာရဓာတ်များ ပါဝင်နေသောကြောင့် ရောဂါပိုးများစွာမှ ကာကွယ်ပေးနိုင်သည်။

**ဗက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်ခြင်း**

မန်ကျည်းသီးစေ့အမှုန့်ကို ချင်း (ဂျင်း)၊ သစ်ကြံပိုးခေါက်မှုန့်တို့နှင့် ရောစပ်၍ ရေနွေးနွေးနှင့်ဖျော်ပြီး အာလုပ်ကျင်းပေးပါက ခံတွင်းထဲမှ ဗက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်သဖြင့် အအေးမိခြင်းကြောင့်ဖြစ်သည့် ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနှင့်အာသီးရောင်ခြင်းများကို အထိရောက်ဆုံးသက်သာစေနိုင်သည်။

**သွေးချိုကျစေနိုင်ပြီး နှလုံးကျန်းမာစေနိုင်ခြင်း**

မန်ကျည်းစေ့က အင်ဆူလင်ထွက်ရှိမှုကို တိုးစေနိုင်သကဲ့သို့ ပန်ကရိယကို ကျန်းမာစေနိုင်သောကြောင့် သွေးတွင်းသကြားဓာတ်ကို အကောင်းဆုံးထိန်းညှိပေးနိုင်မည်ဖြစ်သည်။ မန်ကျည်းသီးစေ့တွင် ပိုတက်ဆီယမ်ပါဝင်နေသောကြောင့် သွေးတိုးကျစေနိုင်သကဲ့သို့ နှလုံးကျန်းမာစေရန်အတွက်လည်း အကောင်းဆုံးအထောက်အပံ့ပေးနိုင်သည်။

**အနာကျက်မြန်စေနိုင်ခြင်း**

မန်ကျည်းသီးစေ့ကို ခပ်ပျစ်ပျစ်သွေးပြီး အရိုးကျိုးသည့်နေရာတွင် ခပ်ထူထူလေးလူးပေးခြင်းဖြင့် အရိုးမြန်မြန်ဆက်စေရန် အထောက်အကူပြုပေးနိုင်သည်။ ထိခိုက်ရှနာဖြစ်သည့်အခါ အနာကျက်မြန်စေရန်အတွက် မန်ကျည်းသီးစေ့ကို အသုံးပြုပေး၍ရပြီး မန်ကျည်းပင်အခေါက်ကိုလည်း သွေးလူးပေးနိုင်သည်။ ပိုးကောင်ကိုက်သည့်အခါ မန်ကျည်းသီးစေ့ကို သွေးလူးပေးခြင်းဖြင့် အရောင်ကျစေနိုင်သလို အနာသက်သာစေနိုင်သည်။

**မန်ကျည်းစေ့အသုံးမပြုသင့်သူများ**

မန်ကျည်းစေ့နှင့်ဓာတ်မတည့်သူများ၊ ရောဂါအခံရှိသူများ၊ ကျန်းမာရေးပြဿနာတစ်ရပ်ရပ်အတွက် ဆေးသောက်နေရသူများ၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်များနှင့် ကလေးများအနေဖြင့် ဆရာဝန်နှင့် တိုင်ပင်ပြီးမှအသုံးပြုသင့်သည်။ မန်ကျည်းစေ့က ဆေးဖက်ဝင်သည်မှာ မှန်သော်လည်း ပမာဏအများကြီးအသုံးပြုခြင်း၊ အလွန်အကျွံအသုံးပြုခြင်းများမလုပ်မိရန်လိုသည်။

နိဂုံးချုပ်အနေဖြင့် အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ အမြစ်စသဖြင့် မန်ကျည်းတစ်ပင်လုံးသည် အဖိုးတန်အသုံးဝင်သကဲ့သို့ ဆေးဖက်အလွန်ဝင်ခြင်းတို့ကြောင့် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်စေရန် ဆေးဖက်ဝင်မန်ကျည်းသီး၊ မန်ကျည်းစေ့စသည်တို့ကို အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သင့်တင့်မျှတစွာ စားသုံးသင့်ပါကြောင်း ရေးသားလိုက်ပါသည်။

# ပင်းတယမြို့နယ် လယ်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စစ်ဆေး

**ပင်းတယ ဩဂုတ် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်ရှည်ကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးအောင်လွင်ဦး၊ ပင်းတယမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် တာဝန်ရှိသူများက လယ်ပြင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၂၀ကို အသင်းသား၊ အသင်းသူ ၃၇ ဦးကို ထုတ်ချေးပေးထားကြောင်း သိရသည်။

သော်ဇင်ထူး

# နိုင်ငံတကာ သတင်းများ

## ပေထုန်တန်ရှင်နာဝပ်ကို ဝန်ကြီးချုပ်ရာထူးမှ ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး ဖယ်ရှား

**ဗန်ကောက် ဩဂုတ် ၂၉**

ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ကို ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ယနေ့တွင် ရာထူးမှ ဖယ်ရှားခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏အသက်အငယ်ဆုံး ဝန်ကြီးချုပ်အဖြစ် မှတ်တမ်းဝင်သူ ပေထုန်တန်ရှင်နာဝပ်သည် ဝန်ကြီးချုပ်ရာထူးရယူပြီး တစ်နှစ်အကြာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ရာထူးမှဖယ်ရှားခံခဲ့ရခြင်းဖြစ်သည်။

ပေထုန်တန်ရှင်နာဝပ် အနေဖြင့် ယခုနှစ်မေလအတွင်း ကမ္ဘောဒီးယားခေါင်းဆောင် ဟွန်ဆန်နှင့် ဖုန်းခေါ်ဆို ဆွေးနွေးရာတွင် ကျင့်ဝတ် ဖောက်ဖျက်မှုများ ကျူးလွန်ခဲ့ကြောင်း ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ စီရင်ချက်တွင် ဖော်ပြထားသည်။

ပေထုန်တန်ရှင်နာဝပ်သည် ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား နယ်စပ်ပဋိပက္ခများ မဖြစ်ပွားမီ ကမ္ဘောဒီးယားခေါင်းဆောင်နှင့် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ပြင်ပသို့ ပေါက်ကြားခဲ့သည့် အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲ အသံဖိုင်တွင် ပေထုန်တန်ရှင်နာဝပ်သည် ကမ္ဘောဒီးယားခေါင်းဆောင် ဟွန်ဆန်ကို ရိုရိုကျိုးကျိုးဆက်ဆံခဲ့ကြောင်း သိရသည်။

ပေထုန်တန်ရှင်နာဝပ် သည် ထိုင်းဖွဲ့စည်းပုံ အခြေခံဥပဒေတရားရုံး၏ ဖယ်ရှားမှုခံခဲ့ရသော ပဉ္စမမြောက် ထိုင်းဝန်ကြီးချုပ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ရုရှားနှင့်တရုတ် ရေငုပ်သင်္ဘောများ ပထမဆုံးအကြိမ် ပူးတွဲကင်းလှည့်မှုပြုလုပ်




**မော်စကို ဩဂုတ် ၂၉**

ရုရှားနှင့် တရုတ် ရေငုပ်သင်္ဘောများသည် အာရှ-ပစိဖိတ်ဒေသ၌ ပထမဆုံးအကြိမ်အဖြစ် ပူးတွဲကင်းလှည့်မှုများ ပြုလုပ်ခဲ့ကြောင်း ရုရှားရေတပ်က ဩဂုတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် တရုတ်ရေတပ်များမှ ဒီဇယ်-လျှပ်စစ်စွမ်းအင်သုံးတိုက်ပွဲဝင်ရေငုပ်သင်္ဘောများသည်၎င်းတို့၏ ပထမဆုံးပူးတွဲကင်းလှည့်မှုကို ဩဂုတ်လအစောပိုင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားရေတပ် ပစိဖိတ်ရေတပ်အုပ်စု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါပူးတွဲကင်းလှည့်မှုများကို ဂျပန်ပင်လယ်၌ ပြုလုပ်ခဲ့သည့် ရုရှားနှင့်တရုတ် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများ ပြီးဆုံးချိန်တွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားရေတပ်က အတည်ပြုထားသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ရှေးယခင်က ပူးတွဲရေတပ်ကင်းလှည့်မှုများ ပြုလုပ်ခဲ့ဖူးသော်လည်း စစ်သင်္ဘောများဖြင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးမှာ မကြာသေးမီနှစ်များအတွင်း ခိုင်မာအားကောင်းလာခဲ့ပြီး လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများလည်း မြင့်တက်လာခဲ့သည်။

ရုရှားရေတပ်၏ အဆိုအရ နှစ်နိုင်ငံရေငုပ်သင်္ဘောများ ပူးတွဲကင်းလှည့်မှုကို ဂျပန်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်တို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီရန်အပေါ် ကုလသမဂ္ဂအရေးယူမှုများ ပြန်လည်ပြဋ္ဌာန်းမည့် ဥရောပနိုင်ငံများ၏ဆုံးဖြတ်ချက် ရုရှားနိုင်ငံဝေဖန်

**မော်စကို ဩဂုတ် ၂၉**

နျူကလီးယား အစီအစဉ်များအတွက် အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂ အရေးယူပိတ်ဆို့မှုများ ပြန်လည်ပြဋ္ဌာန်းရေး လုပ်ငန်းစဉ်ကို စတင်ရန် ဆုံးဖြတ်ခဲ့သည့်အတွက် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့ကို ရုရှားနိုင်ငံက ယနေ့တွင် ဝေဖန်ရှုတ်ချခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက်ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့သည် အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂ အရေးယူပိတ်ဆို့မှုများ ပြန်လည်ပြဋ္ဌာန်းရေးဆိုင်ရာလုပ်ငန်းစဉ်ကို စတင်ရန် ဩဂုတ် ၂၈ ရက်တွင် ဆုံးဖြတ်ခဲ့ကြသည်။

၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်သည် အီရန်၏ နျူကလီးယားလက်နက်တည်ဆောက်နိုင်စွမ်းကို ကန့်သတ်ရေးအတွက် အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံတို့ကြား ရယူခဲ့သည့် သဘောတူညီချက်ဖြစ်သည်။

ယင်း သဘောတူညီချက်၌ ပါဝင်လက်မှတ် ရေးထိုးထားသော ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံထဲတွင် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့လည်း ပါဝင်သည်။

အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂ အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်သည့် ဥရောပနိုင်ငံများ၏ လုပ်ရပ်ကို မိမိတို့အနေဖြင့် ပြင်းထန်စွာရှုတ်ချကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက် ပျက်ပြားခဲ့ရမှုအတွက်လည်းရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများကို အပြစ်တင်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## လေကြောင်းပြပွဲအတွက် လေ့ကျင့်နေသော ပိုလန်လေတပ် တိုက်လေယာဉ်ပျက်ကျ

**ဝါဆော ဩဂုတ် ၂၉**

ပိုလန်နိုင်ငံ အလယ်ပိုင်းရာဒမ်မြို့၌ကျင်းပမည့် လေကြောင်းပြပွဲတစ်ပွဲ၌ သရုပ်ပြပျံသန်းရေးအတွက် လေ့ကျင့်နေသည့်ပိုလန်လေတပ်မှ အက်ဖ်-၁၆ တိုက်လေယာဉ်တစ်စင်း ဩဂုတ် ၂၈ ရက်တွင် ပျက်ကျခဲ့ကြောင်း သိရသည်။

အက်ဖ်-၁၆ တိုက်လေယာဉ် ပျက်ကျမှုကြောင့် လေယာဉ်မှူးသေဆုံးခဲ့ရသော်လည်း မြေပြင်၌မည်သူ တစ်ဦးတစ်ယောက်မျှ အထိအခိုက်မရှိခဲ့ကြောင်း ပိုလန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ပျက်ကျခဲ့သည့်တိုက်လေယာဉ်မှာ ပိုလန်လေတပ် အမှတ် (၃၁) နည်းဗျူဟာ လေတပ်စခန်းမှ တိုက်လေယာဉ် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အက်ဖ်-၁၆ တိုက်လေယာဉ်သည် လေကြောင်းပြပွဲ ပြုလုပ်မည့် ရာဒမ်မြို့လေယာဉ်ကွင်းပေါ်သို့ ပျက်ကျခဲ့ရခြင်းဖြစ်သည်။

တိုက်လေယာဉ် ပျက်ကျမှုကြောင့် လေယာဉ်ကွင်းပြေးလမ်း ပျက်စီးခဲ့ရသည်။

အဆိုပါ လေယာဉ်ပျက်ကျမှု ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် ပိုလန်တာဝန်ရှိသူများက ရာဒမ်မြို့ လေကြောင်းပြပွဲ ကျင်းပရေး အစီအစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် အရွယ်ရောက်နိုင်ငံသားတိုင်းကို ဗီယက်နမ်အစိုးရ ငွေကြေးဝေငှမည်

**ဟန္နိုင်း ဩဂုတ် ၂၉**

စက်တင်ဘာ ၂ ရက်၌ ကျရောက်မည့် ဗီယက်နမ်အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် အရွယ်ရောက်နိုင်ငံသားတိုင်းကို တစ်ဦးလျှင် ဗီယက်နမ်ဒေါင်ငွေ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဒေါ်လာ)စီပေးဝေမည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရက သတင်းထုတ်ပြန်ထားသည်။

အဆိုပါငွေများကို အရွယ်ရောက် ပြည်သူတစ်ဦးချင်းထံ ဘဏ်စာရင်းမှတစ်ဆင့် ပေးအပ်ခြင်း၊ ငွေသားဖြင့်ပေးအပ်ခြင်းများ ပြုလုပ်မည်ဖြစ်ပြီး စက်တင်ဘာ ၂ ရက်မတိုင်မီ အပြီးသတ်ပေးဝေမည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။



အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ငွေကြေးဝေငှမည့်အစီအစဉ်သည် ကွန်မြူနစ်ပါတီနှင့်နိုင်ငံတော်တို့က ပြည်သူများအပေါ် ထားရှိသည့်စေတနာကို ပြသနေကြောင်း ဗီယက်နမ်အစိုးရက ပြောကြားထားသည်။

အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် အရွယ်ရောက်နိုင်ငံသားတိုင်းကို ငွေကြေးဝေငှမည့် အစီအစဉ်အတွက် ဗီယက်နမ်အစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၃၈၀ ထိ သုံးစွဲရမည်ဖြစ်သည်။


စက်တင်ဘာ ၂ ရက် ဗီယက်နမ်အမျိုးသားနေ့တွင် ဟန္နိုင်းမြို့နှင့် ဟိုချီမင်းမြို့များ၌ အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များက အခမဲ့ပြေးဆွဲမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က 31/ATLAS ကြယ်တံခွန်ကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးခဲ့



**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယို တယ်လီစကုပ်သည် 31/ATLAS ကြယ်တံခွန်ကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း ဩဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယို တယ်လီစကုပ်သည် 31/ATLAS ကြယ်တံခွန်ကို NIRspec အမည်ရှိ ကင်မရာစနစ်ဖြင့်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်ပြီး ဇူလိုင် ၁ ရက်တွင် ပထမဆုံးအကြိမ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်သည် အဆိုပါကြယ်တံခွန်ကို ပထမဆုံးအကြိမ် လေ့လာခဲ့ခြင်းဖြစ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာ၏ အခြားအာကာသ အခြေစိုက် တယ်လီစကုပ်များဖြစ်ကြသည့် ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်နှင့် SPHEREx အာကာသရေဒီယို တယ်လီစကုပ်များသည် 31/ATLAS ကြယ်တံခွန်ကို လေ့လာခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်မတိုင်မီ နေအဖွဲ့အစည်းအတွင်း ဝင်ရောက်ခဲ့သည့် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်များမှာ အိုမူအာမူအာ ဂြိုဟ်သိမ်နှင့် 21/Borisov အမည်ရှိ ကြယ်တံခွန်တို့ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တစ်မီတာအရှည်ရှိ ဆူးတောင်များပိုင်ဆိုင်ထားသော ဒိုင်နိုဆောမျိုးစိတ် ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များ တွေ့ရှိထား


**လန်ဒန် ဩဂုတ် ၂၉**

လည်ပင်း ပတ်ပတ်လည်၌ တစ်မီတာအရှည်ရှိ ဆူးတောင်များ ပိုင်ဆိုင်ထားသည့် ထူးဆန်းသော ဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

Spicomellus Afer ဟူ၍ အမည်ပေးထားသည့် အဆိုပါ ဒိုင်နိုဆောမျိုးစိတ် ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်သိပ္ပံပညာရှင်များက မော်ရိုကိုနိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၆၅ သန်းက ရှင်သန်ကျက်စားခဲ့ကြသည့် Sicomellus Afer ဒိုင်နိုဆောသည် Ankylosaurs ခေါ် ဆူးတောင်ပါ ဒိုင်နိုဆောမျိုးစိတ်၏ ရှေးအကျဆုံးမျိုးစိတ်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Spicomellus Afer ဒိုင်နိုဆော၏ ဆူးတောင်ရှည်ကြီးများသည် လည်ပင်းရိုးနှင့် တိုက်ရိုက်ချိတ်ဆက်နေသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။



Spicomellus Afer ဒိုင်နိုဆောများသည် ရှာဖွေတွေ့ရှိဖူးသမျှ ဒိုင်နိုဆောများအနက် အထူးဆန်းဆုံး ဒိုင်နိုဆောများဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အဆိုပါ ဒိုင်နိုဆောမျိုးစိတ်ကို လေ့လာခြင်းဖြင့် Ankylosaurs ဆူးတောင်ပါ ဒိုင်နိုဆောများ မည်သို့ဆင့်ကဲပြောင်းလဲလာသည်ကို နားလည်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

Ref : Sputnik News

Trs : KKO

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ဩဂုတ် ၂၇ ရက်တွင် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂၈ ရက်သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၈ စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ်ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

၎င်းမစ်ရှင်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်းသက်မှုသည် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့်ပင်မဒုံးယာဉ်များ၏ အကြိမ် ၄၀၀ မြောက် အောင်မြင်စွာ ပြန်လည်ဆင်းသက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂၇ ရက် စတင်းလင့်ခ်မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၀၈ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## Orforglipron ကိုယ်အလေးချိန်လျှော့ချရေး သောက်ဆေးက ကိုယ်အလေးချိန်ကို ထိရောက်စွာလျှော့ချနိုင်

**နယူးယောက် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် Eli Lilly ကုမ္ပဏီ၏ Orforglipron ကိုယ်အလေးချိန် လျှော့ချရေး သောက်ဆေးသည် လက်တွေ့စမ်းသပ်မှုရလဒ်များအရ ကိုယ်အလေးချိန်ကို ထိရောက်စွာ လျှော့ချပေးနိုင်ကြောင်း ဩဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

နောက်ဆုံးအဆင့် စမ်းသပ်မှုရလဒ်များအရ Orforglipron အမည်ရှိ အဆိုပါသောက်ဆေးသည် စမ်းသပ်မှုတွင်ပါဝင်သူများ၏ ကိုယ်အလေးချိန်ကို တစ်နှစ်တာကာလအတွင်း ၁၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း သိရသည်။

ထို့ပြင် Orforglipron ဆေးသည် စမ်းသပ်မှုတွင်ပါဝင်သူများ၏ သွေးအတွင်းကိုလက်စထရောပါဝင်မှုအဆင့်နှင့် သွေးဖိအားတို့ကိုလည်း လျှော့ချပေးနိုင်ခဲ့သည်ဟု Eli Lilly ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Orforglipron သောက်ဆေးသည် Ozempic နှင့် Wegovy ထိုးဆေးများကဲ့သို့ပင် GLP-1 Receptor မော်လီကျူးကို ထိန်းချုပ်ခြင်းဖြင့် ကိုယ်အလေးချိန်ကိုလျှော့ချပေးနိုင်ကြောင်း သိရသည်။

နောက်ဆုံး ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုတွင် Orforglipron သောက်ဆေး၏ ကိုယ်အလေးချိန်ကို သီတင်းပတ် ၇၂ ပတ်အတွင်း ၂၂ ဒသမ ၉ ပေါင်ထိ လျှော့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တိရစ္ဆာန်ထွက် ပရိုတင်းဓာတ်စားသုံးခြင်းဖြင့် ကင်ဆာကြောင့် သေဆုံးမှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိ

**အော့တဝါ ဩဂုတ် ၂၉**

တိရစ္ဆာန်ထွက် ပရိုတင်းဓာတ်စားသုံးခြင်းဖြင့် ကင်ဆာရောဂါနှင့် ဆက်စပ်နေသည့် သေဆုံးမှုများကို အကာအကွယ် ပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၂၈ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ကနေဒါနိုင်ငံ အော့တဝါ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တိရစ္ဆာန်ထွက် ပရိုတင်းဓာတ်သည် ကင်ဆာရောဂါနှင့် ဆက်စပ်နေသော သေဆုံးမှုများကို ကာကွယ်ပေးနိုင်သည့် ဂုဏ်သတ္တိရှိကြောင်း သိရသည်။

ကနေဒါ သုတေသနပညာရှင်များသည် အသက် ၁၉ နှစ်နှင့်အထက် အရွယ်ရောက်သူ ၁၉၀၀၀ တို့၏ တိရစ္ဆာန်ပရိုတင်း၊ အပင်ပရိုတင်းစားသုံးမှုအဆင့်နှင့် ကျန်းမာရေး အချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ တိရစ္ဆာန်ပရိုတင်းကို ပိုမိုစားသုံးခြင်းဖြင့် ကင်ဆာရောဂါကြောင့် သေဆုံးနိုင်ခြေ မြင့်တက်လာနိုင်ခြင်းမရှိကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် တိရစ္ဆာန်ထွက်ပရိုတင်း ပိုမိုစားသုံးမှုသည် ကင်ဆာရောဂါများကြောင့်သေဆုံးမှုကို အထိုက်အလျောက်တားဆီးပေးနိုင်ကြောင်းလည်း ကနေဒါ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ တိရစ္ဆာန်ထွက် ပရိုတင်းများကို စားသုံးမှုမှာ ကင်ဆာရောဂါကြောင့် သေဆုံးနိုင်ခြေမြင့်တက်လာနိုင်မှုနှင့် ဆက်စပ်မှုမရှိကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# လိုက်ပ်ဇစ်တောင်ပံကစားသမား ဆိုင်မွန်ကို စပါးအသင်းက ယူရို သန်း ၆၀ ဖြင့် ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၉**

စပါးအသင်းသည် မြို့ခံ ပြိုင်ဘက် ချဲလ်ဆီးအသင်းနှင့် နှစ်ဖက်သဘောတူညီမှု ရရှိထားသည့် တောင်ပံကစားသမား ဆိုင်မွန်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ဖြင့် ကြားဖြတ်ခေါ်ယူနိုင်ခဲ့ပြီးနောက် ကစားသမားအနေဖြင့် ဆေးစစ်မှုခံယူရန် ပြင်ဆင်နေကြောင်း သိရသည်။

စပါးအသင်းသည် လက်ရှိ အပြောင်းအရွှေ့ ကာလတွင် ကွင်းလယ် တိုက်စစ်အတွက် နော်တင်ဟမ်အသင်းမှ ဂစ်ဗိုက်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း နော်တင်ဟမ်အသင်းက စာချုပ်သက်တမ်း တိုးခဲ့သောကြောင့် ခေါ်ယူနိုင်ခြင်းမရှိခဲ့သဖြင့် ပဲလေ့စ်အသင်း တောင်ပံကစားသမား အက်ဇီကို ထပ်မံခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့ပြီး အပြီးသတ်ဆွေးနွေးမှုများပြုလုပ်ချိန်တွင် ကစားသမားအနေဖြင့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သောကြောင့် လက်လျှော့ခဲ့ရသည်။

လက်ရှိတွင် နည်းပြ ဖရန့်က ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူရမည့် မက်ဒီဆင်နေရာတွင် အစားထိုးနိုင်မည့် ကစားသမားတစ်ဦး ရှာဖွေလျက်ရှိရာ ဆိုင်မွန်သည် နည်းပြလိုအပ်ချက်နှင့် ကိုက်ညီနေသည့်အတွက် ချဲလ်ဆီးအသင်းနှင့် သဘောတူညီမှုရယူထားသော်လည်း ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ဖြင့် ကြားဖြတ်၍ အပြီးသတ် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဆိုင်မွန်သည် လိုက်ပ်ဇစ်အသင်းတွင် ပြိုင်ပွဲစုံ ၇၈ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၄ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သူဖြစ်ပြီး နိုင်ငံ့လက်ရွေးစင် နယ်သာလန် အသင်းတွင်လည်း ပြိုင်ပွဲစုံ ၂၈ ပွဲထိ ပါဝင်ကစားခဲ့သူဖြစ်သည်။

စပါးအသင်းသည် ယနေ့တွင် ဆိုင်မွန်ကို ဆေးစစ်မှုပြုလုပ်ပြီးပါက အပြီးသတ်စာချုပ်ချုပ်ဆို၍ ကစားသမား မှတ်ပုံတင်သွင်းသွားမည်ဖြစ်ပြီး လာမည့်ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် ကစားသမားစာရင်း၌ထည့်သွင်းနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ဘက်ဆစ်တပ်အသင်းက ကွန်ဖရင့်လိဂ် ဒုတိယအကျော့တွင် လူဆာနီအသင်းကို အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ပြီးနောက် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး တစ်ဂိုးဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသောကြောင့် အသင်းတာဝန်ရှိသူများက ပြိုင်ပွဲအပြီးတွင် နည်းပြဆိုးရှားကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။
- နည်းပြ ဒီလာဖူအန်တီ ထုတ်ပြန်ခဲ့သည့် စပိန်အသင်း လူစာရင်းတွင် ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာသည့် ကာဗာဂျယ်နှင့် ဟူအီဆန်တို့ ပါဝင်လာခဲ့သော်လည်း ဖရန်ဂါစီယာ၊ ကာရီးရက်စ်နှင့် ဂွန်ဇာလိုဂါစီယာတို့ ကစားသမား အသင်းမှ ချန်လှပ်ခံရကြောင်း သိရသည်။
- အာဆင်နယ်အသင်းက လေဗာကူဆင်အသင်း ခံစစ်ကစားသမား ဟင်ကာပီကို တစ်ရာသီ အငှားစာချုပ်ဖြင့်ခေါ်ယူရန် နီးစပ်နေပြီးစာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့် ပါရှိခဲ့ကြောင်း သိရသည်။

ML

# ဥရောပဘောလုံးအဖွဲ့ချုပ်၏ Special Award ဆုကို ချဲလ်ဆီးအသင်း ဆွတ်ခူး




**လန်ဒန် ဩဂုတ် ၂၉**

ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ လက်ရှိဘောလုံးရာသီ ချန်ပီယံလိဂ် ပြိုင်ပွဲအတွက် ပွဲစဉ် ရေးဆွဲပွဲ အခမ်းအနားတွင်ဥရောပဘောလုံး အဖွဲ့ချုပ်က ချဲလ်ဆီးအသင်းကို Special Award ဆုအား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြ မာရက်စ်ကာ လက်အောက်တွင် ပုံစံကောင်းများ ရရှိခဲ့ပြီး ယူရိုပါ ကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဥရောပ အဆင့်ပြိုင်ပွဲအားလုံးတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ဥရောပ အဆင့်ပြိုင်ပွဲများအဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ယူရိုပါလိဂ်ပြိုင်ပွဲနှင့် ကွန်ဖရန့်လိဂ်ပြိုင်ပွဲတို့တွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဥရောပ အဆင့်ပြိုင်ပွဲတွင် ချန်ပီယံဆု အားလုံး ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း အနေဖြင့် ဥရောပအဆင့်ပြိုင်ပွဲများ အားလုံးတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အတွက် ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ ပထမဆုံး Special Award ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ပွဲစဉ်များအဖြစ် ဘိုင်ယန်မြူးနစ်အသင်း၊ ဘင်ဖီကာအသင်း၊ ဘာစီလိုနာအသင်း၊ အတ္တလန်တာအသင်း၊ နာပိုလီအသင်း၊ ပါဖို့အသင်း၊ ကွာရာဘတ်အသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# FM Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ရှာအော့ဖ်၊ ကင်မ်စီယန်းနှင့် ကော့ပက်ဇ်တို့ ပူးတွဲဦးဆောင်

**မက်ဆာချူးဆက် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်တွင် ကျင်းပနေသည့် FM Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်မယ်ရှာအော့ဖ်၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်စီယန်းနှင့် အမေရိကန်ဂေါက်သီးရိုက်မယ် ကော့ပက်ဇ်တို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ် ဂေါက်သီးရိုက်မယ် မီရန်ဒါဝမ်က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်ပြီး ကမ္ဘာ့အဆင့်(၂)နေရာ၌ ရပ်တည်နေသည့် နယ်လီကော့ဒါ အပါအဝင် ပြိုင်ပွဲဝင် ရှစ်ဦးထိ သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲ ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲဝင်များကြား ရိုက်ချက်ကွာဟချက် ကျဉ်းမြောင်းပြီး နာမည်ကြီး ကစားသမားအများစု ရလဒ်ကောင်းခဲ့ကာ ချန်ပီယံကို စိန်ခေါ်ထားနိုင်သည့် အခြေအနေတွင် ရပ်တည်နေသည်။

ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသည့် နယ်လီကော့ဒါသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ကမ္ဘာ့အဆင့်(၁)နေရာကို ဖယ်ပေးခဲ့ရပြီး ကမ္ဘာ့အဆင့်(၂)နေရာသို့ ကျဆင်းခဲ့ရကာ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည် ရယူနိုင်ရေးအတွက် FM Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည်။

နယ်လီကော့ဒါက "အမှားတချို့ရှိခဲ့ပေမဲ့လဲ ခြုံကြည့်ရင် တစ်ရက်လုံးအတိုင်းအတာနဲ့ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က Solid ဖြစ်ခဲ့ပါတယ်။ ဘာတွေ ဘယ်လိုကြောင့်မှားခဲ့တယ်ဆိုတာကတော့ အကြောင်းပြချက် မပေးလိုတော့ပါဘူး။ ဒီပြိုင်ပွဲမှာကစားရတာ အတွေ့အကြုံအသစ်တွေရတယ်။ ဂေါက်ကွင်းတွေကလဲ အရမ်းကောင်းပါတယ်။ ဖလော်ရီဒါမှာရှိတဲ့ ဂေါက်ကွင်းတွေက သိပ်မကောင်းဘူး။ သဲတွေအရမ်းများတဲ့အတွက် ကစားရတာခက်တယ်။ ဒီမှာတော့ ကစားရတာအရမ်းပြေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နယူးကာဆယ်အသင်းက စတုဂတ်တိုက်စစ်မှူး ဝိုလ်တီမာဒီကို ခေါ်ယူရန် သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၂၉**

နယူးကာဆယ်အသင်းသည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသည့် တိုက်စစ်မှူး အစ်ဆက်ခ်နေရာတွင် အစားထိုးရန်အတွက် စတုဂတ်အသင်း တိုက်စစ်မှူး ဝိုလ်တီမာဒီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၄ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့သည်။

ဝိုလ်တီမာဒီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဝါဒါဘရီမင်အသင်းမှ စတုဂတ်အသင်းသို့ ပြောင်းရွှေ့ခဲ့ရာ အသင်းတွင် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အပြင် အသင်းကို ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်း သွင်းဂိုး ၁၂ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းက အသင်းနှင့်ပူးပေါင်းရန် ငြင်းဆိုခဲ့ပြီး လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူး အစ်ဆက်ခ်နေရာတွင် ဝိုလ်တီမာဒီကို ခေါ်ယူ၍ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့ခြင်းဖြစ်သကဲ့သို့ ကစားသမားကိုယ်တိုင်ကလည်း အသင်းမှ ထွက်ခွာရန် အသင်းဖော်များကို နှုတ်ဆက်စကားဆိုခဲ့သည်။




စတုဂတ်အသင်းသည် ယခု အပြောင်းအရွှေ့ ကာလတွင် တိုက်စစ်မှူး ဝိုလ်တီမာဒီကို ကမ်းလှမ်းလာသည့်ဘိုင်ယန်မြူးနစ်အသင်းအပါအဝင် ထိပ်သီးကလပ်အသင်းသုံးသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီး နယူးကာဆယ်အသင်းက ကစားသမားအတွက် ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၄ သန်းအပါအဝင် အပိုဆုကြေး ငါးသန်းဖြင့် ကမ်းလှမ်းခဲ့ရာ ရောင်းချရန် သဘောတူခဲ့ကြောင်း သိရသည်။

Ref : Bundesliga

Trs : ML

## FIFA ၊ MFF Regional Training Center ဖွင့်လှစ်ရန် အသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီးကစားသမား ရွေးချယ်ပွဲများကျင်းပမည်




ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ မျိုးဆက်သစ် ကစားသမားများ ပေါ်ထွက်လာရေးအတွက် နယ်မြေဒေသများတွင် လေ့ကျင့်ရေးစင်တာများ ဖွင့်လှစ်ကာ ဘောလုံးအားကစားဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်သည်။

Regional Training Center ဒေသအလိုက်လေ့ကျင့်ရေးစင်တာများကို မော်လမြိုင်၊ နေပြည်တော်၊ ကချင်၊ မန္တလေး၊ တောင်ကြီးနှင့် ဧရာဝတီတို့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသက် ၁၄ နှစ်အောက် အမျိုးသားအမျိုးသမီး ကစားသမားများကို လူရွေးချယ်ပွဲများပြုလုပ်ကာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

မော်လမြိုင်မြို့ ပြည်နယ်အားကစားကွင်းတွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်ထိလည်းကောင်း၊ နေပြည်တော်တွင် စက်တင်ဘာ ၂ ရက်မှ ၃ ရက်ထိလည်းကောင်း၊ မန္တလေးတွင် စက်တင်ဘာ ၅ ရက်မှ ၆ ရက်ထိလည်းကောင်း၊ တောင်ကြီးတွင် စက်တင်ဘာ ၈ရက် မှ ၉ ရက်ထိလည်းကောင်း၊ ကချင်ပြည်နယ်အားကစားကွင်းတွင် စက်တင်ဘာ ၈ ရက် မှ ၉ ရက်ထိလည်းကောင်း၊ ဧရာဝတီတွင် စက်တင်ဘာ ၁၃ ရက်မှ၁၄ရက်ထိလည်းကောင်းအသက် ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ကစားသမား ရွေးချယ်ပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

လာရောက် ရွေးချယ်ခံမည့် ကစားသမားများအနေဖြင့် အသေးစိတ် အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များဖြစ်သည့် ဧရာဝတီ- 09422588007၊ နေပြည်တော်- 09682777024၊မန္တလေး- 0944084066၊ တောင်ကြီး- 09454639500၊မော်လမြိုင်-094252 71983၊ ကချင် - 09764320047တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

STA

## ဇီနာဘာချီအသင်းက နည်းပြမော်ရင်ဟိုကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

အစ္စတန်ဘူလ် ဩဂုတ် ၂၉

ဖီနာဘာချီ အသင်းသည် ချန်ပီယံလိဂ် ခြေစစ်ပွဲနောက်ဆုံးအဆင့်တွင် ဘင်ဖီကာအသင်းကို ရှုံးနိမ့်ခဲ့ပြီး နှစ်ရက်အကြာတွင် နည်းပြမော်ရင်ဟိုကို ရာထူးမှ ထုတ်ပယ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ ပထမအကျော့တွင် အသင်းအနေဖြင့် အိမ်ကွင်း၌ ဂိုးမရှိ သရေရလဒ် ကစားနိုင်ခဲ့သော်လည်း ဒုတိယအကျော့ ဘင်ဖီကာအသင်း အိမ်ကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ချန်ပီယံလိဂ်ကစားခွင့်နှင့် လွဲချော်ခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲသာ ကစားရမည်ဖြစ်သည်။

သို့သော် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိရန် မျှော်မှန်းထားသည့် အသင်းတာဝန်ရှိသူများက ဝင်ခွင့်နှင့်လွဲချော်ခဲ့သည့် နည်းပြမော်ရင်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုသည် ၂၀၂၄ ခုနှစ်က ဖီနာဘာချီအသင်းကို စတင် တာဝန်ယူချိန်ကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် play-off အဆင့်မှ ကစားရသော်လည်း လိုင်လီအသင်းကို ရှုံးနိမ့်ခဲ့သဖြင့် ယှဉ်ပြိုင်ခွင့်မရခဲ့ဘဲ ယူရိုပါလိဂ်ပြိုင်ပွဲသာ ကစားခဲ့ရကာ အဆိုပါပြိုင်ပွဲတွင်လည်း ၁၆ သင်းအဆင့်တွင် ရိန်းဂျားအသင်းကိုပင်နယ်တီအဆုံးအဖြတ်ဖြင့်ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အသင်းအနေဖြင့် နည်းပြမော်ရင်ဟို တာဝန်ယူချိန်တွင် အမှတ်ပေးပြိုင်ပွဲ၌ ချန်ပီယံဆုအတွက် ဂလာတာစာရေးအသင်းနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပြီး ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၂)နေရာ၌သာ ရပ်တည်နိုင်ခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲကို play-offအဆင့်မှကစားခဲ့ရသည်။

တူကီယဲစူပါလိဂ်တွင် ပြီးခဲ့သည့်ကြာသပတေးနေ့က ဘက်ဆစ်တပ်အသင်းက နည်းပြဆိုးရှားကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ဖီနာဘာချီ အသင်းကလည်း နည်းပြမော်ရင်ဟိုကို ယနေ့တွင် ထုတ်ပယ်ခဲ့သဖြင့် အဆိုပါပြိုင်ပွဲတွင် ဒုတိယမြောက် ထုတ်ပယ်ခံရသည့် ထိပ်တန်းနည်းပြဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## US Open တင်းနစ်ပြိုင်ပွဲဒုတိယအဆင့်တွင် ဂျန်နစ်ခ်ဆင်နာက ပိုပရင်ကို အနိုင်ရရှိ

နယူးယောက် ဩဂုတ် ၂၉

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဩစတြေးလျတင်းနစ်ကစားသမားပိုပရင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၃၊ ၆-၂၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဂျန်နစ်ခ်ဆင်နာသည် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရပြီး လက်ရှိချန်ပီယံတစ်ဦးဖြစ်ကာ ချန်ပီယံဆုကိုကာကွယ်နိုင်ရန် ရေပန်းစားနေသည့်အတိုင်း အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သည်။

ပိုပရင်သည် ယခုနှစ်တင်းနစ်ရာသီတွင် စွမ်းဆောင်ရည်ပိုင်း တိုးတက်နေသည့် တင်းနစ်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၄ ခုနှစ် US Open တင်းနစ်ပြိုင်ပွဲတွင်လည်းတတိယအဆင့်၌ ဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့သူ တစ်ဦးလည်းဖြစ်သည်။

US Open တင်းနစ်ပြိုင်ပွဲများတွင် မှတ်တမ်းကောင်းများပိုင်ဆိုင်ထားသည့် ပိုပရင်အနေဖြင့် ဂျန်နစ်ခ်ဆင်နာကို အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်ခဲ့သော်လည်း ဂျန်နစ်ခ်ဆင်နာက အမှားအယွင်းမရှိ အကောင်းဆုံးကစားနိုင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "ဒီပွဲစဉ်မှာတော့ ကျွန်တော်တို့နှစ်ယောက်စလုံးစပေးဘောတွေသိပ်မကောင်းခဲ့ကြပါဘူး။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ ကျွန်တော့်အနေနဲ့ စပေးဘောတွေ ပြန်ကောင်းလာခဲ့ပါတယ်။ ဒီနေ့ရလဒ်နဲ့ ပတ်သက်ပြီးတော့ အရမ်းပျော်ပါတယ်။ ကျွန်တော့်အနေနဲ့စပေးဘောတွေ ဒီ့ထက်ပိုပြီးတော့ တိုးတက်လာအောင်တော့ ကြိုးစားလေ့ကျင့်သွားဖို့လိုအပ်ပါတယ်။ အခုဒီပြိုင်ပွဲမှာ ကစားရတာလဲ လွတ်လပ်ပေါ့ပါးမှုရှိတယ်။ ဒီပွဲစဉ်မှာ ကျွန်တော်လုပ်နိုင်သမျှ အကောင်းဆုံးလုပ်ဆောင်ခဲ့ပါတယ်။ နောက်အဆင့်တွေမှာ ဒီ့ထက်ပိုကောင်းအောင် ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဂျန်နစ်ခ်ဆင်နာသည် တတိယအဆင့်တွင် ကနေဒါတင်းနစ်ကစားသမား ရှာပိုဗာလော့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## နေရှင်နယ်လိဂ်ယူ-၂၁ပြိုင်ပွဲ ပွဲစဉ် (၁၈)တွင် Junior Lions အသင်းက Falcon အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၈)အဖြစ်ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် Falcon အသင်းနှင့် Junior Lions အသင်းတို့ကစားခဲ့ရာ Falcon အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၂၆ မိနစ်တွင် သီဟအောင်က Falcon အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် Falcon အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် Junior Lion အသင်းက ချေပဂိုး ပြန်လည်သွင်းယူနိုင်ရန် ကြိုးပမ်းခဲ့ရာမှ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အသုံးချနိုင်ခြင်း မရှိသည့်အတွက် ချေပဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် Falcon အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ယူ-၂၁ပြိုင်ပွဲ ပွဲစဉ် (၁၈) အဖြစ် စက်တင်ဘာ ၁ ရက်တွင် သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်း၊ ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

## ပရီးမီးယားလိဂ် ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်

ML

**နော့တင်ဟမ် Vs ဝက်စ်ဟမ်း**

ကစားမည့်ရက်/အချိန် ၃၀-၈-၂၀၂၅ (ည ၀၇း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဝက်စ်ဟမ်း ၁ - ၂ နော့တင်ဟမ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နော့တင်ဟမ် | - | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(သရေ) |
| ဝက်စ်ဟမ်း | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |

နော့တင်ဟမ်အသင်းဟာ လက်ရှိမှာ ပုံစံကောင်းဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကြောင့် နှစ်ပွဲကစားရမှတ်လေးမှတ်နဲ့ တိုက်စစ်ကလဲ လေးဂိုးထိသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းကတော့ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်သေးတာကြောင့် နှစ်ပွဲပေါင်းပေးဂိုး ရှစ်ဂိုးထိရှိခဲ့ပြီး ရမှတ်မရသေးပါဘူး။ အကျော့ပေးမှုမှာလဲ နော့တင်ဟမ်က တစ်ဂိုးရင်တောင် အပြည့်ပျော်မရတဲ့အခြေအနေက ဝက်စ်ဟမ်းအသင်းဆက်လက်ရုန်းကန်ရမှာဖြစ်လို့ အိမ်ရှင်ကိုပဲရွေးချယ်ရမှာပါ။

ခန့်မှန်းရလဒ် - နော့တင်ဟမ် ၂ - ၁ ဝက်စ်ဟမ်း

## စပိန်လာလီဂါ ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်

ML

**ဆဲလ်တာဗီဂို Vs ဗီလာရီးရဲလ်**

ကစားမည့်ရက်/အချိန် ၃၀-၈-၂၀၂၅ (ည ၀၉း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆဲလ်တာဗီဂို ၃ - ၀ ဗီလာရီးရဲလ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |
| ဗီလာရီးရဲလ် | - | အိမ်(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

ဆဲလ်တာဗီဂိုဟာ တိုက်စစ်ကစားပုံကောင်းပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် ဂီတာဖေးကို ဂိုးပြတ်ရှုံးပြီးနောက်ပိုင်း ခံစစ်ပိုင်းပြင်ဆင်လာတာကို တွေ့ရမှာပါ။ ဗီလာရီးရဲလ်အသင်းကတော့ နှစ်ပွဲကစားရမှတ်ပြည့်နဲ့ ကစားပုံထက်မြက်နေပြီး တိုက်စစ်မှာလဲ ဘူချာနန်ခြေစွမ်းပြသနေတာဖြစ်လို့ ပရိသတ်အကြိုက်များနေတာဖြစ်ပါတယ်။ အကျော့ပေးမှုမှာတော့ ပုံစံကောင်းရနေတဲ့ ဗီလာရီးရဲလ်က သရေဆိုရင်တောင် ခပ်ပါးပါးရှုံးမဲ့အခြေအနေက အိမ်ရှင်ဆဲလ်တာဗီဂိုကွင်းမှာ ရမှတ်ရှာဖွေဖို့ခက်ခဲနိုင်တာကြောင့် အိမ်ရှင်နဲ့ပဲလက်တွဲရမှာပါ။

ခန့်မှန်းရလဒ် - ဆဲလ်တာဗီဂို ၁ - ၀ ဗီလာရီးရဲလ်

# မိုးလယ်နှင့်မိုးနှောင်းကာလဝယ် သတိပြုသင့်သော သဘာဝဘေးများ

ခိုင်ဇင်



ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်များစွာဖြစ်ပေါ်လျက်ရှိသည်။ ထိုသဘာဝဘေးများအားလုံး၏ ၄၀ ရာခိုင်နှုန်းခန့်မှာ ရေကြီးရေလျှံမှုပင်ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း နှစ်စဉ်ပျမ်းမျှအားဖြင့် ကမ္ဘာ့လူဦးရေ သန်း ၄၀၀ ကျော်သည် ရေလွှမ်းမိုးမှုဒဏ် တွေ့ကြုံခဲ့ရသည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို တွေ့ကြုံနေရပြီး နိုင်ငံတွင် အဖြစ်အများဆုံးသဘာဝဘေးမှာ ရေလွှမ်းမိုးခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခုနှစ် မိုးအဝင်စောပြီး မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် နိုင်ငံအတွင်းရှိ မြစ်၊ ချောင်းများ၏ ရေမျက်နှာပြင်များ မြင့်တက်ကာ တချို့မြစ်ရေများသည် စိုးရိမ်ရေမှတ်ကိုပင် ကျော်လွန်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် မိုးလယ်ကာလကို ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ သတ်မှတ်ထားပြီး လက်ရှိအချိန်ကာလသည် မိုးလယ်ကာလဖြစ်ကာ မကြာမီအချိန်အတွင်း၌ပင် မိုးနှောင်းကာလကို ရောက်ရှိတော့မည်ဖြစ်သဖြင့် ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုစသည့် သဘာဝဘေးများကြောင့် အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော မိုးလေဝသသတင်းများနှင့် သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီသိရှိနေရေးမှာ အလွန်အရေးကြီးလှသည်။

မြန်မာနိုင်ငံတွင် အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံးမှ ဆုတ်ခွာသွားသည့်ရက်ထိ ကာလအပိုင်းအခြားကို မိုးနှောင်းကာလဟု သတ်မှတ်ထားသည်။ အနောက်တောင်မုတ်သုံလေဆုတ်ခွာမှု အလားအလာမှာ များသောအားဖြင့် စက်တင်ဘာလ ဒုတိယပတ်အတွင်း၌ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများက စတင်ဆုတ်ခွာလေ့ရှိသည်။ ထို့နောက် စက်တင်ဘာလ တတိယပတ်အတွင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ စက်တင်ဘာလစတုတ္ထပတ်အတွင်းတွင် မြစ်ဝကျွန်းပေါ်ဒေသများနှင့် အောက်တိုဘာလ ပထမပတ်အတွင်းတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားလေ့ရှိသည်ကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

မိုးနှောင်းကာလဖြစ်သော စက်တင်ဘာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းများသည် မြန်မာနိုင်ငံကို ဖြတ်ကျော်ဝင်ရောက်နိုင်မှု ရာခိုင်နှုန်းနည်းပါးသည်။ သို့သော်လည်း မုန်တိုင်းဝင်ရောက်လာသည့်အခါ သက်ရောက်မှုအရှိန်သည် မိုးလယ်ကာလမှာဖြစ်သည့်မုန်တိုင်းများထက်ပို၍ သက်ရောက်သည့်အရှိန်ပိုနိုင်ကြောင်း သိရသည်။ ထိုသို့ မြန်မာနိုင်ငံအတွင်းမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာချိန်တွင် မုတ်သုံလေဖိအားနည်းမြောင်တန်းကလည်း တောင်ဘက်ကိုရွေ့လာပြီး ဘင်္ဂလားပင်လယ်အော်ကိုဖြတ်သန်းသည့်အခါတွင် လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းများဖြစ်ပေါ်နိုင်သည်။ အဆိုပါကာလတွင် ဖြစ်ပေါ်သည့်မုန်တိုင်းများသည် ပင်လယ်ပြင်အတွင်းမှာ ရက်အတော်ကြာကြာသည်ထိ တည်ရှိနေတတ်သဖြင့် ကုန်းမြေနှင့် ပင်လယ်ပြင်တွင် ရာသီဥတုဆိုးရွားမှုဒဏ်ကို ရက်အတော်ကြာကြာ ရင်ဆိုင်နေရတတ်သည်။

ထိုသို့ အနောက်တောင်မုတ်သုံလေဆုတ်ခွာချိန်တွင် မိုးသက်လေပြင်းကျရောက်ခြင်း၊ မုတ်သုံလေဆုတ်ခွာချိန်နှင့် ဆုတ်ခွာပြီးချိန်များတွင် ဖြစ်ပေါ်လေ့ရှိသည့် လေထုမငြိမ်မသက်ဖြစ်မှုများသည် မိုးတိမ်တောင်များကို ဖြစ်ပေါ်စေပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းစသည့်သဘာဝဘေးများကို ဖြစ်ပေါ်စေနိုင်သဖြင့် ကြိုတင်သတိပြု၍ ပြင်ဆင်သင့်သည်များကို ပြင်ဆင်ထားရမည်ဖြစ်သည်။ ထို့ပြင် မုတ်သုံအထွက်တွင် ဖြစ်ပေါ်လေ့ရှိသည့် မိုးတိမ်တောင်များကြောင့် အချိန်တိုတိုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကို ဖြစ်စေနိုင်သည့်အတွက် လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများကို သတိပြုရမည်ဖြစ်သည်။

မိုးနှောင်းကာလအတွင်းတွင် များသောအားဖြင့် မိုးလျော့နည်းသွားတတ်သည်။ သို့သော်လည်း မုတ်သုံလေ ပြန်လည်ဆုတ်ခွာမှု နောက်ကျခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ၊ လေဖိအားနည်းရပ်ဝန်းများနှင့် မုန်တိုင်းအကြွင်းအကျန်များ မြန်မာနိုင်ငံသို့ ဖြတ်ကျော်ခြင်း၊ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ ဖိအားနည်းရပ်ဝန်းများ အရှေ့ဘက်သို့ရွေ့လျားခြင်းနှင့် ဟိမဝန္တာမြောက်ဘက်မှ လေစိုင်ဆုံများ အရှေ့တောင်ဘက်သို့ရွေ့လျားသည့်အခါ မိုးကာလပြီးမြောက်သွားသော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကို ဖြစ်စေသည်။ ထိုအချိန်၌ ရွာသောမိုးသည် မုတ်သုံမိုးမဟုတ်တော့ဘဲ မိုးလေဝသဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသော မိုးသည်းထန်စွာရွာသွန်းမှုဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နိုင်ငံ၏အရှေ့ဘက်မှဝင်ရောက်လာသည့် မုန်တိုင်းအကြွင်းအကျန်များ၊ လေပွေလှိုင်းများ၊ လေဖိအားနည်းရပ်ဝန်းများကြောင့် မိုးများလေ့ရှိသည်။ လေ့လာတွေ့ရှိရသည့် မှတ်တမ်းများအရ မိုးနှောင်းကာလအတွင်းရွာသောမိုးရေချိန်သည် မိုးဦးနှင့် မိုးလယ်ကာလတို့တွင်ရွာသွန်းသော မိုးရေချိန်ထက် ပိုများတတ်သည်။

ထို့ကြောင့် မိုးလယ်နှင့် မိုးနှောင်းကာလဝယ် ကြိုတင်သတိပြုဖွယ်ရာများစွာရှိသည်။ ၎င်းတို့မှာ စက်တင်ဘာလသည် မိုးနှောင်းကာလဖြစ်ပြီး မုတ်သုံလေစတင်ဆုတ်ခွာမည့် အချိန်ကာလဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးပါသောကာလဖြစ်သည်။ မိုးနှောင်းကာလ မိုးရွာသွန်းမှုမှသည် စိုက်ပျိုးရေးအတွက် အောင်ရေရရှိမှုနှင့် ရေသိုလှောင်မှုကို လုပ်ဆောင်ရမည်ဖြစ်သည်။ သို့သော် ဆည်မြောင်းတာတမံများတွင် နွေရာသီကာလအတွက် စိုက်ပျိုးရေဖူလုံစေရန် ရေသိုလှောင်မှုများ ပြုလုပ်ထားခြင်းက မိုးနှောင်းကာလမိုးသည်းထန်စွာရွာသွန်းမှုအခြေအနေများက ရေကြီးရေလျှံမှုဖြစ်စေမည်မှာ သတိပြုစရာပင်ဖြစ်သည်။

မိုးနှောင်းကာလမှာဖြစ်ပေါ်တတ်သည့် မုတ်သုံမုန်တိုင်းငယ်များသည် မုတ်သုံလေအင်အားကို အားကောင်းစေပြီး အဆိုပါမုန်တိုင်းငယ်များသည် ကုန်းတွင်းပိုင်းသို့ဝင်ရောက်သည့်အခါ သုံးရက်ခန့်ဆက်၍အားကောင်းနေကာ မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများနိုင်သည့် အခြေအနေမျိုးလည်းဖြစ်နိုင်သည်။ ထို့ကြောင့် မိုးလယ်နှင့်မိုးနှောင်းကာလတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု၊ မုန်တိုင်းဖြစ်ပေါ်နိုင်မှုအလားအလာများကို သိရှိနိုင်ရေး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ သဘာဝဘေးများနှင့်ပတ်သက်သော ထူးခြားမိုးလေဝသအခြေအနေများ၊ မုတ်သုံလေအခြေအနေ၊ မိုးကြီးမည့်သတိပေးချက်များ၊ မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေများ၊ မြစ်များ၏စိုးရိမ်ရေမှတ်ကို ရောက်ရှိနိုင်မည့်အခြေအနေများ၊ သတိပေးချက်များကို ပြည်သူများအနေဖြင့် အမြဲနားစွင့်ထားရမည်ဖြစ်သည်။

နောက်ထပ်သတိပြုရမည့် မိုးလေဝသဖြစ်စဉ်မှာ မုတ်သုံလေဆုတ်ခွာချိန်နှင့်ဆုတ်ခွာပြီး အချိန်များတွင် ဖြစ်ပေါ်လေ့ရှိသော လေထုမငြိမ်မသက်ဖြစ်မှုများသည် မိုးတိမ်တောင်များကို ဖြစ်ပေါ်စေပြီး မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လေပြင်းတိုက်ခြင်းစသည့်သဘာဝဘေးများအပြင် မုတ်သုံအထွက်တွင် ဖြစ်လေ့ရှိသည့် မိုးတိမ်တောင်များသည် အချိန်ခဏအတွင်း မိုးသည်းထန်စေနိုင်သည့်အတွက် လျှပ်တစ်ပြက် ရေကြီးမှုများကို သတိထားရမည်ဖြစ်သည်။

စက်တင်ဘာလတွင် မြစ်များ၏ မြစ်ရေမျက်နှာပြင်မြင့်တက်ကာ မြစ်ရေကြီးမှု ဖြစ်လေ့ရှိသည်။ သို့သော်လည်း မြစ်များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိမှုအခြေအနေသည် မိုးလယ်ကာလဖြစ်သည့် ဇူလိုင်နှင့်ဩဂုတ်လတို့နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် နည်းသည်ကို တွေ့ရသည်။ သို့သော်လည်း မြစ်ရေကြီးခြင်းသတိပေးချက်နှင့် မြစ်ရေအခြေအနေသတင်းထုတ်ပြန်မှုများကို အထူးဂရုပြုလိုက်နာသင့်သည်။

သို့ဖြစ်ရာ လာမည့် စက်တင်ဘာလသည် မိုးနှောင်းကာလသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊ အလယ်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားနိုင်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် အနောက်တောင် မုတ်သုံလေ အပြီးဆုတ်ခွာသွားမည့်အချိန်သည် အောက်တိုဘာလ ပထမပတ်နှင့် ဒုတိယအပတ်အတွင်း ဖြစ်နိုင်သည်ဟု မိုးလေဝသကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။ မုတ်သုံလေဆုတ်ခွာသွားသော်လည်း အနောက်ဘက်မှ ရွေ့လျားလာသည့် လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်မှာ ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များ မြန်မာနိုင်ငံဘက်ဆီသို့ ရွေ့လျားလာခြင်းတို့ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လေ့ရှိသည့် လေဖိအားနည်းရပ်ဝန်းများနှင့် မုန်တိုင်းများကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်များတွင် မိုးထစ်ချုန်းရွာသွန်းခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မြစ်ဝကျွန်းပေါ်နေဒေသခံများနှင့် ကမ်းရိုးတန်းဒေသနေပြည်သူများအနေဖြင့် သတိပြုနေထိုင်သွားကြရမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံရှိ မြစ်ကြီးများမှ မြစ်ရေများသည်လည်း စိုးရိမ်ရေမှတ်ကို ကျော်လွန်ရောက်ရှိနိုင်သည့်အတွက် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် မြစ်ရေကြီးမှု သတိပေးချက်၊ ထုတ်ပြန်ချက်များကို အထူးဂရုပြုသွားကြရမည်ဖြစ်သည့်အပြင် မိုးလယ်၊ မိုးနှောင်းကာလတို့တွင် ဖြစ်လေ့ရှိသည့် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြခြင်းဖြင့် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ဖြစ်လေ့ရှိသော ရေကြီးရေလျှံမှု၊ မြေပြိုမှု သဘာဝဘေးအန္တရာယ်များအပြင် ကျန်းမာရေးပြဿနာများမှ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဖြစ်သည်။

**❖ မိုးနှောင်းကာလဖြစ်သော စက်တင်ဘာလအတွင်း ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းများသည် မြန်မာနိုင်ငံကို ဖြတ်ကျော်ဝင်ရောက်နိုင်မှု ရာခိုင်နှုန်းနည်းပါးသည်။ သို့သော်လည်း မုန်တိုင်းဝင်ရောက်လာသည့်အခါ သက်ရောက်မှုအရှိန်သည် မိုးလယ်ကာလမှာဖြစ်သည့် မုန်တိုင်းများထက်ပို၍ သက်ရောက်သည့်အရှိန်ပိုနိုင်ကြောင်း သိရသည်။ ထိုသို့ မြန်မာနိုင်ငံအတွင်းမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာချိန်တွင် မုတ်သုံလေဖိအားနည်းမြောင်တန်းကလည်း တောင်ဘက်ကိုရွေ့လာပြီး ဘင်္ဂလားပင်လယ်အော်ကိုဖြတ်သန်းသည့်အခါတွင် လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းများဖြစ်ပေါ်နိုင်သည်။ ❖**

သို့ဖြစ်ပါ၍ နိုင်ငံအတွင်းရှိ မြို့၊ ရွာ၊ ကျေးလက်နေပြည်သူလူထုအနေဖြင့် မိမိဒေသများအတွင်း ရေဝင်ရောက်ခြင်း၊ ရေကြီးရေလျှံခြင်းနှင့်အတူ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများကိုလည်း သိရှိနားလည်ထားကြပြီး သတိထားဆင်ခြင် နေထိုင်စားသောက်ကြခြင်းဖြင့် ရေကြီးရေလျှံမှုသဘာဝဘေးကို ကျန်းကျန်းမာမာနှင့် ရင်ဆိုင်ကျော်လွှားနိုင်ကြစေရေး ရေးသားအပ်ပါသည်။

**ကိုးကား**

- မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏အချက်အလက်များ။
- နေ့စဉ်ထုတ်သတင်းစာများ။

# SkyNet အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ စေညွှန်ရာ ကကြိုးရုပ် ရုပ်သံဇာတ်လမ်းကို သြဂုတ် ၃၀ ရက်တွင် ထုတ်လွှင့်ပြသမည်




ရန်ကုန် သြဂုတ် ၂၉

SkyNet အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ စေညွှန်ရာ ကကြိုးရုပ် ရုပ်သံဇာတ်လမ်းကို သြဂုတ် ၃၀ ရက်တွင် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ ဇေရဲထက်ထံမှ သိရသည်။

စေညွှန်ရာ ကကြိုးရုပ် ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို နေလရောင်ကရေးသားထားကာ ဒါရိုက်တာ ဇော်မိုးထွေးက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ချစ်စရာပဲ ကောင်းကောင်း၊ နန်းပဲဆန်ဆန် အဲဒါတွေက တကယ့်အလှတရားအစစ် မဟုတ်ဘူး။ တကယ့်အလှတရားအစစ်က ဟောဒီနှလုံးသားထဲမှာပဲ ရှိတာဆိုတဲ့ အခက်အခဲ အကောက်အကွေ့တွေကြားက ဖောက်ထွက်ရှင်သန်ခဲ့တဲ့ စိတ်ဓာတ်မာကျောကျော မိန်းမတစ်ယောက်ရဲ့ဘဝ ဇာတ်လမ်းလေးတစ်ပုဒ်ကို မြင်တွေ့ရမှာပါ" ဟု သရုပ်ဆောင် ဇေရဲထက်က ပြောပြသည်။

အဆိုပါ စေညွှန်ရာ ကကြိုးရုပ် ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ဇေရဲထက်၊ ပြေဇင်၊ ထက်ထက်မိုးဦးနှင့်အခြား သရုပ်ဆောင်များစွာပါဝင်ထားပြီး သြဂုတ် ၃၀ ရက် ည ၉ နာရီတွင် SkyNet အခပေးရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးမည် ဖြစ်ကြောင်း သိရသည်။

ASH

# အကောင်းဆုံး နိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် Eagles of The Republic ကိုဆွီဒင်တင်သွင်း

နယူးယောက် သြဂုတ် ၂၉

၉၈ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် Eagles of The Republic ဇာတ်ကားကို ရွေးချယ်တင်သွင်းထားကြောင်း သြဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

Eagles of The Republic ဇာတ်ကားသည် နိုင်ငံရေးလောကနောက်ခံ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားဖြစ်သည်။


၎င်း ဇာတ်ကားကို ဒါရိုက်တာ တာရစ်ဆာလာလေက ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကပင် ရေးသားပေးထားသည်။

Eagles of The Republic ဇာတ်ကားကိုယခုနှစ်မေလအတွင်း ပြင်သစ်နိုင်ငံ၌ ကျင်းပခဲ့သော ကန်း နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ပြသခဲ့ရာ အောင်မြင်မှု ရရှိခဲ့သည်။

ဆွီဒင်နိုင်ငံသည် အော်စကာဆုပေးပွဲများ၏ အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဆုများကို ၃ ကြိမ် ထိရရှိထားပြီး အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုကို နောက်ဆုံးရရှိခဲ့သော ဆွီဒင်ဇာတ်ကားမှာ Fanny and Alexander (1982)ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# မိချစ်တစ်ယောက်ကိုယ်ငါးယောက် တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR- The Heart Of Rangoon Bar ၌ ပြုလုပ်သွားမည်ဖြစ်

ရန်ကုန် သြဂုတ် ၂၉

မိချစ်တစ်ယောက် ကိုယ်ငါးယောက် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR- The Heart of Rangoon Bar ၌ စက်တင်ဘာ ၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်ထံမှ သိရသည်။

အဆိုပါ မိချစ်တစ်ယောက် ကိုယ်ငါးယောက် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဖိုးကာ၊ ဟဲလေး၊ ဇွဲပြည့်၊ နေမင်းအိမ်၊ ဂျူနီယာချစ်ကောင်း၊ အိမ့်ချစ်တို့ကသီဆိုဖျော်ဖြေပေးမည်ဖြစ်ပြီး တေးသရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့ကအကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

" စက်တင်ဘာ ၉ ရက် ည The Heart of Rangoon Bar မှာ ပရိသတ်တွေနဲ့တွေ့ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ အိမ့်ချစ်တို့




မောင်နှမ နှစ်ယောက်နဲ့အတူ စီနီယာ၊ ဂျူနီယာ အကိုတွေ့မောင်တွေက Daily Gita Band နဲ့ တွဲဖက်ပြီး သီဆိုဖျော်ဖြေပေးမှာဖြစ်သလို The Heart of Rangoon Bar ရဲ့ ပင်တိုင်အဆိုရှင် တွေကလဲ ပံ့ပိုးကူညီဝန်းရံပေးအုံးမှာမို့ လက်လွတ်မခံသင့်ပါဘူး"ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

တေးသံရှင် ဖိုးကာ၊ ဟဲလေး၊ ဇွဲပြည့်၊ နေမင်းအိမ်၊ ဂျူနီယာချစ်ကောင်း၊အိမ့်ချစ်တို့၏ မိချစ်တစ်ယောက်ကိုယ်ငါးယောက်တေး ဂီတဖျော်ဖြေပွဲကို THOR- The Heart of Rangoon Bar ၌ စက်တင်ဘာ ၉ ရက် ည ၆ နာရီ မိနစ် ၃၀ တွင် စတင်ဖျော်ဖြေပေး သွားမည်ဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်က ပြောပြ၍ သိရသည်။

ASH

# Eleven Days ဇာတ်ကား၌ မင်းသမီး ရီဟီးရားဆီးဟွန်းပါဝင်မည်

နယူးယောက် သြဂုတ် ၂၉

Eleven Days အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး ရီဟီးရားဆီးဟွန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်းသြဂုတ် ၂၈ ရက် သတင်းများအရ သိရသည်။

Eleven Days လျှို့ဝှက်သည်းဖို ဇာတ်ကားတွင် မင်းသမီး ရီဟီးရားဆီးဟွန်းသည် မင်းသား တေလာကစ်ခ်ျနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားသည် တက္ကဆက်ပြည်နယ်၌ ၁၉၇၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဟန့်စဗီး အကျဉ်းထောင် ဓားစာခံဖမ်းဆီးမှုဖြစ်စဉ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ ဝီတာလန်းဒက်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကီဗင်ရှီရီဒန်က ရေးသားမည်ဖြစ်သည်။

Eleven Days ဇာတ်ကားကို ဝီလျံဟာပါ၏ Eleven Days in Hell : The 1974 Carrasco Prison Siege at Huntsville Texas စာအုပ်ကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

Eleven Days ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို လာမည့် စက်တင်ဘာလအတွင်း တက္ကဆက်ပြည်နယ်၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# Lucky 10 Production က ရိုက်ကူးထုတ်လုပ်မည့် ထိကရုံး The Shame Plant ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားပြုလုပ်

ရန်ကုန် သြဂုတ် ၂၉

Lucky 10 Production က ရိုက်ကူးထုတ်လုပ်မည့် ထိကရုံး The Shame Plant ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို သြဂုတ် ၂၈ ရက်က ရန်ကုန်တိုင်း ဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာ စေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဟိန်းသီဟထံမှ သိရသည်။

အဆိုပါ ထိကရုံး The Shame Plant ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖြိုးသဉ္ဇာကျော်က ရေးသားထားပြီး ဒါရိုက်တာ သားညီ၊ တွဲဖက်ဒါရိုက်တာ ဝင့်ဥမ္မာကျော်တို့က Lucky 10 Production အတွက် တာဝန်ယူ ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ထိကရုံး ဇာတ်လမ်းတွဲမှာ ရဲမာန်ဆိုတဲ့ ကာရိုက်တာပေါ့နော်။ ကျွန်တော့် အနေနဲ့အများကြီးလဲ ပြင်ဆင်ရတဲ့ ကာရိုက်တာတစ်ခုပါ။ ဒီကားထဲမှာက အိမ်ထောင်သည်အမျိုးသား တစ်ယောက်ပေါ့။ စက်တင်ဘာလ အတွင်း ရိုက်ကူးပုံဖော်သွားမယ်" ဟု သရုပ်ဆောင် ဟိန်းသီဟက ပြောပြသည်။

အဆိုပါ ထိကရုံး The Shame Plant ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဟိန်းသီဟ၊ မင်းဦး၊ အောင်ခိုင်၊ ဒေါင်းဝေယုသန္တာတင်၊ သံသာညီ၊ ခင်ဇာခြည်ကျော်၊ ကေရီစုစံ၊ အနှစ်၊ မေမီလင်း၊ ဝါဝါအောင်နှင့် အခြား အနုပညာရှင်များစွာ ပါဝင်မည် ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဟိန်းသီဟက ပြောပြ၍ သိရသည်။

ASH

# Tatmadaw columns recapture areas in and around Gottwin bridge and Gokteik railroad, briefly occupied by terrorist insurgents


The documentary photo shows Tatmadawmen who recaptured Gokteik railroad bridge.


Tatmadawmen taking security duties at the Gotkeik viewpoint.


Tatmadaw columns liberate Naungpaing, Nawnghkio township, briefly controlled by terrorists.


Military columns recapture and control Zeebin village, which was temporarily held by terrorists.

**Nay Pyi Taw August 29**

The Tatmadaw launched counteroffensive and counterterrorism operations to recapture Nawnghkio, briefly occupied by TNLA and PDF terrorists, and on 16 July 2025, the Tatmadaw totally retook the town.

After recapturing Nawnghkio, the Tatmadaw made preparations to clear away all the possible defence positions along Nawnghkio-Kyaukme section, one the main parts of the Mandalay-Lashio-Muse Union Highway the main thoroughfare for commodity flow via Nawnghkio. Its ultimate goal was to reopen the Nawnghkio-Kyaukme section after the terrorists retreated from Nawnghkio.

Consequently, the Tatmadaw forces in two columns, one along Nawnghkio-Gottwin road and the other, Nawnghkio-Goteik railroad, conducted area clearing operations. It was discovered through reconnaissance reports that between Nawnghkio and Kyaukme lay an over 300 feet deep and over 2000 feet wide gorge in the area where Gottwin bridge and Gokteik railroad passed through; and that taking the terrestrial condition as an advantage, the terrorist insurgents built fortified bunkers on the steep banks of the gorge and were plotting to take positions on the high ground and attack and halt the advancement of Tatmadaw columns.

Although Tatmadaw columns tried to pass through these areas in various ways with sacrifice of life, geographical conditions do not give favour. Hence, Tatmadaw columns encountered the enemies there while remaining columns difficultly crossed the cliff of Nantpansi Creek, eight metres south from Gokteik Viaduct where enemies did not expect. Then, Tatmadaw columns attacked Naungpain Village behind the location of enemies in tactful ground and air combination assaults. During the area security operations, Tatmadaw columns reoccupied Khetonkeng Village temporarily controlled by terrorists on 19 August 2025, Paungpo Village on 21 August, Htantabin Village on 22 August, Panti Village on 23 August, Naungpain, Pinpaw and Zeebin Sakhan villages on 24 August,

*See Page 13*


The photo shows the Gottwin bridge destroyed by terrorists.


The photo shows the Gottwin bridge destroyed by terrorists.



Photo shows the terrorists' prepared defensive positions.



Photo shows the terrorists' well-prepared defensive positions, utilizing the natural rocky cliff as a stronghold.

*From Page 12*

on Kyaungkon Village on 25 August, Sandamuni Monastery on 26 August, Naungpyit Junction and Goktwin Viaduct on 27 August, Shukhintha on 28 August and Gokteik Viaduct and its surrounding areas today. During the 12-day operation, Tatmadaw columns engaged with terrorists in 47 clashes and seized 29 dead bodies of enemies and 23 assorted arms.

In its efforts to capture Goktwin and Gokteik rail-cum-viaduct where terrorists built strong camps, Tatmadaw members from Goktwin and Gokteik rail-cum-viaduct encountered enemies which took upper hand of geographical conditions with natural barriers. Other columns of the Tatmadaw first occupied Naungpain Village, back of the enemies through the unexpected routes. Moreover, the Tatmadaw expanded its control area of Goktwin and Gokteik behind the enemies via Naungpain Village.

TNLA and PDF terrorist groups brutally blew up a reinforced concrete bridge No 9/84 between mileposts 78/2-78/3 on Mandalay-Lashio-Muse Union Highway in Nawnghkio Township of Kyaukme District in Shan State (North) on 13 July 2025, old and new Goktwin bridges on 15 July 2025 and a 60-foot-long iron beam section and the abutment (AB-2) between pier P-16 of Gokteik Viaduct and its abutment (AB-2) on the Kyaukme side, which is a prominent bridge of Myanmar, on 24 August 2025. Moreover, terrorists blocked Nawnghkio-Kyaukme road with barriers to cause transport difficulties.

Tatmadaw columns removed barriers along the route with the use of manpower and machinery. Battlefield engineers are building a temporary bailey bridge to ensure smooth transport for the people while Tatmadaw columns are taking necessary security operations. 100

# Labutta Township sends large volume of shrimps to Yangon market in July

**Labutta August 29**

Local fishery entrepreneurs from Labutta Township of Ayeyawady Region sold a large volume of shrimps to Yangon market in July, said Daw Tin Tin Htay, the owner of fisheries trading commodity in Labutta Township.

From Labutta Township, only about 66,000 viss of assorted prawns were transported and sold to the Yangon market during June this year. However, from 1 to 31 July this year, the volume increased to about 72,000 viss. It is reported that seafood trading centres in the area purchase prawns caught locally, process and clean them systematically, and then transport them for sale to the Yangon market.

"In the past month alone, we have been able to transport and sell up to 72,000 viss of assorted prawns from Labutta Township. Seafood products are systematically cleaned, packaged, and sent for sale. As prawns and other seafood are being shipped in large quantities, the seafood trading business here is also creating more job opportunities. Most of the local seafood products are transported and sold using cargo trucks," said Daw The The Lwin, owner of a seafood trading centre in Labutta Township.

Local fishery entrepreneurs sell K19,000 to K24,000 per viss of Cardiea, K18,000 to K18,500 per viss of small prawn, K18,500 to K23,500 per viss of large prawn and K36,500 to K45,000 per viss of lobster depending on freshness at the Yangon market.

Kyaw Kyaw Lin

# Thailand's Constitutional Court removes PM Paetongtarn over ethics breach

**Bangkok August 29**

Thailand's Constitutional Court on Friday removed suspended Prime Minister Paetongtarn Shinawatra from office for violating the constitution over her phone conversation on the border issue with Cambodia.

A panel of judges agreed by six votes to three to strip Paetongtarn of premiership status, ruling that her actions constituted a serious violation of ethical standards.

The court also dismissed her cabinet, but the remaining members will continue to perform caretaker duties until a new cabinet takes office.

In her address at the government house following the ruling, Paetongtarn said she humbly accepted the verdict, insisting that her intention was to protect people's lives during the border conflict. Xinhua



Paetongtarn Shinawatra (front, C) speaks to the press at the government house in Bangkok, Thailand, Aug. 29, 2025.

# Israel's Gaza City takeover steps signal dangerous phase with devastating consequences: UN chief

**United Nations August 29**

UN Secretary-General Antonio Guterres said Thursday that Israel's initial steps to militarily take over Gaza City signal a new and dangerous phase with devastating consequences.

"Hundreds of thousands of civilians -- already exhausted and traumatized -- would be forced to flee yet again, plunging families into even deeper peril. This must stop," he told reporters ahead of a Security Council meeting.

Guterres called for accountability for "unconscionable Israeli strikes," including the two attacks on Nasser Hospital in Khan Younis earlier this week, which killed civilians, including medical personnel and journalists, "all with the world watching."

The levels of death and destruction in Gaza are without parallel in recent times, he said.

Famine is no longer a looming possibility. It is a present-day catastrophe, said Guterres. "People are dying from hunger, yet Gaza's food, water and healthcare systems have been systematically dismantled."


"These are the facts on the ground. And they are the result of deliberate decisions that defy basic humanity," he noted. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲသမ္မတက Steel Dome လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တူကီယဲစစ်ဘက်ထံ လွှဲပြောင်းပေးအပ်နိုင်ခဲ့




တူကီယဲသမ္မတ အာဒိုဂန်က တူကီယဲနိုင်ငံအတွက် အရေးပါသောမှတ်တိုင်တစ်ခုဖြစ်သည့် Steel Dome လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တူကီယဲစစ်ဘက်ထံ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီဖြစ်သည်ဟု ဩဂုတ် ၂၇ ရက်တွင် ပြောကြားခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒေသတွင်းပဋိပက္ခများသည် တူကီယဲနိုင်ငံကို ကာကွယ်ရေးစွမ်းရည်များအဆင့်မြှင့်တင်ရန် တွန်းအားဖြစ်စေခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ဟာ ယာဉ် ၄၇ စီး ပါဝင်ပြီး အမေရိကန်ဒေါ်လာ သန်း ၄၆၀ တန်ဖိုးရှိတဲ့ Steel Dome လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကျွန်တော်တို့ရဲ့ စစ်တပ်ကို ပေးအပ်လိုက်ပါပြီ။ ဒီစနစ်က မိတ်ဆွေတွေကို ယုံကြည်မှုဖြစ်စေပြီး ရန်သူတွေကို ကြောက်ရွံ့စေမှာပါ"ဟု စီမံကိန်းစတင်ပြီး တစ်နှစ်အကြာတွင် ပြုလုပ်နိုင်ခဲ့သည့် တပ်တော်ဝင်အခမ်းအနား၌ တူကီယဲသမ္မတ အာဒိုဂန်က ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းစီမံကိန်းကို နိုင်ငံပိုင်ကာကွယ်ရေးကုမ္ပဏီများက ဦးဆောင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လက NATO အဖွဲ့ဝင်ဖြစ်သော တူကီယဲနိုင်ငံသည် နိုင်ငံ့လေပိုင်နက်ကို ကာကွယ်ရန်အတွက် အစ္စရေး၏လူသိများ ရေပန်းစားသော Iron Dome စနစ်ကို ပုံစံပြု၍ အလွှာပေါင်းစုံလေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခု တည်ဆောက်ရန် စီမံကိန်းများကို စတင်ဆောင်ရွက်လာခဲ့ကြသည်။ ၎င်းကို Steel Dome ဟု အမည်ပေးခဲ့သည်။

တူကီယဲနိုင်ငံသည် မကြာသေးမီက ဒေသတွင်းမငြိမ်မသက်မှုများ အထူးသဖြင့် ဆီးရီးယားခေါင်းဆောင် ဘက်ရှာ အလ်အာဆဒ်ကို ဖြုတ်ချပြီးနောက် ဆီးရီးယားတွင် အစ္စရေး၏ဝင်ရောက်စွက်ဖက်မှုများပိုမိုများပြားလာခြင်းနှင့် ဇွန်လတွင် အီရန်နှင့် အစ္စရေးတို့ကြား ၁၂ ရက်ကြာ လေကြောင်းပဋိပက္ခတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။

"ကျွန်တော်တို့ပတ်ဝန်းကျင်က မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေက လေထဲကနေဝင်လာမဲ့ ခြိမ်းခြောက်မှုတွေကို ထောက်လှမ်းနိုင်တဲ့ ရေဒါစနစ်တွေရဲ့ အရေးပါပုံကို ဖော်ပြခဲ့ပါတယ်။ မိမိကိုယ်တိုင် ရေဒါနဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်ကို မတီထွင်နိုင်သေးသရွေ့ လက်ရှိလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုတွေ အထူးသဖြင့် ကျွန်တော်တို့ဒေသမှာ ကြုံတွေ့နေရတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်ရချိန်မှာ နိုင်ငံတစ်နိုင်ငံဟာ ယုံကြည်စိတ်ချစွာနဲ့ နေနိုင်မှာမဟုတ်ပါဘူး"ဟု တူကီယဲသမ္မတအာဒိုဂန်က ပြောကြားခဲ့သည်။

Steel Dome လေကြောင်းရန်ကာကွယ်ရေးစနစ် (Steel Dome Air Defense System)သည် တူရကီနိုင်ငံက ကိုယ်ပိုင်တီထွင်ထုတ်လုပ်ထားသောပေါင်းစပ်လေကြောင်းကာကွယ်ရေးစနစ်တစ်ခုဖြစ်သည်။ ၎င်းသည် ရေဒါ၊ အာရုံခံကိရိယာများနှင့် မတူညီသောအလွှာအလိုက်ကာကွယ်ရေးစနစ်များကို ပေါင်းစပ်ထားပြီး လေထုအတွင်းရှိ ခြိမ်းခြောက်မှုအမျိုးမျိုးကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

အဆိုပါစနစ်သည် မြေပြင်နှင့်ပင်လယ်ပြင်အခြေစိုက် ကာကွယ်ရေးစနစ်များကို ပေါင်းစပ်ထားပြီး ကွန်ရက်တစ်ခုတည်းအဖြစ်ချိတ်ဆက်ကာ နိုင်ငံ၏ကောင်းကင်ယံကို ကာကွယ်ပေးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ Artificial Intelligence (AI) ကို အသုံးပြုထားသည့်အတွက် ရန်သူ့ပစ်မှတ်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ခွဲခြားကာ ကြားဖြတ်ဖျက်ဆီးနိုင်မည်ဖြစ်သည်။ Steel Dome ကို အစ္စရေး၏ Iron Dome နှင့် နှိုင်းယှဉ်လေ့ရှိသော်လည်း ၎င်းသည် ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များအပြင် ခရုစ်ဒုံးကျည်များကဲ့သို့သော ခြိမ်းခြောက်မှုများကိုလည်း ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Erdogan Jubilant as 'Steel Dome' Air Defense System Delivered to Military ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံ FWDA ကုမ္ပဏီက တောင်အာရှနိုင်ငံတစ်ခုဆီမှ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ဝယ်ယူရေးအမှာစာလက်ခံရရှိခဲ့

ဒေသတွင်း သတင်းမီဒီယာများ၏ ဖော်ပြချက်အရ အိန္ဒိယအခြေစိုက် Flying Wedge Defence and Aerospace (FWDA)ကုမ္ပဏီသည် ၎င်းတို့ကိုယ်တိုင်ထုတ်လုပ်ထားသော AI နည်းပညာသုံးနည်းဗျူဟာမြောက် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်စနစ်အတွက် တောင်အာရှနိုင်ငံတစ်ခုဆီမှ အမေရိကန်ဒေါ်လာ သန်း ၃၀ တန်ဖိုးရှိ အမှာစာတစ်ရပ်လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောင်အာရှ ရှစ်နိုင်ငံရှိသည့်အနက် အိန္ဒိယနိုင်ငံကိုယ်တိုင်နှင့် သင့်မြတ်မှုမရှိသည့် အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကို ဖယ်လိုက်မည်ဆိုလျှင် ကျန်ငါးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်နိုင်ဖွယ်ရှိသည်။ ထိုထဲမှ ထပ်မံရွေးထုတ်မည်ဆိုပါက ၂၀၂၅ ခုနှစ် ဩဂုတ် ၁ ရက်တွင် အိန္ဒိယနိုင်ငံ Noida မြို့ အခြေစိုက် Endure Air Systems ကုမ္ပဏီထုတ် သယ်ယူပို့ဆောင်ရေးဒရုန်း Sabal-20 ကို ဘူတန်နိုင်ငံ၌ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည့်သတင်းကို ကိုးကား၍ ဘူတန်နိုင်ငံဖြစ်နိုင်ခြေ အများဆုံးဟု သုံးသပ်ရရှိသည်။

ဤမှာယူမှု သဘောတူညီချက်သည် ယခုလအတွင်းမှာပင် ဘန်ဂလိုအခြေစိုက် FWDA ကုမ္ပဏီမှအိန္ဒိယနိုင်ငံ၏ ပထမဆုံးပြည်တွင်းထုတ် အလယ်အလတ်အမြင့်၊ လေထဲတွင် ကြာမြင့်စွာပျံသန်းနိုင်သည့် MALE အမျိုးအစား မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်စနစ်အဖြစ် မိတ်ဆက်ပြသခဲ့သော Kaala Bhairav မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ကို လွှဲပြောင်းပို့ဆောင်မည်ဖြစ်သည်။ ကုမ္ပဏီ၏ပြောကြားချက်အရ ထိုမောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် အမှာစာသည် အိန္ဒိယနိုင်ငံအတွက် စစ်လက်နက်ပစ္စည်းတင်သွင်းသည့်နိုင်ငံမှ အဆင့်မြင့်စစ်ဘက်နည်းပညာ တင်ပို့ရောင်းချသည့်နိုင်ငံအဖြစ် ကူးပြောင်းရာတွင် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ အဆိုပါသဘောတူစာချုပ်သည် အမေရိကန်နိုင်ငံထုတ် Predator MALE စနစ်ကဲ့သို့ နိုင်ငံခြားမှဝယ်ယူဖြည့်တင်းနေရမှုများကို လျှော့ချပြီး အိန္ဒိယ၏ မဟာဗျူဟာမြောက် ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းကိုလည်း ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည်။ Kaala Bhairav မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် ထုတ်လုပ်ရန် ကုန်ကျစရိတ်သည် အမေရိကန်ထုတ် Predator စနစ်ထက် ၁၀ ဆ ပိုမိုနည်းပါးမည်ဖြစ်ကြောင်း သိရသည်။

"Kaala Bhairav မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ကို ပြုပြင်ထိန်းသိမ်းမှုနဲ့ ပြင်ဆင်မှုဆိုင်ရာဝန်ဆောင်မှုအပြည့်အစုံနဲ့အတူ ရောင်းချသွားမှာဖြစ်လို့ ပြုပြင်ဝန်ဆောင်မှု ပိုမိုမြန်ဆန်စေတာ၊ လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်သက်သာစေတာနဲ့ စစ်ဆင်ရေးတွေအတွက် လိုအပ်တဲ့ အပိုပစ္စည်းတွေကို အချိန်မရွေးအသုံးပြုနိုင်တာတွေစတဲ့အကျိုးကျေးဇူးတွေ ရရှိစေမှာဖြစ်ပါတယ်"ဟု မိတ်ဆက်ပြသပွဲတွင် FWDA ကုမ္ပဏီက ပြောကြားခဲ့သည်။



Kaala Bhairav မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်သည် တောင်ပံအလျား ၂၂ ပေရှိပြီး နာရီ ၃၀ ကြာ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ ဂြိုဟ်တုဆက်သွယ်ရေး ချိတ်ဆက်မှုများဖြင့် အကွာအဝေးကီလိုမီတာ ၃၀၀၀၊ အမြင့် ၆၀၉၆ မီတာ၊ အလျင်နှုန်း တစ်နာရီလျှင် ၁၈၇ ကီလိုမီတာ ပျံသန်းတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ပြေးလမ်းတိုပျံတက်ဆင်းသက်ခြင်းပံ့ပိုးပေးထားပြီး အုပ်ဖွဲ့စစ်ဆင်နိုင်စွမ်းပါရှိမည်ဖြစ်ကာ ရန်သူ့လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဦးနှိမ်ဖိဖျက်ခြင်း၊ အလိုအလျောက်ပူးပေါင်းတိုက်ခိုက်ခြင်းနှင့် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် အပြည့်အဝ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး မည်သည့်စနစ်အစိတ်အပိုင်းကိုမျှ ပြည်ပနိုင်ငံအပေါ် မှီခိုထားခြင်းမရှိကြောင်း အရေးယူပိတ်ဆို့မှုများဒဏ်ခံနိုင်ရည်ရှိမည့် ထောက်ပံ့ရေးကွင်းဆက်ကို အာမခံချက် ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**India's First Indigenous MALE Drone Secures $30M Order From South Asian Country ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၆၈၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၆၈၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင်ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၄၇ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၆၈၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မိုးစပါးဧက ၉၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက၃၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာမျိုးတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပလာတူးငါးပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ပလာတူးငါးပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဖမ်းယူရရှိသည့် ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့်ဇွန်လအတွင်းက ပလာတူးငါးပိသာချိန် ၅၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပလာတူးငါးပိသာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့နိုင်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်ထဲမှာ ငပုတောမြို့နယ်ဘက်ကနေ ပလာတူးငါးတွေအပြင် အခြားရေထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပလာတူးငါးတွေကို ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာပါ။ ဒေသထွက်ငါးတွေ ပုံမှန်ထက် ပိုမိုအရောင်းအဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေအလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု ငပုတောမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါး ၁၀ ပိသာလျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ပလာတူးငါးအပါအဝင် အခြားရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇလွန်မြို့နယ် ကျုံကော့ကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဇလွန် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျုံကော့ကျေးရွာအုပ်စု ကျုံကော့ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် ဟသ်ာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ ကျုံကော့ကျေးရွာ၌၄၀၀ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ကျုံကော့ကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၇၈၅ ပေ သွယ်တန်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၅၀နှင့် ပြည်သူထည့်ဝင်ငွေကျပ်၁၂၇သိန်း စုစုပေါင်းငွေကျပ် ၂၇၇ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဇင်မာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဇီးကုန်းမြို့နယ် သစ်စင်အရှေ့စုကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**ဇီးကုန်း ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီးနတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သစ်စင်အရှေ့စုကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဩဂုတ် ၂၈ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပန်းစံပယ်နှင့် ဝန်ထမ်းများမှ ကျေးရွာကော်မတီဝင်များနှင့်အတူ သစ်စင်အရှေ့စုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် သစ်စင်အရှေ့စုကျေးရွာ၌ တွင်းအကျယ် ၄ ဒသမ ၅ လက်မ၊ တွင်းအနက် ပေ၄၀၀ရှိသော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလံ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၈ ဒသမ ၅သန်းဖြင့် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဇူလိုင်လစတုတ္ထပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာယခုအခါ လုပ်ငန်း ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက သစ်စင်အရှေ့စုကျေးရွာရှိ ကျေးရွာပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပန်းစံပယ်က ပြောပြ၍ သိရသည်။

**ချိုလေး**


## ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်) ပြိုင်ပွဲ၊ ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၅ (တက္ကသိုလ်အဆင့်) ဆုပေးပွဲနှင့် PlayerUnknown's Battlegrounds (PUBG)Mobile World Cup တွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ




နေပြည်တော် သြဂုတ် ၂၉

Myanmar Cyber Security Challenge 2025(အလွတ်တန်းအဆင့်)ပြိုင်ပွဲ၊ ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၅ (တက္ကသိုလ်အဆင့်) ဆုပေးပွဲနှင့် ဆော်ဒီအာရေဗျနိုင်ငံ ရီယက်ဒ်မြို့၌ကျင်းပခဲ့သည့် PlayerUnknown's Battlegrounds (PUBG)Mobile World Cup တွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် Yangon Galacticos အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂)၌ ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲထိ ကျင်းပခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Myanmar Cyber Security Challenge ပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပပေးခဲ့ကြောင်း၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြိုင်ပွဲများကျင်းပပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူငယ်များအကြားတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပြန့်ပွားစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ တိုးတက်လာစေရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲများမှ ဆုရရှိသူများကို ဒေသတွင်းနှင့် နိုင်ငံတကာဆိုက်ဘာလုံခြုံရေးပြိုင်ပွဲများသို့ နှစ်စဉ်စေလွှတ်ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ပြိုင်ပွဲမှ ရရှိလာသော အတွေ့အကြုံများကိုအသုံးချပြီး ပြင်ပတွင်ကြုံတွေ့နေရသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ရန် အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၅ (တက္ကသိုလ်အဆင့်)တွင် ပထမဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ပြည့်ငြိမ်းအောင်၊ ဒုတိယဆုရရှိသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ မောင်မြတ်မင်းခန့်၊ တတိယဆုရရှိသော ရန်ကုန်နည်းပညာတက္ကသိုလ်မှ မချောသီရိခိုင်၊ နှစ်သိမ့်ဆုရရှိခဲ့သော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ကောင်းခန့်တင်ကျော်နှင့် မောင်စိုင်းအိုက်လှိုင်းပန်တို့နှင့် အကဲဖြတ်ဒိုင်အဖြစ်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ယခု ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗီဒီယိုဖိုင်အား Cyber Security Brunei က တာဝန်ယူဆောင်ရွက်သော ASEAN-JAPAN Cyber Security Awareness Video Competition 2025 တွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဆော်ဒီအာရေဗျနိုင်ငံ ရီယက်ဒ်မြို့၌ကျင်းပခဲ့သည့် PUBG Mobile World Cup တွင် ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ဆုရရှိခဲ့သော မြန်မာနိုင်ငံမှ Yangon Galacticos အသင်းအား နိုင်ငံတော်ကချီးမြှင့်သည့် အမေရိကန်ဒေါ်လာ ၃၀၀၀၀ နှင့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဂုဏ်ပြုချီးမြှင့်ငွေတို့ကို ပြည်ထောင်စုဝန်ကြီးများက ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူနှင့် အသင်းဝင်များက လက်ခံရယူခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအုပ်ချုပ်သူများတက်ရောက်ခဲ့ကြပြီး Myanmar Cyber Security Challenge 2025 (အလွတ်တန်းအဆင့်)ပြိုင်ပွဲဝင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

Myanmar Cyber Security Challenge 2025 ပြိုင်ပွဲသို့ တပ်မတော်နည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် Naypyitaw State Academy တို့မှ အသင်း ၂၅ သင်း၊ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ Chit_Lu_Mikes အသင်းက ပထမ၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်မှ Cr4ckM3_DDအသင်းက ဒုတိယနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှF0cu8 အသင်းက တတိယအသီးသီးရရှိခဲ့ကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၉

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း၊ တာဝန်ရှိသူများက မဲရလဒ်များအားထုတ်ယူကြည့်ရှုစစ်ဆေးခြင်းများကို သရုပ်ပြသကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟို)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို လိုက်လံကြည့်ရှုအားပေးစဉ်။

## တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် သြဂုတ် ၂၉

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်များဖြစ်သည့် မီတာ ၁၀၀ နှင့် မီတာ ၄၀၀ အမျိုးသား၊ အမျိုးသမီး အပြေးပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီးအသင်း ၁၂ သင်းဖြင့် စက်တင်ဘာ ၃ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို တွေ့ရစဉ်။

**ခြင်ဆီအစားထိုးကုသမှုမှ**

ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာ သုံးဦးမှာ မန္တလေးမြို့မှ ၆၃ နှစ်အရွယ် အမျိုးသား တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်မှ ၂၉ နှစ်အရွယ် အမျိုးသား တစ်ဦးနှင့် ပြည်မြို့မှ ၅၅ နှစ်အရွယ် အမျိုးသမီးတို့ဖြစ်ကြသည်။ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊၂၀၁၈ ခုနှစ်တွင် လေးဦး၊၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊၂၀၂၅ ခုနှစ် ယခုအချိန်ထိ ရှစ်ဦး စုစုပေါင်း ၂၃ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများကျန်းမာရေး ကုန်ကျစရိတ်သက်သာစေရေးအတွက် ပြည်တွင်းမှာပင် ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူက လေးစားပြီး အားကိုးယုံကြည်ရသည့် စွမ်းရည်ရှိသော ရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၃) ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ဂုနာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲများကိုစစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်းမေကြည်အေး၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းနန္ဒာအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းလှိုင်မျိုးထွဋ်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းမေကြည်အေး၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းနန္ဒာအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မည့်သူများအနေဖြင့် ကွပ်ကဲရသည့်တပ်ဖွဲ့အား တက်ညီလက်ညီဖြင့် စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိအောင် ဦးဆောင်နိုင်ရမည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်လည်း အရာရာတွင်စံပြဖြစ်အောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြရန်လိုအပ်ပြီး ရဲအရာရှိတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် မွန်မြတ်သည့်လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်နေသူများဖြစ်သည်ကို အစဉ်သတိချပ်နေရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အစဉ်အလာ ၁၂ ရပ်တွင်ပါရှိသည့် “နိုင်ငံတော်တွင်အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်” ဆိုသည့်အချက်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တပ်မတော်နှင့်အတူ နယ်မြေခံပြည်သူ့စစ်အဖွဲ့၊ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ဒေသခံပြည်သူလူထုများနှင့်လက်တွဲပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားနေသည့် နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ကလည်း တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားတာဝန်ထမ်းရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များကို ထိုက်တန်သည့် ဂုဏ်ပြုမှုများချီးမြှင့်ပေးလျက်ရှိရာ မိမိတို့တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူကိုအလုပ်အကျွေးပြုသည့်၊နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်မြဲရေးကို အသက်ပေး ကာကွယ်စောင့်ရှောက်တတ်သည့် ရဲတပ်ဖွဲ့ဝင်များအဖြစ် လေးနက်စွာခံယူပြီး ကျရာတာဝန်များကို ဦးလည်မသုန်ထမ်းရွက်သွားကြရန် မှာကြားလိုကြောင်း၊ “မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အမြင့်ဆုံးဂုဏ်သိက္ခာသည် ပြည်သူလူထုက အားကိုးယုံကြည်မှုပင်ဖြစ်သည်”ဆိုသည့် ခံယူချက်နှင့်အညီ ပြည်သူကလေးစားပြီး အားကိုးယုံကြည်ရသည့် စွမ်းရည်ရှိသောရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်သွားကြရန်လိုအပ်ကြောင်း၊ စွမ်းရည်ပြည့်ဝထက်မြက်စေရေးအတွက် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဟူသော လေ့ကျင့်ရေးမူဝါဒနှင့်အညီ မိမိကိုယ်ကိုမိမိတည်ဆောက်ကြရမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရဲအရာရှိလေ့ကျင့်ရေးကျောင်းဝင်းအတွင်း သင်တန်းသားများနှင့်ဝန်ထမ်းမိသားစုများ သက်သာချောင်ချိရေးအတွက် တည်ဆောက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေးခြံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်းဗဟိုခန်းမ၌ ကျင်းပသည့် ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၂၃/၂၀၂၄)၏ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း ဒုတိယရဲအုပ်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။


ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(၅၀၁)**



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၉-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၁-၈-၂၀၂၅ ရက်နေ့မှ ၁-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**❍ အပူပိုင်းမုန်တိုင်းငယ်မှ**

ဩဂုတ် ၃၀ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီ လျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အပူပိုင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါ ဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

# မြန်ပြည်တစ်ခွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲမှ အဖြေရှာစို့

အရုဏ်ဦး၏ ရောင်ခြည်သည် အမှောင်ကိုခွင်း၍ လောကကို လင်းလက်စေသကဲ့သို့ ပညာရေး၏ အရောင်အဝါသည်လည်း လူ့အဖွဲ့အစည်းတစ်ရပ်၏ အဝိဇ္ဇာအမှောင်ကိုဖယ်ရှားကာ ဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့ ရှေးရှုစေနိုင်သော တစ်ခုတည်းသော မီးရှူးတန်ဆောင်ပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့နိုင်ငံ၏ စာသင်ကျောင်းတိုင်းလိုလို၏ မုခ်ဦးတွင်ဖြစ်စေ၊ ကျောင်း၏ အထင်ကရနေရာတွင်ဖြစ်စေ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဟူသော အားမာန်အပြည့်နှင့် လေးနက်သော ဆောင်ပုဒ်အား မြင်တွေ့ကြရမည်ဖြစ်သည်။ ထိုသို့ ချိတ်ဆွဲထားသည်မှာ အလှဆင်ထားသော ဆိုင်းဘုတ်တစ်ခု မဟုတ်ပေ။ ၎င်းသည် နိုင်ငံတော်၏အနာဂတ်အတွက် မျှော်မှန်းချက်၊ ပညာရေးအပေါ်ထားရှိသော တန်ဖိုးထားမှုနှင့် မျိုးဆက်သစ်တို့အား ပေးအပ်သော တာဝန်သိစိတ်တို့ကို ထင်ဟပ်ဖော်ပြနေသည့် အမျိုးသားရေးရည်မှန်းချက် ပဲ့တင်သံတစ်ခုပင်ဖြစ်ပေသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုနှင့် နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် "နိုင်ငံတော်စဉ်ဆက်မပြတ်တိုးတက်စေဖို့ အဓိကမဏ္ဍိုင်တစ်ခုဖြစ်တဲ့ "အမျိုးသားပညာရေးကဏ္ဍ"ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပုံဖော်ပေးနေသလို **မိမိတို့ရဲ့ တပ်မတော်အနေနဲ့လည်း တပ်မတော်ထဲဝင်ရောက်အမှုထမ်းခဲ့ကြတဲ့ စစ်သည်တော်တွေထဲမှာ ပညာရေးတစ်ပိုင်းတစ်စနဲ့ ဝင်ရောက်လာသူတွေရှိတဲ့အတွက်ကြောင့် အဲဒီစစ်သည်တွေရဲ့ ဘဝတိုးတက်မှုနဲ့ တပ်မတော်စွမ်းရည်မြင့်မားစေဖို့ တပ်မတော်ပညာရေးသင်တန်းကျောင်းတွေမှာ အတန်းလိုက်သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်ဝတဲ့ စစ်သည်တော်ကောင်းတွေ ပေါ်ထွက်လာအောင် ပညာရေးကိုအားပေးလျက်ရှိသလို ယနေ့အချိန်မှာ လူ့စွမ်းအားအရင်းအမြစ်ကောင်းတွေရရှိဖို့အတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေကြောင်း**"နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အခြေခံပညာကျောင်းများသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သောကြောင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများနှင့် အခြေခံပညာကျောင်းများ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိခရိုင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲမှ စာသင်ခန်းအတွင်း ကောင်းမွန်သောစီမံခန့်ခွဲမှု (Classroom Managament)နှင့် ထိရောက်သော သင်ကြား၊ သင်ယူမှုများဖြစ်ပေါ်လာစေရေး လှုံ့ဆော်ဆောင်ရွက်ပေးခြင်း (Classroom Motivation) ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍ၏ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တပ်မတော်သားမိသားစုဝင်များဖြစ်သည့် အိမ်ထောင်သည်ရဲမေများအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တိုင်းစစ်ဌာနချုပ်များ၊ ခြေမြန်တပ်မဌာနချုပ်များ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်များမှ တပ်မတော်အခြေခံပညာကျောင်းများအတွက် လုပ်ဆောင်ပေးနိုင်သောအခြေအနေ၊

> **ပညာရေးသည် မျိုးစေ့နှင့်တူသည်။ ထိုမျိုးစေ့ကို နိုင်ငံတော်တည်းဟူသော မြေယာတွင် စိုက်ပျိုးလိုက်သောအခါ နိုင်ငံသားအားလုံး၏ စုပေါင်းအား၊ ရေလောင်းပေါင်းသင် ပြုစုစောင့်ရှောက်မှုဖြင့် ရှင်သန်ကြီးထွားလာမည်ဖြစ်သည်။ ထိုအခါ ခေတ်မီခြင်း၏အကိုင်းအခက်များ ဝေဆာပြီး ဖွံ့ဖြိုးတိုးတက်ခြင်း၏ အသီးအပွင့်များ သီးပွင့်လာသော နိုင်ငံတော်ကြီးကို ကျွန်ုပ်တို့အားလုံး မြင်တွေ့ခံစားကြရမည်မှာ ကေန်မလွဲပင်ဖြစ် . . .**

အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်အခြေပြုလုပ်ငန်းများ ရှင်သန်သက်ဝင်စေရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ပြီး တိုင်းကျိုးပြည်ပြုရှေ့လုပ်ငန်းစဉ်ရလဒ်ကောင်းများပေါ်ထွက်လာအောင် ဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဆက်လက်၍ ၎င်းအလုပ်ရုံဆွေးနွေးပွဲတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ သက်မွေးပညာရပ်များအား တပ်မတော်သားမိသားစုဝင် မှီခိုသူ သားသမီးများ ပိုမိုတက်ရောက်နိုင်ရေးတိုးချဲ့ဖွင့်လှစ်မည့် အခြေအနေ၊ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် ဥပဒေဆိုင်ရာအခြေခံအသိအမြင်များကို သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခြေခံပညာရေးကဏ္ဍမှ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန်အတွက် မွမ်းမံသင်တန်းများပို့ချခြင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများအားလုံးပူးပေါင်းပြီးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်း စသည့်နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ရမည့်အခြေအနေ စသည့်ခေါင်းစဉ်များအလိုက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အပြန်အလှန်အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

စာသင်ကျောင်းဟူသည် အနာဂတ်နိုင်ငံတော်ကို ပုံဖော်မည့် ဗိသုကာများဖြစ်ကြသော ကလေးသူငယ်၊ လူငယ်လူရွယ်များအား ပျိုးထောင်ပေးရာ ဥယျာဉ်ကမ္ဘာမြေဖြစ်သည်။ ထိုဥယျာဉ်၏ မျက်နှာစာတွင် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"ဟူသည့် ဆောင်ပုဒ်ကိုရေးထိုးထားခြင်းမှာ အကြောင်းမဲ့မဟုတ် အဓိပ္ပာယ်များစွာပါဝင်နေသည်။ ကျောင်းသား၊ ကျောင်းသူများသည် နေ့စဉ်ကျောင်းတော်သို့ဝင်ထွက်သွားလာတိုင်း ဤဆောင်ပုဒ်ကို မြင်တွေ့ကြရသည်။ ထိုအခါ မိမိတို့၏ ပညာသင်ကြားမှုသည် စာမေးပွဲအောင်ရန်၊ ဘွဲ့တစ်ခုရရန်အတွက်သာမဟုတ်ဘဲ နိုင်ငံတော်တည်ဆောက်ရေးဟူသော ပိုမိုမြင့်မြတ်သည့် ရည်မှန်းချက်ကြီးနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း အသိစိတ်တွင်စွဲမြဲသွားစေသည်။ ၎င်းသည် "ငါတစ်ယောက် စာတတ်ရင်ပြီးရော" ဟူသော တစ်ကိုယ်ကောင်းဆန်သည့်အတွေးကို ချေဖျက်ပြီး "ငါတတ်သောပညာသည် နိုင်ငံအတွက်ဖြစ်ရမည်" ဟူသော နိုင်ငံ့သားကောင်းစိတ်ဓာတ်ကို မွေးမြူပေးသည်။ ကျောင်းသားများအတွက်သာမက ဆရာ၊ ဆရာမများ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့များနှင့် မိဘပြည်သူများအတွက်ပါ ဘုံရည်မှန်းချက်တစ်ခုကို ညွှန်ပြနေသည်။ ဆရာ၊ ဆရာမများအဖို့ မိမိတို့သည် လခစားအလုပ်တစ်ခုကို လုပ်ဆောင်နေခြင်းမဟုတ်ဘဲ အနာဂတ်နိုင်ငံတော်၏ ပညာတတ်များကို ထုဆစ်ပုံဖော်ပေးနေသည့် ပန်းပုဆရာများပမာ တန်ဖိုးရှိလှသောတာဝန်ကို ထမ်းဆောင်နေကြောင်း အစဉ်သတိရစေသည်။ မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများကို ကျောင်းသို့ပို့ခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခု ပြုလုပ်နေခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်စေသည်။

ပညာရေး၏အန္တိမရည်မှန်းချက်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးဖြစ်ကြောင်း ဤဆောင်ပုဒ်က ရှင်းလင်းစွာဖော်ပြထားသည်။ "ခေတ်မီခြင်း"ဆိုသည်မှာ အဆောက်အအုံများ၊ နည်းပညာများ တိုးတက်ခြင်းကို မဆိုလို။ အတွေးအခေါ်၊ အမြင်၊ ယဉ်ကျေးမှုတို့ ခေတ်နှင့်အညီရင်ပေါင်တန်းနိုင်ခြင်းကိုဆိုလိုသည်။ "ဖွံ့ဖြိုးတိုးတက်ခြင်း" ဆိုသည်မှာလည်း စီးပွားရေးတစ်ခုတည်းကို မဆိုလိုဘဲ လူမှုရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေး စသည့် ကဏ္ဍပေါင်းစုံ ဟန်ချက်ညီညီတိုးတက်ခြင်းကိုဆိုလိုသည်။ထိုသို့သော နိုင်ငံတော်ကိုတည်ဆောက်ရန်အတွက် ပညာရေးသည် တစ်ခုတည်းသောခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ဤဆောင်ပုဒ်က အခိုင်အမာ သက်သေခံလျက်ရှိသည်။

ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် ပညာရေးက အရေးပါသည်ဟုဆိုရာ၌ မည်သည့်ပညာရပ်များကို သင်ကြားရမည်လဲဟူသော မေးခွန်းမှာအရေးကြီးလာသည်။ အကြမ်းဖျင်းအားဖြင့် စာပေနှင့် လူမှုဝိဇ္ဇာပညာရပ်များနှင့် သိပ္ပံနှင့်နည်းပညာဟူ၍ခွဲခြားနိုင်သည်။ ဤပညာရပ်နှစ်မျိုးစလုံးသည် နိုင်ငံတော်အတွက် မရှိမဖြစ်အရေးပါပြီး တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေသည်။ စာပေ၊ သမိုင်း၊ ပထဝီ၊ ဒဿနိကဗေဒ၊ ယဉ်ကျေးမှု စသည့် ပညာရပ်များသည် နိုင်ငံတစ်နိုင်ငံ၏ နှလုံးသားနှင့်ဝိညာဉ်ကို ထိန်းသိမ်းပေးသော ပညာရပ်များဖြစ်သည်။ စာပေပညာသင်ကြားခြင်းသည် ကဗျာတစ်ပုဒ်ကို အလွတ်ရွတ်ဆိုနိုင်ရန် သို့မဟုတ် ဝတ္ထုတစ်ပုဒ်၏ ဇာတ်လမ်းကို သိရှိရန်အတွက်သာ မဟုတ်ပါ။ စာပေသည် လူသားတို့၏ စိတ်ခံစားမှု၊ အတွေးအခေါ်နှင့် ဘဝအတွေ့အကြုံတို့ကို ထင်ဟပ်ပြသော မှန်တစ်ချပ်ဖြစ်သည်။ စာပေကို လေ့လာခြင်းဖြင့် ကျွန်ုပ်တို့သည် အခြားသူများ၏ ခံစားချက်ကို ကိုယ်ချင်းစာတတ်လာသည်။ မိမိတို့၏ ဘိုးဘွားများ၏ အမွေအနှစ်၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာကို ပိုမိုတန်ဖိုးထားတတ်လာသည်။ သမိုင်းကို သင်ယူခြင်းဖြင့် အတိတ်ကဖြစ်ရပ်များမှ သင်ခန်းစာယူကာ အနာဂတ်အတွက် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းရှိလာသည်။ ဤပညာရပ်များသည် လူသားတစ်ဦးကို တွေးခေါ်တတ်သူ၊ ခံစားတတ်သူ၊ ယဉ်ကျေးသိမ်မွေ့သူတစ်ဦးဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသည်။

ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ ကွန်ပျူတာသိပ္ပံ၊ အင်ဂျင်နီယာပညာရပ် စသည်တို့သည် ခေတ်မီနိုင်ငံတော်၏ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကိုတည်ဆောက်သည့် ပညာရပ်များဖြစ်သည်။ ဤပညာရပ်များ တိုးတက်မှသာလျှင် စက်ရုံအလုပ်ရုံများ၊တံတားများ၊ လမ်းများ၊ ဆေးရုံများ၊ ဆက်သွယ်ရေးစနစ်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ ကမ္ဘာနှင့်အမီလိုက်နိုင်ရန်၊ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်ရန်အတွက် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုသည် မရှိမဖြစ်လိုအပ်သည်။ ၎င်းသည် ပြည်သူတို့၏ နေ့စဉ်ဘဝကို ပိုမိုလွယ်ကူအဆင်ပြေစေသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတစ်ရပ်ဖြစ်ပေါ်လာရန်အတွက် အထက်ပါ ပညာရပ်နှစ်မျိုးစလုံး ဟန်ချက်ညီညီဖွံ့ဖြိုးရန်လိုအပ်သည်။ သိပ္ပံနှင့်နည်းပညာသာတိုးတက်ပြီး လူမှုဝိဇ္ဇာပညာရပ်များ အားနည်းပါက၊ နှလုံးသားမပါသော စက်ရုပ်များနှင့်တူသည့် လူ့အဖွဲ့အစည်းဖြစ်လာနိုင်သည်။ နည်းပညာကို လူသားအကျိုးအတွက် အသုံးမပြုဘဲ ဖျက်လိုဖျက်ဆီးအတွက် အသုံးချလာနိုင်သည်။ တစ်ဖန် လူမှုဝိဇ္ဇာပညာရပ်များသာ ထွန်းကားပြီး သိပ္ပံနှင့်နည်းပညာ နောက်ကျကျန်နေပါကလည်း နိုင်ငံသည် ခေတ်နောက်ကျကျန်နေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်တည်ဆောက်ရေးတွင် အသိဉာဏ်ပညာထက်မြက်သည့် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများ လိုအပ်သကဲ့သို့ ကိုယ်ချင်းစာတရားနှင့် ပြည့်စုံပြီး လူ့အဖွဲ့အစည်းကို မှန်ကန်စွာဦးဆောင်နိုင်မည့် စာပေပညာရှင်များ၊ သမိုင်းပညာရှင်များနှင့် အုပ်ချုပ်သူများလည်း တစ်ပြိုင်နက်တည်း လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ပညာရေးသည် မျိုးစေ့နှင့်တူသည်။ ထိုမျိုးစေ့ကို နိုင်ငံတော်တည်းဟူသော မြေယာတွင် စိုက်ပျိုးလိုက်သောအခါ နိုင်ငံသားအားလုံး၏ စုပေါင်းအား၊ ရေလောင်းပေါင်းသင် ပြုစုစောင့်ရှောက်မှုဖြင့် ရှင်သန်ကြီးထွားလာမည်ဖြစ်သည်။ ထိုအခါ ခေတ်မီခြင်း၏အကိုင်းအခက်များ ဝေဆာပြီး ဖွံ့ဖြိုးတိုးတက်ခြင်း၏ အသီးအပွင့်များ သီးပွင့်လာသော နိုင်ငံတော်ကြီးကို ကျွန်ုပ်တို့အားလုံး မြင်တွေ့ခံစားကြရမည်မှာ ဧကန်မလွဲပင် ဖြစ်ပါတော့သည်။ ထို့ကြောင့် စာသင်ကျောင်းများပေါ်မှ ဤဆောင်ပုဒ်ကို နေ့စဉ်မြင်တွေ့ရတိုင်း၊ မိမိတို့သည် ထိုမြင့်မြတ်သော ပန်းတိုင်ဆီသို့ လျှောက်လှမ်းနေသည့် ခရီးသည်များဖြစ်ကြောင်း အစဉ်သတိချပ်လျက် တစ်ဦးချင်း၏ ကြိုးပမ်းအားထုတ်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို လက်တွဲညီညီ တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ဇော်မျိုး(မြဝတီ)**

# အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက်မှုအန္တရာယ် (အပိုင်း ၂)

ဧောင်ရှင်း

ယမန်နေ့မှအဆက်

**NUG လက်အောက်ခံ PDF များနှင့် ချိတ်ဆက်သယ်ဆောင်မှု**

သူတို့ရဲ့ အဓိကမူးယစ်ဆေးဝါးသယ်ဆောင်ရာ လမ်းကြောင်းဖြစ်တဲ့ ရှမ်းပြည်(မြောက်ပိုင်း)-မန္တလေး-ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ရေလမ်းကြောင်း၊ မန္တလေး-မိတ္ထီလာ-မကွေး-ပဒါန်းမှတစ်ဆင့် ရခိုင်ပြည်နယ် ကုန်းလမ်းကြောင်းများမှ သယ်ဆောင်လေ့ရှိပြီး အဲ့ဒီလမ်းကြောင်းတွေက သယ်ဆောင်မှုများမှာ ၂၀၂၄ ခုနှစ်အတွင်း ဖမ်းဆီးခံရမှု များပြားလာတဲ့အတွက် **၂၀၂၅ ခုနှစ် အတွင်းမှာတော့ ပုလင်းတူ ဘူးဆို့ NUG၊ PDF များနဲ့ ချိတ်ဆက်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကချင်ပြည်နယ်မှ ထွက်ရှိတဲ့ မူးယစ်ဆေးဝါးတွေကို စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ချင်းပြည်နယ်အတွင်းရှိ PDF တွေ လှုပ်ရှားသည့် နယ်မြေများအတွင်းမှ ရခိုင်ပြည်နယ်ကို သယ်ဆောင်လျက်ရှိနေပါတယ်။**

ဒါ့ကြောင့်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက်မှာ NUG လက်အောက်ခံ ယင်းမာပင်ခရိုင် PDF သုံးဦးက AA အဖွဲ့နဲ့ပတ်သက်နေတဲ့ မူးယစ်ဆေးဝါးတွေကို အခကြေးငွေယူပြီး သယ်ဆောင်လာတဲ့ စိတ်ကြွရူးသွပ်ဆေး သုံးသန်း၊ ဘိန်းဖြူ ကီလိုဂရမ် ၁၀၀ ခန့်မှန်းတန်ဖိုးကျပ် ကိုးဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း)ကို ဟားခါးမြို့နယ်အတွင်းမှာ ချင်းလက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သတင်းတွေကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လာခဲ့ပါတယ်။ အဲ့ဒီမူးယစ်ဆေးဝါး သယ်ဆောင်တဲ့ အဖွဲ့ဝင်တွေဟာ NUG လက်အောက်ခံ ယင်းမာပင်ခရိုင် PDF အဖွဲ့ကဖြစ်ပြီး အကြမ်းဖက် PDF အဖွဲ့တွေကို NUG က ထောက်ပံ့မှု မလုပ်ပေးတဲ့အတွက် သူတို့အဖွဲ့ ရပ်တည်ရေးအတွက် မူးယစ်ဆေးဝါးသယ်ဆောင်ပြီး ရန်ပုံငွေရှာဖွေခြင်းဖြစ်ကြောင်း၊ ယခင်က သုံးကြိမ်သယ်ဆောင်လွတ်မြောက်ခဲ့ပြီး လေးကြိမ်မြောက်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

ဒီဖြစ်စဉ်အရ NUG လက်အောက်ခံ PDF အဖွဲ့တွေဟာ မူးယစ်ဆေးဝါးသယ်ဆောင်မှုကို AA အဖွဲ့ပုံစံအတိုင်း အတုယူပြီး ၎င်းတို့အဖွဲ့ ရပ်တည်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်နေတာကို ထင်ရှားစွာတွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ့ပြင် AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးဖြန့်ဖြူးရေးလက်တံတွေဟာ မြန်မာနိုင်ငံတစ်နံတစ်လျားကျယ်ပြန့်စွာ ရောက်ရှိနေပြီး အရေအတွက်နည်းနည်းနဲ့ အခေါက်ရေများများ သယ်ဆောင်တဲ့ပုံစံကနေ သူတို့အခြေပြုနေတဲ့ နယ်မြေများမှတစ်ဆင့် အရေအတွက်များများ အခေါက်ရေနည်းနည်း သယ်ဆောင်လျက်ရှိပြီး ကိုယ်တိုင်ကုန်သွယ်မှု လုပ်နေသလို တခြားသောင်းကျန်းသူအဖွဲ့တွေရဲ့ မူးယစ်ဆေးဝါးတွေကို သူတို့အခြေပြုတဲ့ နယ်မြေတွေက ဖြတ်သန်းခွင့်ပြုပြီး အခွန်ကောက်ခံလျက်ရှိနေပါတယ်။ AA အဖွဲ့ သယ်ဆောင်ဖြန့်ဖြူးနေတဲ့ မူးယစ်ဆေးဝါးတွေဟာ မြို့ရွာအသီးသီးရှိ လူငယ်ထုအတွင်းသာမက သောင်းကျန်းသူ လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေအကြားလည်း သုံးစွဲမှုအလွန်များပြားလျက်ရှိပါတယ်။

အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ တပ်မတော်က သိမ်းဆည်းရရှိခဲ့တဲ့ AA တပ်ဖွဲ့ဝင်အလောင်းတွေ၊ အခြားအထောက်အထားတွေအရ AA ခေါင်းဆောင်ပိုင်းဟာ လက်အောက်ခံတပ်ဖွဲ့ဝင်တွေကို တိုက်ပွဲဝင်ရာတွင် ပင်ပန်းဆင်းရဲမှုဒဏ်ခံနိုင်ဖို့ မူးယစ်ဆေးဝါးတွေ တိုက်ကျွေးပြီး တိုက်ပွဲဝင်လေ့ရှိကြသလို အကြမ်းဖက်သမား PDF တွေကလည်း အလားတူ လိုက်ပါလုပ်ဆောင်နေတဲ့အတွက် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များအတွင်း စိတ်ကြွမူးယစ်ဆေးဝါး ဝယ်ယူသုံးစွဲမှုဟာ ဈေးကွက်တစ်ခုဖြစ်နေပါတယ်။

**AA အဖွဲ့၏ ပြည်ပမူးယစ်ဆေးဝါးဈေးကွက်**

AA အဖွဲ့ရဲ့ ပြည်ပမူးယစ်ဆေးဝါးဈေးကွက်ကတော့ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနိုင်ငံတို့မှတစ်ဆင့် အနောက်နိုင်ငံများနဲ့ အရှေ့အလယ်ပိုင်းဒေသများထိ ကျယ်ပြန့်ကြီးထွားလျက်ရှိနေပါတယ်။ ဒီအချက်ကို သက်သေပြနေတဲ့ဖြစ်စဉ်ကတော့ ၂၀၂၅ ခုနှစ် ဩဂုတ် ၅ ရက်မှ ၁၄ ရက်အတွင်း ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဂိုဏ်းအဖွဲ့ဝင် ၁၃ ဦးနဲ့အတူ မလေးရှားနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုတင်ပို့မယ့် ငွေကျပ် ၂၅၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၄ သန်း)ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း ၅၆၁၄ ဒသမ ၂ ကီလို၊ ကက်တမင်း ၁၈၉၉ ကီလို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပါတယ်။

ဒီဖြစ်စဉ်မှာ ဝမ်ဟိုင်းမှာအခြေပြုနေတဲ့ AA အဖွဲ့ အကောက်ခွန်မှူးဆိုသူ ဗိုလ်မှူးအဆင့်ရှိ ကိုရေး (ရခိုင်)နဲ့ ရခိုင်ပြည်နယ် မြေပုံမှာနေတဲ့ အဆင့်စိစစ်ဆဲ ဝင်းခိုင်တို့က AA အဖွဲ့ဝင်တွေဖြစ်ပြီး ရန်ကုန်မှာ အခြေပြုပြီး မူးယစ်ဆေးဝါးတွေကို သိုလှောင်ဖြန့်ဖြူးတဲ့ ထွန်းသိန်း (ရခိုင်)နဲ့ မလေးရှားကို ပို့ဆောင်သူ ကွမ်းခြံကုန်းမှာနေတဲ့ ကျော်စွာဝင်း(ရခိုင်)တို့က AA အဖွဲ့ရဲ့ အရပ်သားအသွင်ယူထောက်ပံ့ရေးတာဝန်ခံတွေဖြစ်ပါတယ်။ သူတို့အားလုံးရဲ့ နောက်ကွယ်မှာတော့ AA အဖွဲ့ရဲ့ အတွင်းရေးမှူး ဘဏ္ဍာငွေရှာဖွေရေးတာဝန်ခံ ကျော်ဟန် ရှိနေပါတယ်။

AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက် ဖြန့်ကြက်ထားမှုအရ ပြည်တွင်းပြည်ပမှာ AA အဖွဲ့ဝင်တွေကိုယ်တိုင် သယ်ဆောင်ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်သလို၊ ယခုဖြစ်စဉ်လို သောင်းကျန်းသူတွေ ထိန်းချုပ်ထားတဲ့ နယ်မြေမှာ တာဝန်ခံထားရှိပြီး အဖမ်းဆီးခံရနိုင်တဲ့ လမ်းကြောင်းတွေမှာ အရပ်သားအသွင်ယူ ရခိုင်လူမျိုး စီးပွားရေးတာဝန်ခံ၊ ထောက်ပို့တာဝန်ခံတွေကို တာဝန်ပေးလေ့ရှိပါတယ်။ မူးယစ်ဆေးဝါးကုန်သွယ်မှုကို AA အဖွဲ့ပိုင် မူးယစ်ဆေးဝါးတွေ သယ်ယူပို့ဆောင်ဖြန့်ဖြူးသလို၊ အခြားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ မူးယစ်ဆေးဝါးတွေကို သူတို့နယ်မြေထဲကနေ လုံခြုံစိတ်ချစွာဖြတ်သန်းခွင့်ပြုပြီး အခွန်ကောက်ယူတဲ့အလုပ်ကိုလည်း လုပ်ကိုင်လျက်ရှိပါတယ်။

ဒီဖြစ်စဉ်မှာ ဖမ်းဆီးရမိသူတွေရဲ့ ထွက်ဆိုချက်တွေအရ ဝမ်ဟိုင်းကသယ်ဆောင်လာတဲ့ မူးယစ်ဆေးဝါးတွေကို AA အဖွဲ့လှုပ်ရှားနေတဲ့ ရခိုင်ပြည်နယ် မြေပုံမြို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နဲ့ မလေးရှားနိုင်ငံတို့ကို တင်ပို့ပြီးပါက စိတ်ကြွဆေးပြား တစ်သောင်းကို သုံးသိန်းကျပ်နှုန်းနဲ့ ဆေးပြား ၂၁၈ သိန်းအတွက် သိန်းပေါင်း ၆၅၄၀၊ အိုက်စ် တစ်ကီလို ငါးသိန်းကျပ်နှုန်းနဲ့ အိုက်စ် ၅၆၁၄ ကီလိုအတွက် သိန်းပေါင်း ၂၈၀၇၀ စုစုပေါင်း ကျပ်သိန်းပေါင်း ၃၄၆၀၀ ကို AA အဖွဲ့က အခွန်ငွေရရှိမှာဖြစ်ပါတယ်။ AA အဖွဲ့ဟာ ကိုယ်တိုင်ရင်းနှီးမြှုပ်နှံစရာမလိုဘဲ မူးယစ်ဆေးဝါးထွက်ရှိရာနယ်မြေမှာ ကိုယ်စားလှယ်တစ်ဦးထား၊ ရခိုင်ပြည်နယ်ထဲမှာ ကိုယ်စားလှယ်တစ်ဦးထားပြီး သယ်ဆောင်ရာလမ်းကြောင်းတစ်လျှောက်မှာ သူတို့အဖွဲ့ရဲ့ အရပ်သားထောက်ပို့တာဝန်ခံတွေကို သယ်ဆောင်စေပြီး သူ့နယ်မြေထဲက ဖြတ်သန်းတဲ့ မူးယစ်ဆေးဝါးတွေအတွက် အသားတင်အခွန်ငွေ ကောက်ခံနေခြင်းဖြစ်ပါတယ်။

ဒါကြောင့်လည်း AA အဖွဲ့ဟာ သူတို့အဖွဲ့ရဲ့ဘဏ္ဍာငွေကြေးလိုအပ်ချက်အတွက် မူးယစ်ဆေးဝါးတွေကို ကိုယ်တိုင်ကုန်သွယ်မှုလုပ်သလို အခြားမူးယစ်ဆေးဝါးလုပ်နေတဲ့ မူးယစ်ဆေးဝါးဂိုဏ်း သူတို့နယ်မြေထဲက ဖြတ်သန်းစေပြီး အခွန်ငွေများများကောက်ခံနိုင်ရေး အကြီးအကျယ် လုပ်ကိုင်ဆောင်ရွက်နေကြောင်း အထင်အရှားမြင်တွေ့ရမှာဖြစ်ပါတယ်။

ဒီထက်ပိုပြီး ထင်ရှားတဲ့သက်သေကတော့ AA အဖွဲ့ အခြေပြုနယ်မြေ ရခိုင်ပြည်နယ်ထဲက မြို့ရွာတွေမှတစ်ဆင့် ဝင်ရောက်လာတဲ့ စိတ်ကြွဆေးပြားတွေ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းတွေမှာ အလွယ်တကူ အများအပြားဝယ်ယူရရှိနေခြင်းဖြစ်ပါတယ်။ ဒီအချက်ကိုတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဦးစီးဌာန(Department of Narcotics Control-DNC)ရဲ့ ၂၀၂၁ ခုနှစ် အစီရင်ခံစာမှတ်တမ်းတွေအရ **စာမျက်နှာ ၂၀ သို့**



၂၀၂၅ ခုနှစ် ဩဂုတ် ၅ ရက် ရွှေပြည်သာမြို့နယ်တွင် ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း မှတ်တမ်းဓာတ်ပုံ။



၂၀၂၅ ခုနှစ် ဩဂုတ် ၁၄ ရက် ကွမ်းခြံကုန်းမြို့နယ်တွင် ဖမ်းဆီးရမိ အိုက်စ် ၅၆၁၄ ဒသမ ၂ ကီလိုဂရမ် မှတ်တမ်းဓာတ်ပုံ။




ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် AA အကြမ်းဖက်အဖွဲ့က ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် ဘင်္ဂါလီလူမျိုးဦးရေ ၆၀၀ ကျော်ခန့်ကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့်သတင်းအား Al Jazeera သတင်းဌာနနှင့် Freedom Seeker Twitter(X) တွင် ဖော်ပြထားရှိမှုမှတ်တမ်းဓာတ်ပုံ။

# ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်) ရှိ ခန်းမ၌ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော် ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မတော်ပညာရေးကျောင်းများ ပညာရည် တိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ လိုအပ်သည့် အချက်အလက်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် တက်ရောက်လာကြသည့်တာဝန်ရှိသူများက စာသင်ခန်းအတွင်း ကောင်းမွန်သောစီမံခန့်ခွဲမှု (Classroom Managament)နှင့် ထိရောက်သောသင်ကြား၊ သင်ယူမှုများ ဖြစ်ပေါ်စေရေး လှုံ့ဆော်ဆောင်ရွက်ပေးခြင်း (Classroom Motivation) ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍ၏ အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တပ်မတော်သားမိသားစုဝင်များဖြစ်ကြသည့် အိမ်ထောင်သည်ရဲမေများအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တိုင်းစစ်ဌာနချုပ်များ၊ ခြေမြန်တပ်မဌာနချုပ်များ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်များမှ တပ်မတော်အခြေခံပညာကျောင်းများအတွက် လုပ်ဆောင်ပေးနိုင်သောအခြေအနေများ၊ အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်အခြေပြုလုပ်ငန်းများ ရှင်သန်သက်ဝင်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စက်မှုစိုက်ပျိုးမွေးမြူရေးဆိုင်ရာ သက်မွေးပညာရပ်များကို တပ်မတော်သား မိသားစုဝင် မှီခိုသူသားသမီးများ ပိုမိုတက်ရောက်နိုင်ရေး တိုးချဲ့ဖွင့်လှစ်မည့်အခြေအနေများ၊ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို အနာဂတ်နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အခြေခံပညာရေးကဏ္ဍမှ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန်အတွက် မွမ်းမံသင်တန်းများ ပို့ချခြင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်းလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်း စသည့်နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့်အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် အသီးသီးဆွေးနွေးကြသည်။

အခမ်းအနားအပြီးတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ" ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

၁။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် **"သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ"** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့်အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို HTTPS://BIT.LY/47MD8CK တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန**

---

**စာမျက်နှာ ၁၉ မှအဆက်**

သိရှိနိုင်ပါတယ်။ အဲ့ဒီအစီရင်ခံစာမှာ **ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ စိတ်ကြွဆေးပြားသုံးစွဲသူ ရှစ်သန်းခန့်ရှိပြီး နှစ်စဉ်နှစ်တိုင်း DNC အဖွဲ့အနေဖြင့် စိတ်ကြွဆေးပြားသန်း ၅၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ဖမ်းဆီးရမိတဲ့ စိတ်ကြွဆေးပြားတွေဟာ AA အဖွဲ့ထိန်းချုပ်ရာ ရခိုင်ပြည်နယ် မြို့ရွာတွေကတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းကို ဝင်ရောက်လာခြင်းဖြစ်ပြီး ဖမ်းဆီးရမိမှုများ၏နောက်ကွယ်တွင် AA အဖွဲ့ဝင်တွေကိုယ်တိုင်ပါဝင်ပတ်သက်မှုရှိကြောင်း ဖော်ပြထားရှိပါတယ်။ ဒါ့ကြောင့် အကြမ်းဖက်လက်နက်ကိုင် AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါး ကုန်သွယ်မှုလုပ်ငန်းတွေဟာ ပြည်တွင်းသာမက ပြည်ပနိုင်ငံတွေကိုပါ အကြီးအကျယ်တင်ပို့ရောင်းချနေကြောင်း ငြင်းလို့မရတဲ့ လူသက်သေ၊ ပစ္စည်းသက်သေအထောက်အထားတွေ အခိုင်အမာရှိနေပါတယ်။**

**မူးယစ်ဆေးဝါးစီးပွားရေးနှင့် အကြမ်းဖက်လုပ်ရပ် အပြန်အလှန်သက်ရောက်မှု**

AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်ကို ပြည်တွင်း၊ ပြည်ပချိတ်ဆက်ထားပြီး မူးယစ်ဆေးဝါးဝင်ငွေကြောင့် လက်နက်၊ ခဲယမ်းအင်အား တောင့်တင်းလာသလို တိုက်ပွဲတွေစဉ်ဆက်မပြတ်ဖြစ်ပွားနေလို့ လျော့နည်းသွားတဲ့ လက်နက်၊ ခဲယမ်းတွေ ပြန်လည်ဖြည့်တင်းဖို့ မူးယစ်ဆေးဝါးကုန်သွယ်မှုကို ပိုမိုလုပ်ဆောင်နေကြပါတယ်။ အလားတူပဲ မူးယစ်ဆေးဝါး ကုန်သွယ်မှုကြောင့် ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်တွေ ပိုမိုဖြစ်ပွားလာနေသလို လက်နက်ကိုင် အကြမ်းဖက်မှုတွေ ပိုမိုလုပ်ဆောင်နိုင်ဖို့ ပင်မစီးပွားရေးဖြစ်တဲ့ မူးယစ်ဆေးဝါးကုန်သွယ်မှုကို ပိုမိုလုပ်ဆောင်လျက်ရှိနေပါတယ်။ မူးယစ်ဆေးဝါးဝင်ငွေနဲ့လူ၊ လက်နက်အင်အားရှိလာတဲ့ AA အဖွဲ့ရဲ့ လက်နက်ကိုင်လမ်းစဉ်ကြောင့် တိုက်ပွဲတွေ အရှိန်မြင့်တက်ခဲ့ရသလို အကြမ်းဖက်လုပ်ရပ်တွေကြောင့် ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းမှုပျက်စီးပြီး ပြည်သူအများ လူမှုဘဝများ နိမ့်ပါးလျက်ရှိနေပါတယ်။

**ငြင်းလို့မရတဲ့ အကြမ်းဖက်လုပ်ရပ်များ**

AA အဖွဲ့ဟာ သူတို့အဖွဲ့ရပ်တည်ရှင်သန်နိုင်ရေးအတွက် ရခိုင်လူမျိုးရေးအရဝါဒမှိုင်း သွတ်သွင်းခြင်းကြောင့် လူမျိုးရေးအမြင်ကျဉ်းမြောင်းတဲ့ AA အဖွဲ့ဝင်တွေက ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားတွေ၊ လူမျိုးစုတွေကို လူမျိုးရေးနဲ့ ဘာသာရေးအရ အကြမ်းဖက်တိုက်ခိုက်မှုတွေ ရက်ရက်စက်စက် လုပ်ဆောင်နေတာ မြင်တွေ့ကြားသိနေရပါတယ်။ လတ်တလော နိုင်ငံတကာသတင်းမီဒီယာတွေမှာ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြနေကြတဲ့ ဘူးသီးတောင်မြို့နယ် ထန်းရှောက်ခံကျေးရွာမှာ ၂၀၂၄ ခုနှစ် မေလအတွင်းက ဘင်္ဂါလီလူမျိုး ကလေးငယ်များ၊ အမျိုးသမီးများအပါအဝင်လူဦးရေ ၆၀၀ ခန့်ရက်စက်စွာသတ်ဖြတ်ခံရမှုဟာ AA အဖွဲ့ရဲ့ လူသားချင်းစာနာမှုကင်းမဲ့တဲ့ အကြမ်းဖက်လုပ်ရပ်များဖြစ်ပါတယ်။

အလားတူပဲ ၂၀၂၄ ခုနှစ် ဇွန်လအတွင်းမှာ AA အကြမ်းဖက်အဖွဲ့မှ ထွန်းဝေ ဦးစီးအဖွဲ့က ဘူးသီးတောင်မြို့ပေါ် ၅ ရပ်ကွက်က မွတ်စလင်အမျိုးသား ၈၇ ဦး၊ စိမ်းညွှင်းပြာကျေးရွာက အမျိုးသား ၁၃၅ ဦး၊ ညောင်ချောင်းကျေးရွာက ၉၅ ဦး၊ တောင်ဘဇားကျေးရွာက ဦးရေ ၄၀ စုစုပေါင်း ၃၅၇ ဦးကို အစိုးရတပ်နဲ့ပတ်သက်ကြောင်းစွပ်စွဲပြီး အကြောင်းမဲ့သတ်ဖြတ်ခဲ့ပါတယ်။ ရခိုင်လူမျိုးကြီးဝါဒ စွဲကိုင်ထားတဲ့ AA အဖွဲ့ဟာ ဘင်္ဂါလီလူမျိုးတွေကိုသာမက မောင်တောနဲ့ ပလက်ဝမြို့နယ်တို့မှာနေထိုင်တဲ့ ချင်းနဲ့ မြိုလူမျိုးတွေကိုလည်း အတင်းအဓမ္မဖမ်းဆီး စစ်သားစုဆောင်းခဲ့သလို အနိုင်ကျင့်သတ်ဖြတ်မှုတွေကိုလည်း ပြုလုပ်လေ့ရှိပါတယ်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက မောင်တောမြို့နယ် သစ်တုံးနားခွဆုံရွာက မြိုလူမျိုး ဦးရေ ၉၀ ကျော်ကို အဓမ္မဖမ်းဆီးသွားခဲ့ရာမှာ အသက် ၁၈ နှစ်မပြည့်သေးတဲ့ ကလေးငယ်ဦးရေ ၃၀ ကျော်ပါဝင်သွားပြီး ယနေ့ထိ သတင်းမရရှိလို့ မိသားစုဝင်တွေ စိုးရိမ်သောကရောက်ရှိနေကြကြောင်းလည်း သိရှိရပါတယ်။

အထူးသဖြင့်တော့ ဘူးသီးတောင်၊ မောင်တောဘက်က ဘင်္ဂါလီကျေးရွာတွေကို မကြာခဏ Drop Bomb ချတိုက်ခိုက်မောင်းထုတ်လို့ ဘင်္ဂါလီလူမျိုးတွေ နေရပ်စွန့်ခွာထွက်ပြေးနေကြရသလို ပလက်ဝ၊ ပေါက်တော၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်ဘက်မှာလည်း အပြစ်မဲ့ပြည်သူတွေကို ဥပဒေမဲ့ မတရားဖမ်းဆီးသတ်ဖြတ်မှုတွေ၊ စစ်သင်တန်းအတင်းအဓမ္မတက်ခိုင်းပြီး မတက်လိုသူတွေကို ငွေကြေးကောက်ခံမှုတွေ ပြုလုပ်လျက်ရှိပါတယ်။

**ယခုဖော်ပြခဲ့တဲ့ အကြမ်းဖက် AA အဖွဲ့ရဲ့ မူးယစ်ဆေးဝါးစီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ ကမ္ဘာ့နိုင်ငံတိုင်းက လက်မခံနိုင်တဲ့ ရာဇဝတ်မှုတွေဖြစ်ပါတယ်။ သူတို့အဖွဲ့က ကျူးလွန်နေတဲ့ မူးယစ်ဆေးဝါးနဲ့ အကြမ်းဖက်မှုတွေကို လုံးဝဘူးခံငြင်းဆန်နေပေမယ့် ငြင်းလို့မရတဲ့ လူသက်သေ၊ ပစ္စည်းသက်သေတွေက အထင်အရှားရှိနေပါတယ်။**

**နိုင်ငံတကာသို့ အသိပေးတိုက်တွန်းနှိုးဆော်ချက်**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပြဿနာဟာ နိုင်ငံတော်အစိုးရအဆက်ဆက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အဓိကဝင်ငွေရရှိရေး ပင်မစီးပွားရေးလုပ်ငန်းဖြစ်နေတာကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ သက်စိုးရှည်ခြင်းနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို အထူးအလေးထားပြီး နိုင်ငံတကာအကူအညီမရရှိဘဲ ကိုယ့်ခွန်ကိုယ်အားနဲ့ အမြစ်ပြတ်အောင် ချေမှုန်းတိုက်ဖျက်ခဲ့ပါတယ်။ ပိုမိုထိရောက် အောင်မြင်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း အချို့သော နိုင်ငံတကာအစိုးရတွေ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့တွေဟာ လက်နက်ကိုင်မူးယစ်ရာဇဝတ် AA အဖွဲ့အပါအဝင် NUG လက်အောက်ခံ PDF တွေရဲ့ မူးယစ်ဆေးဝါးသယ်ဆောင်သုံးစွဲမှုများနဲ့ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်တွေကို မသိချင်ယောင်ဆောင်နေကြတာ စိတ်မကောင်းစရာ မြင်တွေ့ကြားသိနေရပါတယ်။


ဒါ့ကြောင့် မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုတွေကို ယခုထက်ပိုမိုထိရောက်စွာ နှိမ်နင်းနိုင်ရေး မူးယစ်ဆေးဝါးကုန်သွယ်မှုကြောင့် ပိုမိုအားကောင်းလာတဲ့ အကြမ်းဖက်လုပ်ရပ်များကို ထိရောက်စွာတားဆီးနိုင်ရေးအတွက် မူးယစ်ဆေးဝါးကုန်သွယ်မှု အကြီးအကျယ်လုပ်နေတဲ့ အကြမ်းဖက် AA အဖွဲ့ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အမည်ခံ လက်နက်ကိုင်မူးယစ်ဆေးဝါးဂိုဏ်းတွေကို နိုင်ငံတကာမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဖွဲ့များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းနှိမ်နင်းရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော်အသိပေးတင်ပြလိုက်ရပါတယ်။

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နောင်ချို-ကျောက်မဲလမ်းပိုင်းအတွင်း သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် နေရာများကို တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်မှုမှတ်တမ်းဓာတ်ပုံ။






တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် ဂုတ်ထိပ်တံတားအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများက ဂုတ်ထိပ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှအဆက်**

နောင်ချို-ဂုတ်တွင်း လမ်းကြောင်း၊ နောင်ချို-ဂုတ်ထိပ် မီးရထားလမ်း လမ်းကြောင်းများဖြင့် စစ်ကြောင်း နှစ်ကြောင်းခွဲ၍ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကြား ဂုတ်တွင်းတံတားနှင့် ဂုတ်ထိပ်မီးရထားလမ်းကြားနေရာတစ်ဝိုက်ရှိ မြေပြင်အနေအထားသည် ပေ ၃၀၀ ကျော်နက်ပြီး တစ်ဖက်နှင့်တစ်ဖက် ပေ ၂၀၀၀ ကျော် ဝေးကွာသော သဘာဝအတားအဆီး ချောက်ကမ်းပါးရှိနေပြီး အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့်လည်း အဆိုပါမြေအနေအထားကို အခွင့်အကောင်းယူ၍ ကမ်းပါးတစ်လျှောက် အခိုင်အမာကွန်ကရစ်ဘန်ကာများ တည်ဆောက်၍ အပေါ်စီးမှ စိုးမိုးနေရာယူကာ တပ်မတော်စစ်ကြောင်းများ ဆက်လက်ချီတက်နိုင်မှုမရှိစေရန်အတွက် ပစ်ခတ်တိုက်ခိုက်ခြင်းများပြုလုပ်ရန် စီမံထားကြောင်း တပ်မတော်စစ်ကြောင်းများက ထောက်လှမ်းသိရှိခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါနေရာများကို ဖြတ်ကျော်ရန် နည်းလမ်းမျိုးစုံဖြင့် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သော်လည်း မြေအနေအထားအရ မိမိဘက်မှ အရေးသာမှုမရှိသည့်အတွက် ရန်သူအား အဆိုပါနေရာတစ်ဝိုက်တွင် ရင်ဆိုင်ထိန်းချုပ်ထားပြီး ကျန်စစ်ကြောင်းများအနေဖြင့် ရန်သူမျှော်လင့်မထားသည့်ဂုတ်ထိပ်တံတားတောင်ဘက် ရှစ်ကီလိုမီတာခန့်အကွာနေရာမှတစ်ဆင့် နမ့်ပန်စီချောင်း၏ ချောက်ကမ်းပါးအား ခဲရာခဲဆစ်ဖြတ်ကျော်လျက် နမ့်ပန်စီချောင်းတစ်ဖက်ကမ်းသို့ ခက်ခက်ခဲခဲဖြတ်ကူးကာ ရန်သူနောက်ကျောဖြစ်သည့် နောင်ပိန်ကျေးရွာအား စစ်နည်းဗျူဟာမြောက် မြေပြင်၊ ဝေဟင်ပေါင်းစပ်ပြီး အကြမ်းဖက် သောင်းကျန်းသူများအား လိုက်လံတိုက်ခိုက်ချေမှုန်း၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၉ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် ခဲတုံကြိုင်ကျေးရွာ၊ ၂၁ ရက်တွင် ကောင်းပိုကျေးရွာ၊ ၂၂ ရက်တွင် ထန်းတပင်ကျေးရွာ၊ ၂၃ ရက်တွင် ပန်တီကျေးရွာ၊ ၂၄ ရက်တွင် နောင်ပိန်ကျေးရွာ၊ ပင်ပေါကျေးရွာနှင့် ဓီးပင်စခန်းကျေးရွာ၊ ၂၅ ရက်တွင် ကျောင်းကုန်းကျေးရွာ၊ ၂၆ ရက်တွင် စန္ဒာမုနိကျောင်းတိုက်၊ ၂၇ ရက်တွင် နောင်ပစ်လမ်းခွဲနှင့် ဂုတ်တွင်းတံတား၊ ၂၈ ရက်တွင် ရှခင်းသာ၊ ယနေ့တွင် ဂုတ်ထိပ်တံတားနှင့် အဆိုပါဒေသတစ်ဝိုက်တို့ကို အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး စစ်ဆင်ရေးကာလ ၁၂ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် ၄၇ ကြိမ်ဖြစ်ပွားခဲ့ကာ ရန်သူ့အလောင်း ၂၉ လောင်းနှင့် လက်နက်မျိုးစုံ ၂၃ လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော် စစ်ကြောင်းများသည် အကြမ်းဖက် သောင်းကျန်းသူများအား အခိုင်အမာခံစစ်စခန်းတည်ဆောက်ထားသည့်ဂုတ်တွင်းနှင့် ဂုတ်ထိပ်မီးရထားလမ်းတံတားနေရာတို့အား တိုက်ခိုက်သိမ်းပိုက်နိုင်ရေးဆောင်ရွက်ခဲ့ရာတွင် သဘာဝအတားအဆီးကို အကာအကွယ်ယူ၍ မြေအနေအထားအသာစီးရယူထားသော အကြမ်းဖက် သောင်းကျန်းသူတို့အား နောင်ချိုမြို့ဘက်ခြမ်း ဂုတ်တွင်းနှင့် ဂုတ်ထိပ်မီးရထားလမ်းတွင် ရှိသော တပ်မတော် စစ်ကြောင်းများအနေဖြင့် ရန်သူအား ရင်ဆိုင်ထိန်းချုပ်ထားပြီး ကျန်စစ်ကြောင်းများအနေဖြင့် ရန်သူမျှော်လင့်ထားခြင်းမရှိသော လမ်းကြောင်းမှ ရန်သူ၏ နောက်ကျောဖြစ်သည့် နောင်ပိန်ကျေးရွာအား ဦးစွာ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး **စာမျက်နှာ ၂၂ သို့**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့နယ် နောင်ပိန်ကျေးရွာကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများ သဘာဝကျောက်ကမ်းပါးခံ၍ အခိုင်အမာခံစစ်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို တွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက ဂုတ်တွင်းတံတားအား ယာယီဘေလီတံတားဖြင့် အဆင်ပြေစွာ သွားလာနိုင်ရေး ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

စာမျက်နှာ ၂၁ မှအဆက်

နောင်ပိန်ကျေးရွာမှတစ်ဆင့် ဂုတ်တွင်းနှင့် ဂုတ်ထိပ်ဒေသတစ်ဝိုက်အား ရန်သူ့နောက်ကျောမှ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

TNLA အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် တပ်မတော်စစ်ကြောင်းများနှင့် တိုက်ပွဲများဖြစ်ပွားစဉ်ကာလအတွင်း ဇူလိုင် ၁၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမိုင်တိုင်အမှတ် (၇၈/၂-၇၈/၃) အတွင်း တည်ရှိသည့် တံတားအမှတ်(၉/၈၄) သံကူကွန်ကရစ်တံတားကိုလည်းကောင်း၊ ဇူလိုင် ၁၅ ရက်တွင် ဂုတ်တွင်းတံတား(အသစ်)နှင့် (အဟောင်း)နေရာနှစ်ခုကို ဒုတိယအကြိမ်မြောက်အဖြစ်လည်းကောင်း၊ဩဂုတ် ၂၄ ရက်တွင် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာကျော်ရှေးဟောင်းတံတားတစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား၏ ကျောက်မဲမြို့ဘက်အခြမ်းရှိ တံတားတိုင်အမှတ် (P - 16)နှင့် ကမ်းကပ်ခုံ(AB-2)နေရာတို့ကြား ပေ ၆၀ အရှည်ရှိ တံတားသံဘောင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB-2) တို့ကိုလည်းကောင်း အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းနှင့် နောင်ချို-ကျောက်မဲလမ်းကြောင်း တစ်လျှောက်၌ လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်စေရန်အတွက် အတားအဆီးများ ပြုလုပ်၍ လမ်းများ ပိတ်ဆို့ထားခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။

ထိုသို့ အကြမ်းဖက်သမားများ လုပ်ဆောင်ခဲ့သည့် လမ်းကြောင်းတစ်လျှောက်ရှိ အတားအဆီးနေရာများနှင့် လမ်းတံတားများအား တပ်မတော်စစ်ကြောင်းများက လူအင်အားနှင့် စက်ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းများနှင့်ဂုတ်တွင်းတံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် တပ်မတော်မှ စစ်မြေပြင် အင်ဂျင်နီယာတပ်ဖွဲ့များက ယာယီ သံဘောင်ဘေလီတံတားထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



တပ်မတော်သားများက ဂုတ်တွင်းအတက်လမ်းအား အဆင်ပြေစွာသွားလာနိုင်ရေးဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦး အား အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများအား စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာသောင်းထိုက်<br>ဒုတိယပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာမင်းမင်းရီ<br>ဒုတိယပါမောက္ခချုပ်<br>မန္တလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ၂၀၂၅ ခုနှစ် ဩဂုတ် ၂၉ ရက် ခဲတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၃၀၀၀၀ ကျပ်။

**ခဲတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Htet Si Thu Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စစ်ကဲကုန်းရပ်ကွက်နေ ထက်စည်သူအောင်အား နံနက် ၈ နာရီ ၅ မိနစ်တွင် စစ်ကဲကုန်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူရှူးကျွန်းရှိ မောင့်ရှင်မိုး မီးတောင် ပေါက်ကွဲမှုဖြစ်ပွား



**တိုကျို ဩဂုတ် ၂၉**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူရှူးကျွန်းရှိ မောင့်ရှင်မိုးမီးတောင်သည် ဩဂုတ် ၂၈ ရက်တွင် ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲစဉ်ပြာမှုန်များနှင့် မီးခိုးငွေ့များသည် မီးတောင်ဝ၏အထက် ကောင်းကင်ယံသို့ ပျံ့လွင့်ခဲ့ကြောင်း၊ ကာဂိုရှီးမားနှင့် မီယာဇာကီစီရင်စုတို့ကြား၌ တည်ရှိသောထိုမီးတောင်သည် ၁၄၂၁ မီတာမြင့်မားပြီး အဆိုပါမီးတောင်သည် ဩဂုတ် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၅၃ မိနစ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမီးတောင်သည် ၂၀၁၈ ခုနှစ် ဇွန်လနောက်ပိုင်းမှ ယခုနှစ် ဇွန်လထိ ငြိမ်သက်နေရာမှ ဇူလိုင်လတွင် လှုပ်ရှားမှုများ စတင်ဖြစ်ပေါ်ကာ ယခုကဲ့သို့ မီးတောင်ပေါက်ကွဲမှု ဖြစ်လာရခြင်းဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA) က ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားပြီး ကာဂိုရှီးမားနှင့် မီယာဇာကီစီရင်စုနှစ်ခုစလုံးရှိ ဒေသခံပြည်သူများကို မီးတောင်ဝသို့သွားခြင်း၊ စူးစမ်းခြင်းများပြုလုပ်မှုမှ ရှောင်ကြဉ်ကြရန် သတိပေးထားကြောင်း ဂျပန် မိုးလေဝသအေဂျင်စီ (JMA) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် မီးတောင်ပေါင်းများစွာရှိပြီး အဆိုပါမီးတောင်များအနက် မီးတောင်အလုံးရေ ၅၀ သည် အန္တရာယ်ရှိသဖြင့် အဆက်မပြတ်စောင့်ကြည့်နေရကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ထိုင်းနိုင်ငံတွင် ကဂျိကိတိုင်ဖွန်းမုန်တိုင်းကြောင့် လူငါးဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးနေ

**ဗန်ကောက် ဩဂုတ် ၂၉**

ထိုင်းနိုင်ငံ မြောက်ဘက်ပိုင်းတွင် ကဂျိကိဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ဒေသခံ လူငါးဦးသေဆုံးခဲ့ပြီးခုနစ်ဦး ပျောက်ဆုံး နေကြောင်း ထိုင်းသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။



ထိုင်းနိုင်ငံ မြောက်ဘက်ပိုင်းနှင့် အရှေ့မြောက်ဘက်ပိုင်းရှိ စီရင်စုပေါင်း ၁၂ စုတွင် ကဂျိကိ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီး ချင်းမိုင်၊ ချင်းရိုင်နှင့် မယ်ဟောင်ဆောင်ခရိုင် တို့တွင် ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်နေရကြောင်း ကဂျိကိ တိုင်ဖွန်းမုန်တိုင်း အန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်လူဦးရေ ၆၃၀၀ ကျော်ရှိနေပြီး လူနေအိမ်ခြေပေါင်း ၁၈၀၀ ကျော်ထိမုန်တိုင်းဒဏ်သင့်ခဲ့ရကြောင်း သိရသည်။

"ကဂျိကိ တိုင်ဖွန်းမုန်တိုင်းကြောင့် မြောက်ဘက်ပိုင်းနဲ့အရှေ့မြောက်ဘက်ပိုင်း ဒေသတွေမှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ သေဆုံးသူ ငါးဦးရှိခဲ့ပြီး ခုနစ်ဦးပျောက်ဆုံးနေပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ ၁၇ဦးရှိနေပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ကယ်ဆယ်ရေးဝန်ထမ်းတွေကို စေလွှတ်ထားပါတယ်။ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု မြင့်မားနေပါတယ်။ ရေကြီး ရေလျှံမှုနဲ့အတူ မြေပြိုကျမှုတွေလည်း ဖြစ်ပေါ်နေပါတယ်။ လူနေအိမ်ခြေပေါင်း ၁၈၀၀ ကျော်ထိ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်" ဟု ထိုင်းသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ကဂျိကိ တိုင်ဖွန်းမုန်တိုင်းသည် ပြီးခဲ့သော ရက်သတ္တပတ်က ဗီယက်နမ်နိုင်ငံတွင် ဝင်ရောက်တိုက်ခတ်သွားခဲ့ပြီး သေဆုံးသူ ခုနစ်ဦးရှိခဲ့ပြီး လူနေအိမ်ခြေပေါင်း ၁၀၀၀၀ ခန့်ထိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည်။

Ref : Sputnik News

Trs : Sai Sat

# IFC နှင့် BTG Pactual တို့က လက်တင်အမေရိက၏ ရေရှည်တည်တံ့ခိုင်မာသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပေးသွားမည်

**ဘရာဇီးလီးယား ဩဂုတ် ၂၉**

ဘရာဇီးနိုင်ငံအခြေစိုက် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးများ ဖြစ်သော IFC နှင့် BTG Pactual ကုမ္ပဏီတို့က လက်တင်အမေရိက၏ ရေရှည်တည်တံ့ခိုင်မာသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးအတွက် အမေရိကန် ဒေါ်လာ ၁ ဘီလီယံထိ ရင်းနှီးမြှုပ်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်၏ လက်ခွဲအဖွဲ့အစည်းတစ်ခုဖြစ်သော International Finance Corporation က လက်တင်အမေရိက၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သွားမည်ဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံရှိ အမေဇုန်သစ်တောကြီးဝိုင်းသည် ကမ္ဘာ့ရာသီဥတုထိန်းသိမ်းရေး စီမံချက်များအတွက် အဓိကကျသည့် သစ်တော ကြိုးဝိုင်းဖြစ်ပြီး သစ်တောပြုန်းတီးမှု လျှော့ချရေးအတွက်လည်း ဘရာဇီးအစိုးရက အလေးအနက်ထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပုဂ္ဂလိကကဏ္ဍကနေ လက်တင်အမေရိကရဲ့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားမယ်။ အမေရိကန် ဒေါ်လာ ၁ ဘီလီယံထိ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပေးသွားမှာဖြစ်ပြီးတော့ ၂၀၂၈ ခုနှစ်ထိ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပေးသွားမှာလဲ ဖြစ်ပါတယ်"ဟု IFC ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ အယ်ဖွန်ဆိုက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်ဒိုနီးရှားအစိုးရက သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သတ္တုမိုင်းတွင်းများ ဖယ်ရှားရှင်းလင်းရေး စတင်သွားမည်

**ဂျကာတာ ဩဂုတ် ၂၉**

အင်ဒိုနီးရှားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံချက်ကိုထိခိုက်စေသည့် သစ်တော ကြိုးဝိုင်းများအတွင်း တရားမဝင် လုပ်ကိုင်ဆောင်ရွက်နေသည့် သတ္တုမိုင်းတွင်းများကို စီမံချက်ဖြင့် ဖယ်ရှားရှင်းလင်းရေးစတင်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ စီမံချက်ကို စက်တင်ဘာ ၁ ရက်မှ စတင်သွားမည်ဖြစ်ပြီး သစ်တောကြိုးဝိုင်းဟက်တာ ၄ ဒသမ ၂၇ သန်းအတွင်း ဆောင်ရွက်နေသည့် တရားဝင်သတ္တုတူးဖော်ရေး လုပ်ငန်းအများအပြား ရှိနေကြောင်း၊ တရားမဝင်သတ္တုမိုင်းတွင်းများအပြင် တရားမဝင် ဆီအုန်းထုတ်လုပ်မှုများကိုလည်း ဖယ်ရှား ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"သစ်တောကြိုးဝိုင်းတွေမှာ တရားမဝင်သတ္တုတူးဖော်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုနဲ့ ခွင့်ပြုချက်မရှိပဲ ကုမ္ပဏီတချို့ ပိုင်ဆိုင်ထားတဲ့ မြေနေရာတွေမှာ ဆီအုန်း စိုက်ပျိုးမှုတွေကို တရားဥပဒေ လမ်းကြောင်းအရ ဖယ်ရှား ရှင်းလင်းသွားမှာဖြစ်ပါတယ်။ အဓိကကတော့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ထိခိုက်စေနိုင်တဲ့ တရားမဝင်သတ္တုတူးဖော်ရေးလုပ်ငန်းတွေကို အမြန်ဆုံး ဖယ်ရှားရှင်းလင်းသွားမှာ ဖြစ်ပြီးတော့ တရားမဝင် ဆီအုန်းထုတ်လုပ်နေတာကိုလဲ တားဆီးသွားမှာဖြစ်ပါတယ်" ဟု အင်ဒိုနီးရှားတရားရေးရာဌာနမှ တရားသူကြီးတစ်ဦးဖြစ်သူ ဖီဘရီက ပြောကြားသွားခဲ့သည်။

ဖယ်ရှားရှင်းလင်းရေးစီမံချက်များအတွက် ရဲတပ်ဖွဲ့နှင့် တပ်မတော်သားများပါဝင်သော အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းသွားမည်ဖြစ်ပြီးတရားမဝင်သတ္တုမိုင်းတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသူများကိုလည်း တရားဥပဒေလမ်းကြောင်းအရ အရေးယူသွားမည် ဖြစ်ကြောင်းလည်း ဖီဘရီက ဆက်လက်ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ပါကစ္စတန်နိုင်ငံတွင် ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး ရေကြီးမှုဒဏ်ကြောင့် ဒေသခံတစ်သန်း ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**အစ္စလာမ်မာဘတ် ဩဂုတ် ၂၉**

ပါကစ္စတန်နိုင်ငံသည် ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး ရေကြီးမှုဒဏ်ကြောင့် ယခုသီတင်းပတ်အတွင်း လယ်ယာလုပ်ငန်း လုပ်ကိုင်သူ ဒေသခံတစ်သန်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ပါကစ္စတန်အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

မုတ်သုံမိုး သည်းထန်စွာ ရွာသွန်းမှု၊ ဆည်ရေလျှံမှုများအပြင် မိုးရွာမှုကြောင့် မြစ်ကမ်းပါးများ ပြိုကျမှုများကြောင့် နိုင်ငံအတွင်းရှိ ကျေးရွာပေါင်း ၁၄၀၀ ကျော် ရေနစ်မြုပ်ခဲ့ကြောင်း ပန်ဂျပ်ပြည်နယ်၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်များက ပြောကြားခဲ့သည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံနေ ပြည်သူထက်ဝက်ခန့်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြကြောင်း၊ ရေကြီး ရေလျှံမှု ဆိုးရွားစွာဖြစ်ပေါ်နေသော ပန်ဂျပ်ပြည်နယ်သည် ဂျုံ၊ ဆန်၊ ဝါဂွမ်းတို့ အဓိကထုတ်လုပ်သည့် ပြည်နယ်ဖြစ်ကြောင်း၊ အဆိုပါပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လယ်ယာလုပ်ငန်းများပျက်စီးကာ ဒေသခံတောင်သူများကို ရေဘေးလွတ်ရာရွှေ့ပြောင်းပေးနေရကြောင်း၊ ပန်ဂျပ်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် အနည်းဆုံး လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရ၏ အကြီးတန်း ဝန်ကြီးမာရီရမ်ခ အုရမ်ဇက်က ပြောကြားခဲ့သည်။

မကြာသေးမီ နှစ်များအတွင်း ရေလွှမ်းမိုးမှု အကြိမ်ကြိမ်ခံခဲ့ရသော ပါကစ္စတန်တွင် ရေကြီးမှုများကြောင့် ရာသီဥတုပြောင်းလဲမှုပုံစံများ ပြောင်းလဲလာရခြင်းဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## ဝတ္ထုတိုကဏ္ဍ

# ဘယ်ဝယ်သောင်ကမ်း ပြန်လမ်းမှိုင်းမှုန်ရီ

မောင်ခြိမ့်



(၁)

မြစ်ပြင်ကျယ်ကြီးကို အလျားလိုက်အရှိန်နှင့် ပြေးနေသော သုံးထပ်သင်္ဘောကြီးပေါ်တွင် လေတွေ တဝုန်းဝုန်းတိုက်ခတ်လျက်ရှိ၏။ ခပ်ကြမ်းကြမ်း တိုးတိုက်နေသောလေကြောင့် မြစ်ပြင်ပေါ်တွင် လှိုင်းတွေတဖျပ်ဖျပ်ထခုန်လျက်ရှိ၏။

လှိုင်း၏ထိပ်ဖျား၌ လွင့်စဉ်မြောက်တက်လာသောရေစက်ရေမှုန်များသည် မြစ်လေနှင့်အတူ ခိုတွဲလိုက်ပါလာကြသဖြင့် လေသည် စိုစိုထိုင်းထိုင်းရှိ၏။

ထုနှင့်ထည်နှင့်ကြီးမားလှသော သင်္ဘောကြီးကတော့ မြစ်ပြင်မှာတဖျပ်ဖျပ်ထခုန်နေသော လှိုင်းတို့ကို ရှိသည်ဟုမထင်၊ တိုးတိုက်ကျော်ဖြတ်ကာ ဣန္ဒြေရရ ခရီးနှင်လျက်ရှိသည်။

သင်္ဘောကြီးမှ ပြေးထွက်သွားကြသော လှိုင်းလုံးကြီးများသည် မြစ်၏ ဝဲ၊ ယာ ကမ်းနှစ်ဖက်ကို အရှိန်နှင့်ပြေးဝင်လိမ့်တက်နေကြသည်။ မြစ်ကမ်း၊ ချောင်းကမ်းတို့သဘာဝ ပေါ်ထွန်းနေတတ်ကြသော ညိုသည်လည်းမဟုတ်၊ ဝါသည်လည်းမမည်၊ ပြာသည်ဟုလည်း မဆိုနိုင်သောအရောင်တို့ဖြင့် တန်ဆာဆင်ထားကုန်သော သောင်စပ်ပေါ်တွင် အစာရှာနေကြသည့် ဗျိုင်းအောက်၊ စနိုက်၊ ရေကြက်၊ ရေညှော့်ကောင်စသည့် ငှက်တို့သည် လှိုင်းလုံးတွေပြေးဝင်လာလျှင် ပျံတက်ရှောင်ရှားပေးကြပြီး လှိုင်းလုံးတွေပြန်လည်လိမ့်ဆင်းသွားသည့်အခါ သောင်စပ်ပြန့်ပြန့်ပေါ်တွင် ကျန်ရစ်ခဲ့သည့်ငွေရောင်တောက်တောက်ငါးခုံးမပေါက်ကလေးများ၊ ငါးစင်စပ်များ၊ ငါးမေ့တော့ကလေးများ၊ ပုစွန်ဆိတ်ကလေးများကိုထိုးဆိတ်စားရင်း ပျော်မြူး၍ ကျန်ရစ်ခဲ့ကြသည်။

နီနီသည် ယုန်မွေးဆွယ်တာပန်းဆီရောင်ကလေးကို ရင်ဘတ်ဆွဲစေ့လိုက်ပြီး အေးစိမ့်လာဟန်ဖြင့် လက်နှစ်ဖက်ပိုက်လိုက်ရင်း အစ်ကိုကြီးကိုလှမ်းကြည့်ဖြစ်သည်။ သင်္ဘော၏ရှေ့ခန်းတွင် မတ်တတ်ရပ်ရင်း ကမ်းဘက်ဆီငေးနေသော အစ်ကိုကြီးကတော့ သူ့ကိုစဉ်နေသော ရေစက်ရေမှုန်တွေကိုလည်း ဂရုမစိုက်။ တဝူးဝူးတဝေါဝေါတိုးဝင်နေသော လေတွေကိုလည်း သတိထားမိပုံမပေါ်။ ပကတိငြိမ်သက်စွာရှိနေသည်။

ညနေဆည်းဆာနေခြည်သည် လှိုင်းလုံးများပေါ်တွင် ရွှေရောင်ပက်ဖြန်းပေးလျက်ရှိ၏။ ခပ်လှမ်းလှမ်း မြစ်ကမ်းနံဘေးရှိ စာသင်ကျောင်းကလေးမှ အဖြူအစိမ်းဝတ်ထားသော ကျောင်းသားကလေးများသည် စပါးခင်းများကြားတွင် မြူးထူးစွာခုန်ပေါက်ပြေးလွှားရင်း မှိုင်းပျပျရွာကလေးဘက်ဆီ သွားနေကြသည်။

(၂)

ငယ်စဉ်က သရွတ်သွတ်မြစ်ကမ်းနံဘေး လယ်ကွက်များကြားတွင်ရှိသော မူလတန်းကျောင်းအိုကလေးတွင် စာသင်ကြားခဲ့ရသည့် ကလေးဘဝကို နီနီပြန်၍ သတိရလျက်ရှိသည်။

"ပြီးခဲ့တဲ့ သုံးလေးရက်ကတည်းကလာဖို့ စီစဉ်ခဲ့ပေမဲ့ ဆေးခန်းက ဒီအတိုင်းထားပစ်ခဲ့လို့မရတော့ လူစားရှာနေတာနဲ့ နောက်ကျသွားရတာ။ အဖေ ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းရတာပဲ ညီမလေးရာ"

တစ်ချိန်လုံး ငြိမ်သက်စွာလိုက်ပါလာသည့် အစ်ကိုကြီး၏စကားသံကြောင့် နီနီသည် အစ်ကိုကြီးကိုကြည့်ရင်း "နီနီလဲ ဘာမှမထူးပါဘူး အစ်ကိုကြီးရယ်၊ ပြီးခဲ့တဲ့ သုံး၊ လေးရက် အစ်ကိုကြီးဖုန်းဆက်ပြောကတည်းက လာဖို့ပြင်ဆင်ခဲ့တာပါပဲ၊ ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့မဲ့ယောကျ်ားကိုင့်ရဲ၊ ယောက္ခမတွေရဲ့ ဆောက်လက်စနဲ့ ကန်ထရိုက်တိုက်တွေရဲ့ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သံ၊ သစ်တွေ အရစ်ကျချပေးနေရတဲ့အလုပ်တွေ ရှင်းရနဲ့ အခုထွက်လာရတာတောင် ယောကျ်ားက သိပ်ပြီးကျေနပ်လှတာမဟုတ်ပါဘူး"ဟု စိတ်ထဲကနေ၍ ပြောနေမိသည်။

လွန်ခဲ့သောရက်တွေတုန်းက အစ်ကိုကြီး၏ ဆေးခန်းသို့ အမေဖုန်းဆက်သည်ဟုဆို၏။ အဖေက သားနဲ့သမီးကိုတွေ့ချင်လို့ဟုပြောသည်။ အစ်ကိုကြီးက "အဖေ နေမကောင်းလို့လား"ဟု မေးတော့ "အင်း"ဟု ခပ်တိုတိုပြောကာ ဖုန်းချသွားသည်တဲ့။

နီနီတို့မွေးဖွားရာ ရွာကလေးသည် ဝါးခယ်မမြို့မှ ပဲ့ထောင်ဖြင့်ပင် တစ်နာရီကျော်၊ နှစ်နာရီနီးပါးသွားရသေး၏။ အမေ ဝါးခယ်မဈေးကို လိုင်းသင်္ဘောဖြင့် လိုက်ပါပြီး ဖုန်းဆက်တာဖြစ်လိမ့်မည်။

အမေ၏စရိုက်ကိုက တိုတိုပြတ်ပြတ်ပြောတတ်၏။ ဘယ်တော့မှ ဖွဲ့ဖွဲ့နွဲ့နွဲ့သိုင်းသိုင်းဝိုင်းဝိုင်း ဆိုတတ်သည်မဟုတ်။ သားသမီးများကိုချစ်သော်လည်း ဘယ်သောအခါမျှအလိုမလိုက် ခပ်ပြတ်ပြတ် စည်းကမ်းနှင့် ဆက်ဆံတတ်၏။

အဖေကတော့ သားနှင့်သမီးကို ချစ်လည်းချစ်၊ အလိုလည်းလိုက်တတ်၏။ သားက ရှစ်တန်းကျောင်းသား၊ သမီးက ခြောက်တန်းကျောင်းသူကို သူငယ်ချင်းလို ပေါင်းတတ်၏။

ဟိုးခေတ်က H.S.F ခေါ် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်ကာ ရွာမှာ မူလတန်းကျောင်းအုပ်ဖြစ်သောအမေ့ကိုလည်း အလွန်အထင်ကြီး၏။ ဘာမဆိုအမေ့သဘောအတိုင်းသာ အဖေကလိုက်နာဆောင်ရွက်လေ့ရှိ၏။ လူမှုရေး၊ စီးပွားရေးကိစ္စများတွင် အမေ့သဘောတစ်ခုသာဖြစ်၏။ အဖေသည် ပညာစုံအောင်မသင်ခဲ့ရဘဲ အင်းသားကြီးဖြစ်ခဲ့ရသော သူ့ဘဝကိုကျေနပ်ခဲ့ဟန်မတူပေ။ သူ့ခေတ်နှင့်သူ့အခါ ပညာတတ်မိန်းမကိုရထားသဖြင့် အစစအရာရာ အမေ့ကို အလျှော့ပေးထားဟန်ရှိ၏။

သို့သော် သားနှင့် သမီးနှင့် ပတ်သက်လာလျှင်တော့ အမေ့ကိုဖီဆန်တတ်၏။ အမေဆူတာ၊ ရိုက်တာကို မကြိုက်။ မာန်တာ မဲတာကိုပင် သဘောမကျ။ သူ့အသက်ထက်ချစ်သည်ဟုလည်း ခဏခဏပြောတတ်သဖြင့် အမေနှင့် သိပ်တည့်လှသည်မဟုတ်။

"ပညာတော့ တန်းကုန်အောင်သင်ပေ့။ ပညာမတတ်ရင် သိပ်မျက်နှာငယ်တာကွသိလား"ဟု အမေ့ကို စောင်းကာချိတ်ကာလည်း ပြောတတ်၏။

"စိတ်ချပါအဖေရာ၊ ပညာသင်ဖို့က သားတို့တာဝန်ထား။ ကျောင်းစရိတ်သာ လုံလောက်အောင် အဖေရှာပေးတော့"ဟု အစ်ကိုကြီးကပြောလျှင် "တက်စမ်းပါဗျာ၊ တက်စမ်းပါ။ တန်းကုန်အောင်သာ တက်စမ်းပါ။ ငါ့သားသမီးတွေ ကျောင်းထားဖို့က အဖေ့တာဝန်သာထားစမ်းပါ။ အဖေ အင်းရေထဲက မတက်စတမ်းရှာချင်ရှာရစမ်းပါစေ မပူနဲ့ကွ။ မှတ်ထား... ဟောဒီ အဖေ့အင်းချောင်းကြီးထဲမှာ ရေတွေမခန်းသရွေ့ ငါးတွေရှိမှာပဲ၊ သားနဲ့သမီးနဲ့ ကျောင်းစရိတ်လောက်ကတော့ကွာ..."

အဖေပြောမည်ဆိုလည်း ပြောလောက်ပါသည်။ တစ်နှစ်တစ်နှစ် အဖေ့အင်းချောင်းကထွက်သော ငါးတွေ၊ ပုစွန်တွေ၊ ငါးပိတွေ၊ ငါးခြောက်တွေဆိုတာနည်းတာမဟုတ်။ ပျဉ်ထောင်သွပ်မိုးအိမ်နှင့် ဝမ်းစာစပါးနှင့် ငါးပိငါးခြောက်လုပ်ငန်းတွေနှင့် အဖေ့ဝင်ငွေက ကောင်းလှလေ၏။

စည်းစနစ်ရှိသော၊ စစ်စီတတ်သော၊ အုပ်ချုပ်မှုတော်သော အမေ့၏စီမံခန့်ခွဲမှုအောက်တွင် စီးပွားရေးက တရိပ်ရိပ်တက်လျက်ရှိသည်မဟုတ်လား။ သည်တော့ အဖေပြောအားရှိပေတာပေါ့လေ။

အစ်ကိုကြီးက ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနှင့်အောင်၍ ဆေးတက္ကသိုလ်တက်ပြီး နောင်တစ်နှစ်တွင် နီနီဆယ်တန်းအောင်ကာ အမှတ်ကောင်းသဖြင့် ဝါသနာပါသည့် စက်မှုတက္ကသိုလ်တက်ခွင့်ရတော့ ဣန္ဒြေကြီးတစ်ခွဲသားနှင့်နေတတ်သော အမေပင် ဟန်မဆောင်နိုင်ရှာဘဲ ခံစားချက်တွေ ပွင့်ထွက်လာခဲ့၏။

"သားနဲ့သမီးကို အမေက ပညာတွေအများကြီးတတ်စေချင်တာ။ အမေ့မှာလဲ အကြောင်းရှိတယ် သားတို့ရဲ့။ အမေတို့ငယ်စဉ်တုန်းက တိုင်းပြည်ကလဲ မငြိမ်းချမ်းတော့ ပညာကိုအေးအေးဆေးဆေး မသင်ခဲ့နိုင်ဘူး။ ပညာကိုတန်ဖိုးထားရမှန်း၊ အလေးပေးရမှန်းလဲ ခုခေတ်လောက်မသိခဲ့ဘူး။ အဲဒါကြောင့် အမေဟာ ပညာကိုဆုံးခန်းတိုင်အောင် မသင်ခဲ့ရဘဲ ကျောင်းထွက်လက်မှတ်ရ ပညာကလေးလောက်နဲ့ ကျောင်းဆရာမဖြစ်လာခဲ့တာ။ အမေ့ရဲ့ ကြိုးစားမှု၊ တာဝန်ကျေမှု၊ လုပ်သက်ရင့်မှုတွေကြောင့်သာ အခုလို မူလတန်းကျောင်းအုပ်ဖြစ်လာခဲ့တာ။ သားတို့ကျောင်းမှာတွေ့ဖူးတယ်မဟုတ်လား။ ဝန်ထမ်းအင်အားဇယားဆွဲထားတာလေ။ အဲဒီဇယားထဲမှာ ပညာအရည်အချင်းဆိုတာပါတယ်။ နောက်မှဆရာဖြစ်လာတဲ့ မူလတန်းလက်ထောက်ဆရာကလေးတွေ၊ ဆရာမကလေးတွေဟာ အနည်းဆုံး B.A တွေ၊ B,Sc တွေချည်းပဲဆိုတော့ ကျောင်းအုပ်ဖြစ်လို့သာ အပေါ်ဆုံးမှာနေရာရပေမဲ့ အမေ့ရဲ့ပညာအရည်အချင်းဟာ အနိမ့်ဆုံးပေါ့။ ဘယ်သူတွေက ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ အမေကတော့ ကိုယ့်ကိုယ်တိုင် ပညာနည်းတော့ သိမ်ငယ်စိတ်ရှိတာပဲ။ ဒါကြောင့် အမေတို့ရဲ့ခေတ်အခြေအနေကြောင့် အမေတို့မသင်ယူလိုက်ရတဲ့ပညာတွေကို အမေ့သား၊ သမီးတွေ လက်ထက်မှာရစေချင်တယ်။ ဒါမှ အမေ့ရဲ့သားတွေ၊ သမီးတွေ လူတောထဲတိုးဝင်ကြတဲ့အခါ အမေ့လို သိမ်ငယ်မှုမဖြစ်ကြရမှာ၊ မျက်နှာမငယ်ကြရမှာ သိလား။ မင်းတို့အဖေကလဲ မင်းတို့ပညာရေးအတွက်သာဆိုရင် ဘာပဲလုပ်ရလုပ်ရ၊ ဘယ်လိုပဲရှာရရှာရ တာဝန်ယူသတဲ့။ ကဲ...အဖေတို့၊ အမေတို့ဘက်ကတော့ တာဝန်ကျေပြီ။ မင်းတို့ မောင်နှမဘက်ကသာ"

အဖေနှင့်အမေတို့၏စကားများကို ကြားယောင်ရင်း နီနီ မျက်ရည်တွေတွေကျမိ၏။ သည်အဖေ၊ သည်အမေတို့အိုကြပြီ။ ဘာတွေလုပ်၍ ဘယ်လိုများနေကြရှာပါလိမ့်။ နီနီတို့မောင်နှမနှစ်ယောက်မှတစ်ပါး အခြားသားထောက်သမီးခံမရှိသော မိအို၊ ဖအိုနှစ်ဦးနှင့် မတွေ့ရသောနှစ်တွေတောင် ကြာလှပေါ့။

(၃)

အဖေတို့၊ အမေတို့၏ ဆန္ဒများပြည့်ဝကြပါသည်။ အစ်ကိုကြီးက ရိုးရိုး M.B.B.S ဘွဲ့သာမက ဘွဲ့လွန်တက်ပြီး၍ ဆေးကုသမှုပါရဂူကြီးပင်ဖြစ်နေပြီ။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသောဇနီးနှင့် သားသမီးသုံးယောက်နှင့် ရန်ကုန်မှာပင် အခြေကျနေပြီ။

နီနီသည်ပင် ဘဝတူအင်ဂျင်နီယာတစ်ယောက်နှင့်အိမ်ထောင်ကျကာ ယောက္ခမဦးစီးသည့် ကန်ထရိုက်လုပ်ငန်းကို လင်မယားနှစ်ယောက် အတူလုပ်ကာ ကလေးနှစ်ယောက်ရနေပြီ။ ဇနီးနှင့်ယောက္ခမအသိုင်းအဝိုင်းကို မလွန်ဆန်ဝံ့သော အစ်ကိုကြီးသည် သူတတ်ကျွမ်းသည့်ဆေးပညာဖြင့် ဝင်ငွေရှာ၍ ကောင်းလှသော်လည်း အရွယ်ကျ၍ အိုပြီ၊ နာပြီဖြစ်သည့်မိဘတို့ကို ပြန်စောင်းမျှလှည့်မကြည့်နိုင်ခဲ့။

ပင်စင်ယူပြီးကတည်းက တရှောင်ရှောင်နှင့် ကျန်းမာရေးညှိုလာသောအမေနှင့် နှစ်ပေါင်းများစွာ အင်းရေထဲမှာ ငုပ်ချည်ပေါ်ချည်၊ ငါးတွေ၊ ပုစွန်တွေနှင့် လုံးလားထွေးလား။ ငါးပိတွေငါးခြောက်တွေနှင့် နပန်းလုံး၍ သားနှင့်သမီးတို့၏ ပညာသင်ကြားရေးစရိတ်ကို ရှန်းကန်ရှာဖွေခဲ့ရသော အဖေကလည်း အားအင်တွေကုန်ခန်းကာ ချူချာလာခဲ့ပြီ။ အမြစ်သေ၍ အပင်ခြောက်နေပြီဖြစ်သော သစ်ပင်အိုကြီးလို ဖြစ်နေပြီ။ လေပြင်းကလေး တစ်ချက်ဝှေ့လျှင် ဗုန်းဗုန်းလဲတော့မည်။

ဆက်လက်ဖော်ပြပါမည်။

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၀၉၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၀၉၉၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၁၆၆၂ ဧကစိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၉၉၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း စပါးဧက ၈၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ စပါးများ အချိန်မီစိုက်ပျိုးနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။



"ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လထဲမှာ ကွမ်းသီးအနု ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကိုတင်ပို့ကုန်အများအပြား တင်ပို့ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကို ငွေကျပ် ၁၃၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေပြေ လည်ပတ်လုပ်ကိုင်နေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသည့်ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများသို့ သွားရောက်ဝယ်ယူပြီး စနစ်တကျ ရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါရန်ကုန်ဈေးကွက်မှတစ်ဆင့်အခြားဈေးကွက်များသို့ ပြန်လည်တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းရှူးမြို့နယ် နမ့်ပါမုံးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ပါမုံးကျေးရွာ၌ ဒုတိယအကြိမ် ကျေးရွာမတည် ရန်ပုံငွေ(VRFP)စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းက နမ့်ပါမုံးကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၁၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်ပါမုံးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## မျိုးဆက်လက်ကမ်း တက်လှမ်းညီစေ

- လူငယ်ဆိုတာ
  အနာဂတ်ဘဝ လှပခရီး
  ဖန်တီးပိုင်စိုး ကမ္ဘည်းထိုးမည့်
  တိုင်းကျိုး ပြည်ကျိုး သမိုင်းပျိုးမည့်
  မျိုးဆက်သွေးသစ် အမွေခံများ။

- လူငယ်ဆိုတာ
  ဝေဆာကြိုင်လျှမ်း အလှပန်းသွင်
  လန်းထုံတင့်မြဲ အားသစ်မြဲစွာ
  အောင်ပွဲလက်ကမ်း ဂုဏ်ရောင်လွှမ်းမည့်
  ရဲစွမ်းဖူးသစ် ဝင့်သူများ။

- မျိုးဆက်လူငယ် ပြည့်မောင်မယ်တို့
  နောင်ဝယ်လူကြီး ကိုယ့်ခရီးတွက်
  မငြီးတမ်းလျှင် လမ်းကောင်းထွင်ရာ
  လက်ကမ်းရာတွေ တာဝန်ကျေဖို့
  ကောင်းမွေဆက်ခံ လက်ဝယ်နှံပြီ
  မနက်ဖြန်တွေသည် သင့်သမိုင်း။

- အနာဂတ်လမ်း သမိုင်းခန်းမှာ
  ရည်မှန်းဆန္ဒ ပုံဖော်ရအောင်
  တက်ကြွခိုင်ကျည် တက်လှမ်းချီလျက်
  ပြည်ထောင်စုစိတ်ဓာတ် စဉ်ကိန်းဝပ်၍
  မားမတ်ရှင်သန် မျိုးချစ်မာန်နှင့်
  အောင်လံလွှင့်မြဲ လွှင့်ထူလော့။

- အို...မျိုးဆက်လူငယ် ပြည့်မောင်မယ်တို့
  ရည်ရွယ်ချက်မှန် သန္နိဋ္ဌာန်နှင့်
  အောင်လံလွှင့်ကာ ထမ်းခွင့်သာခိုက်
  သင့်ရာအခန်း စွမ်းရာကဏ္ဍ
  ကျရာမားမတ် မဟာလပ်ဘဲ
  စိတ်ဓာတ်လည်းပြည့် မျိုးမာန်ပြည့်စွာ
  အမိပြည်ရွာ ကာကွယ်ပါရင်း
  ဇာတိဂုဏ်ရောင် မြှင့်တင်ဆောင်ရင်း
  လူ့ဘောင်ဘဝ ဖြည့်စွမ်းပြရင်း
  ထမ်းကြညီကြ ကျေပွန်မှလျှင်
  မြန်မာ့မဏ္ဍိုင် လှပေါင်းမြိုင်လိမ့်
  နိုင်ငံတော်သစ် သမိုင်းသစ်တွက်
  မျိုးချစ်မာန်နှိုး ဝန်းရံဆုံ...
  မျိုးဆက်လက်ကမ်း ဝင့်လေကုန်...။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# မြန်မာရနံ့ မြန်မာအတွေး

ဆူးသစ်

**ယမန်နေ့မှအဆက်**

မဏ္ဍပ်တစ်ခု၏ ရှေ့ကိုရောက်လျှင် ကိုယ်ပေါ် ရောက်လာမည့် ရေကိုကြည်ကြည်နူးနူး ခံယူရမည့် အစား ကြောက်လန့်တကြား အချင်းချင်းစုပြုံတိုး ကပ်ကာ ခေါင်းငုံ့တဘက်ခြုံ၍ ရေပိုက်နှင့်ထိုးမည်ကို ထိတ်လန့်နေရကတည်းက ထိုသူများ ပျော်စရာရှိ ပါဦးမည်လား။ သင်္ကြန်ကိုပါဝင်ဆင်နွှဲချင်စိတ်ဖြင့် သာ လည်သာလည်နေကြသည်။ သူတို့မှာ ပျော်ရွှင်မှုနည်းပါးသည်ဆိုလျှင် လက်ခံနိုင်မည်လား။ အမှန်မှာသူတို့က ထိုသို့ ကြောက်လန့်တကြားနှင့် ရှောင်ရတိမ်းရ၊ စတိတ်ရှိုးစင်ကလေးတွေ့လျှင် ငေးမောရ။ ဟေးလားဟားလား အော်ဟစ်ရ။ ကားတစ်စီးနှင့်တစ်စီး တစ်ယောက်နှင့်တစ်ယောက်၊ စည်းမရှိ၊ ကမ်းမရှိ လှမ်းစနောက်ရသည်ကိုပင် ပျော်စရာဟုခံယူကာ ရေပက်ခံထွက်ကြခြင်းပင်။ သင်္ကြန်၏ အနှစ်သာရအပြည့်အဝနှင့် ပျော်ရသည် မျိုးမရှိသလောက်ရှား၍ သင်္ကြန်ကိုခုတုံးလုပ်ကာ အမြတ်ထုတ်၍ ပျော်ရသောနည်းမျိုးစုံဖြင့်သာ ပျော်ရသည်ကို သူတို့မသိကြ။

တကယ်တမ်း ရေပက်သူက ယဉ်ယဉ်ကျေးကျေး ထိန်းထိန်းသိမ်းသိမ်းပက်ကြလျှင် အပက်ခံရသူ ထွက်လည်သူများလည်း ပျော်စရာကောင်းမည်မှာ အမှန်ပင်။ ယခုတော့ တစ်နှစ်လာလည်းသည်ပုံ၊ တစ်နှစ်လာလည်းသည်တိုင်းနှင့် ရိုးရာယဉ်ကျေးမှု သင်္ကြန်၏ဓလေ့သည် "ကုသိုလ်ကောင်း မှုပြုခြင်း" တည်းဟူသော အငွေ့အသက်လောက်သာ ကျန်တော့သည်။

တစ်ဖန် ထိုသင်္ကြန်အတွင်းသို့ စတိတ်ရှိုးလိုင်း၊ ဘီယာအရက်လိုင်း စသည်ဖြင့် ယစ်မူးစရာလိုင်းတို့ တစ်ခုပြီးတစ်ခု ဝင်လာသောအခါ ကျွန်တော်တို့ တွေ့မြင်နေရသော သင်္ကြန်သည် ရီဝေဝေနှင့်ပေါက်ကွဲ လွယ်သော သင်္ကြန်ဖြစ်လာပါတော့သည်။ ရေပက်ခံ သူများက အချမ်းဒဏ်ခံနိုင်ရန် ဘီယာ၊ အရက် စသည်တို့ကိုသောက်သည်။ ကားမောင်းသူကပါ သောက်သည်။ စတိတ်ရှိုးစင်ရှေ့၊ မဏ္ဍပ်ရှေ့ရောက် လျှင် ဆူညံနေသောတီးလုံးများနှင့်ရောကာ အော် ဟစ်ကခုန်နေသည်။ စီးလာသောကားက တယိမ်း ယိမ်း၊ တဝုန်းဝုန်း၊ လူတွေကြည့်တော့လည်း ကားပေါ်က အရှိန်လွန်မထိန်းနိုင်၍ ပြုတ်ကျသူ ကျရာကနေ မသေသင့်ဘဲသေကြ၊ လူကောင်း ဘဝမှဒုက္ခိတ ဖြစ်ရဆိုသည်မျိုး ကြားသိ တွေ့ကြုံလာသည်။

သင်္ကြန်တစ်ခုတွင် ကျွန်တော့်အမေ ဆေးရုံတက် နေစဉ်၊ အမေနှင့်အတူ ခွဲခန်းဝင်ရသော ဆယ့်ရှစ်နှစ် အရွယ်ကောင်မလေး၏ မိဘများနှင့် ကျွန်တော်တို့ စကားစပ်မိကြရာ သင်္ကြန်တွင် ကားနှင့်လျှောက် လည်ရင်း ကားမှောက်သည် ဟုဆိုသည်။ သူနှင့်အတူ ပါသည့်သူများထဲမှ သေသည့်လူက သေသွား၏။ အချို့ကလေးအမေများပါသည်။ ကျန်ရစ်သည့် ကလေးကသူ့အမေမတွေ့၍ အော်ငိုသည်။ ကျန်သူများလည်း အကျိုးအပွဲများချည်းသာ။ ထိုအခါ သူတို့နှင့်ပတ်သက်သူများ ပြောနေသော စကားက သင်္ကြန်ဆိုနောက်ဘယ်သောအခါမှ မလည်ရ ဆိုသောစကားသာဖြစ်သည်။ သည်လို အဖြစ်မျိုးများက ဘယ်လောက်ရှိနေပြီဆိုသည်ကို ကျွန်တော်တို့ မသိနိုင်။

သင်္ကြန်ရောက်လျှင် ဆေးရုံမှာ ဆရာဝန်၊ ဆရာမ များ အလုပ်ပိုရခြင်း၊ ထိခိုက်ဒဏ်ရာရသူများ၍ ဂျူတီများချထားခံရခြင်းမှာ တာဝန်ဟုဆိုနိုင်သော် လည်း သည်သင်္ကြန်ကြောင့် မဖြစ်သင့်တာဖြစ်ပြီး ဆေးရုံကို မလာသင့်ဘဲရောက်လာရခြင်းက ရောက်လာသူလူနာအတွက်မကောင်း၊ ယဉ်ကျေးပါ သည်ဆိုသော ကျွန်တော်တို့ မြန်မာလူမျိုးအတွက် လည်းမကောင်း။ သည်လိုအဖြစ်မျိုးတွေ့ကြုံလာ ရဖန်များသောအခါ ကျွန်တော်တို့၏ရိုးရာ ယဉ်ကျေးမှုသင်္ကြန်သည် နှစ်သစ်ကူးပွဲတော်၊ ရေ သဘင်ပွဲတော်နှင့်မတူတော့ပေ။

တစ်ခါတုန်းက သင်္ကြန်တစ်ခုမှာ နိုင်ငံခြားသူ အမျိုးသမီးကြီးများက ကျွန်တော်တို့ကို "Happy New Year"ဟု ပြုံးရွှင်ရယ်မောကာ လက်ဆွဲ နှုတ်ဆက်ခြင်းကြုံရ၏။ စောစောကပြောခဲ့သောဖြစ် ရပ်မျိုးများ တွေ့ကြုံနေရ၍ ပြန်သာနှုတ်ဆက်လိုက်ရ သည်။ ကျွန်တော်တို့ နှစ်သစ်ကူးပွဲတော်သည် တကယ်ပျော်စရာကောင်းမကောင်း အတွေးများဝင် မိသေး၏။

ဒေါက်တာသိန်းလွင်၏"ရှေ့သို့တက်လှမ်း ဘဝ အောင်ပန်း"စာအုပ်ထဲတွင် မူရင်းစာအုပ်ရေးသားသူ "အိုရီဆန်ဆွက်မာဒင်န်"က "ကမ္ဘာလောကတွင် လူသားသည်သာ ကြီးကျယ်ပါသည်။ လူသားတွင် အကျင့်စာရိတ္တမှအပ အခြားကြီးကျယ်စရာမရှိ။ အကျင့်စာရိတ္တသည်သာ ကြီးကျယ်မှုကိုဖြစ်စေ ပါသည်"ဟု ဆိုထားသည်။

ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှု သင်္ကြန်ဆိုသည် ပါးစပ်နှင့်ပတ်သက်၍ အကျင့်စာရိတ္တမကောင်းကြ တော့ပါ။ သင်္ကြန်ကိုလျှောက်လည်သော ယောက်ျားလေးမှန်လျှင် ဘီယာ၊ အရက်သောက်မှ သင်္ကြန်လည်ရသည်ကို အရသာရှိသည်ဟု ထင်လာကြသည်။ ထို့အတူ ပေါက်ကရနားမကြားဝံ့ စကားများအော်ရမှ ပျော်ရသည်ထင်လာကြသည်။ နှုတ်၏စည်းစောင့်မှု၊ ဝတ်စားပုံ၊ အကျင့်စာရိတ္တ တို့ကိုလေ့လာကြည့်ပါ။ မိမိဘာသာဆုံးဖြတ်ကြကာ ဆံပင်ကွက်တိကွက်ကျားဆေးဆိုး၍ အဝတ်အစား ကအစ အမေရိကန်ရုပ်ရှင်ကားများထဲက လမ်းသရဲ ဆန်ဆန်လုပ်လာကြသည်မှာ နောက်ဆုံးသူတို့စီး လာသော ကားပင်မခံနိုင်။ တံခါးကသတ်သတ်၊ အမိုးကသတ်သတ်၊ ကားကိုယ်ထည်က သတ်သတ် နှင့် ကားတစ်စီးလုံးဆေးတွေ လျှောက်မှုတ်ထား သည်မှာလည်း ကြောင်ကြောင်ကျားကျား။

တစ်ခါတုန်းက တစ်ခုသောသင်္ကြန်၏ စတိတ်ရှိုး ရှေ့မှာရပ်၍ ငေးနေသောကျွန်တော်တို့ သူငယ်ချင်း များမှာ အထက်က ပုံစံမျိုးနှင့် ကားတစ်စီးစင်ရှေ့က ဖြတ်မောင်း၍ လိုက်ကြည့်သောအခါ စင်ပေါ်က တကယ့်နာမည်ကြီး ဆံပင်ဖားလျားနှင့် ဟဲဗီးရော့ခ် အဆိုရှင်များနှင့် သူတို့ကိုတီးပေးနေသော တီးဝိုင်းမှ ဆံပင်ရှည်ရှည်နှင့် အတီးသမားများကပင် ထိုကားကို အံ့အားသင့်ကာ လိုက်ငေးခဲ့သည်ကိုတွေ့ဖူး ခဲ့လေသည်။

သင်္ကြန်တစ်ခုတွင် ကြုံလိုက်ရသည့် မည်သူက ထွင်လိုက်မှန်းမသိသော နှစ်ဆန်းတစ်ရက်နေ့ ရေပက်ရသည်ဆိုသောစကားပင်။ ဒါကလည်း ရှင်းပါသည်။ သင်္ကြန်ဆိုသည်ကို အဓိပ္ပာယ်အပြည့် အဝနားမလည်၍ သူများပြောသည်ကိုယုံသူများ ခံလိုက်ရခြင်းပင်။ နှစ်ဟောင်းက အညစ်အကြေးကို ဆေးကြောပါသည်ဆိုမှဖြင့် နှစ်ဆန်းတစ်ရက်နေ့ ရေပက်စရာလိုပါဦးမည်လား။ နှစ်တစ်နှစ်မှတစ်နှစ် သို့ကူးပြောင်းခြင်းကို နှစ်ဟောင်းကအညစ် အကြေးကို ရေဖြင့်ဆေးကြောသည်ဟု ယူဆပြီး၍ နှစ်သစ်မှာ သို့မဟုတ် နှစ်ဆန်းတစ်ရက်နေ့မှာ ပြုလုပ်စရာသည် ကုသိုလ်ကောင်းမှုသာရှိပါသည်။ ရေကစားသည့်အရှိန် မသတ်နိုင်ဘဲ ထပ်ပြီး အပျော်ကျူးရန်သင့်ပါမည်လား။

သည်ကိစ္စ၏ အဓိကက လူငယ်များကြောင့် ဟုဆိုရမည်။ ထိုကိစ္စကြောင့်ပင် သူတို့အပျော်ကို သူတို့မထိန်းနိုင်၍ အရှိန်မသေသေးဘဲ နှစ်ဆန်း တစ်ရက်နေ့ ဘုရားသွားသူများကို ရေလိုက်ပက်ရာမှ အပက်ခံရသူများ၏ ဆွေမျိုးမောင်နှမတွေနှင့် ရိုက်ပွဲပုတ်ပွဲများ ဖြစ်ကုန်သည်ကို ကျွန်တော်နေခဲ့ သော ရပ်ကွက်တစ်ကွက်၏ လမ်းတစ်လမ်းတွင် မျက်မြင်ကိုယ်တွေ့ကြုံဖူးသည်။

ဤမျှဆိုလျှင် ကျွန်တော်တို့သင်္ကြန်၏ ပုံရိပ် သည် တစ်ဖက်တွင် မှေးမှိန်လာသကဲ့သို့ တစ်ဖက်တွင် အလှတရားနှင့်ပြည့်နေသည်ကိုလည်း မေ့ထား၍မရပါ။ ထိုအခါ ဆရာဇော်ဂျီ၏ "တစ်ခု သော သင်္ကြန်အခါကဗျာထဲက "နှစ်သစ်ကူးတဲ့၊ တန်ခူးခါမှာ၊ ဒါနက တဝေဝေ၊ ရေတွေက တရွှဲရွှဲ၊ ပျော်ပွဲက တဝင့်ဝင့်၊ ကဲလို့သာဆင့်ရော့၊ အရွယ်သင့်၊ အရွယ်ငယ် မြန်မာတွေ ထည်လိုက်ကြ" ဆိုသော ကဗျာစာပိုဒ်ကိုလည်း ဖတ်ရှုဆင်ခြင်မိပြန်ပါသည်။ ဇီဝိတ ဒါန ပြုပွဲ၊ သက်ကြီးရွယ်အိုများကို ခေါင်းလျှော် ၍ ခြေသည်း၊လက်သည်းညှပ်ပေးပွဲ၊ အလှူဒါနပြုပွဲနှင့် ပရိတ်တရားတော် ရွတ်ဖတ်ပွဲများဖြင့် သင်္ကြန်၏ ကျက်သရေတိုးဝေနေသည်ကို ကျွန်တော်တို့မြင်တွေ့ နေသည်မှာ ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။

သို့သော် ကျွန်တော်တို့ ရိုးရာသင်္ကြန်သည် ကုသိုလ်ပွဲထက်၊ သရုပ်ပျက်သော ပျော်ပွဲဖြစ်နေ သည်ဟုသာ ဆိုရပေမည်။ ဟိုတုန်းကအမြင်ဖြင့် ဆရာဇော်ဂျီက "အရွယ်သင့်၊ အရွယ်ငယ်၊ မြန်မာ တွေထည်လိုက်ကြ"ဟု ရေးခဲ့သော်လည်း သင်္ကြန် ကြောင့် မြန်မာပီသစွာ တကယ်ထည်မထည်ကို ကျွန်တော်တို့ ယခုခေတ် လူကြီးလူငယ်မကျန် သတိချပ်သင့်ပေသည်။ လောလောဆယ်မှာပင် ဟိုတုန်းက ဆရာဇော်ဂျီရေးသားခဲ့သော မြန်မာတို့၏ "တစ်ခုသော သင်္ကြန်အခါ"သည် တကယ့်ကို "တစ်ခုသော သင်္ကြန် အခါ" ဖြစ်နေပြီ။

"လူ၏ တစ်သမတ်တည်းသော စိတ်ထားသည် အတွေးတွေအမျိုးမျိုး ကို လမ်းကြောင်းတစ်ခုပေါ်သို့ ဦးတည်ပြီး တွန်းပို့တတ်သည်။ လေတိုက်ရာဘက် သို့ ရေလှိုင်းများလိမ့်သကဲ့သို့တည်း"ဟု "ဘိုင်ရွန်" ဆိုသူက ပြောဖူးကြောင်း၊ ဒေါက်တာ သိန်းလွင်၏ "ရှေ့သို့တက်လှမ်း ဘဝအောင်ပန်း" စာအုပ်ထဲမှ မှတ်သားဖူးပါသည်။

လေပြန်လောင်းသုတ်၍ ရွက်ဟောင်းတို့ ပြုတ် ကုန်လေပြီ။ ပုရစ်နု၊ ပုရစ်ဖူးလေးများ စီရရီတွေ့ရပြီ။ တူးပို့၊ တူးပို့သံလေးတွေ ဟိုမှသည်မှ ကြားလာရ၏။ ကချင်၊ ခုန်ချင်သူတို့ စင်ပေါ်တက်ဖို့ ဟန်ရေးပြင်ကြ သည်။ "ဗေထိ"ဆိုလျှင် ကျွန်တော်တို့မြန်မာ ရင်ခုန်ချင်ကြသည်။ အဝေးဆီမှ တိုက်ခတ်လာသော လေပြည်နွေးမှာပင် ပိတောက်ရနံ့များ ပါလာ သယောင်ထင်ရ၏။ စင်စစ် ပိတောက်ရနံ့မဟုတ်။ ကျွန်တော်တို့ မြန်မာလူမျိုးများ၏ မြန်မာရနံ့ဖြစ်သည်။

သည်မြန်မာရနံ့ကိုပင် ကျွန်တော်တို့တွေ ဖျောက် ဖျက်ပစ်ဖို့ကြိုးစားဦးမည်လား။ လူကြီးများမှာ သာမက၊ လူငယ်များမှာပါ တာဝန်ရှိသည်။ မြန်မာ ရနံ့ကို ရှူရှိုက်ချင်လျှင် ကျွန်တော်တို့ မြန်မာလူမျိုး များကသာ ထိန်းသိမ်းရပေမည်။ ထိုသို့ ထိန်းသိမ်းရန် အတွက် ကျွန်တော်တို့ မြန်မာလိုတွေးတတ်ရန်လိုပါ သည်။ ယခု မြန်မာရနံ့ ကလေးများရလာပြီဖြစ်သည်။ ကျွန်တော်တို့အားလုံး မြန်မာအတွေးကလေးများ ထည့်ထားစေချင်သည်။

> ❖ ထိုအခါ ဆရာဇော်ဂျီ၏"တစ်ခုသောသင်္ကြန်အခါ" ကဗျာထဲက "နှစ်သစ်ကူးတဲ့၊ တန်ခူးခါမှာ၊ ဒါနက တဝေဝေ၊ ရေတွေက တရွှဲရွှဲ၊ ပျော်ပွဲက တဝင့်ဝင့်၊ ကဲလို့သာဆင့်ရော့၊ အရွယ်သင့်၊ အရွယ်ငယ် မြန်မာတွေ ထည်လိုက်ကြ" ဆိုသော ကဗျာစာပိုဒ်ကိုလည်း ဖတ်ရှုဆင်ခြင်မိပြန်ပါသည်။ ဇီဝိတဒါနပြုပွဲ၊ သက်ကြီးရွယ်အိုများကို ခေါင်းလျှော်၍ ခြေသည်း၊ လက်သည်းညှပ်ပေးပွဲ၊ အလှူဒါနပြုပွဲနှင့် ပရိတ်တရားတော် ရွတ်ဖတ်ပွဲများဖြင့် သင်္ကြန်၏ ကျက်သရေတိုးဝေနေသည်ကို ကျွန်တော်တို့မြင်တွေ့နေသည်မှာ ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။ ❖



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံး ဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ် ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ် သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၂၆၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ချောင်းဦး ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၂၂၆၁ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၄၈၃၈ ကေ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးမှုကို ယခုနှစ် မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၆၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံ ၄၈၃၈ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၂၆၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ရုံးပတီ၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ဟင်းသီးဟင်းရွက်သီးနှံစုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ကော့ကရိတ်မြို့နယ် အင်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ကော့ကရိတ် ဩဂုတ် ၂၉

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အင်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေစိုး၊ မြို့နယ် ဦးစီးမှူး ဦးစောဆာဒေါက်ဖော့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ အင်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးငွေစိုးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ အင်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အဋ္ဌမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဦးရေ ၂၀၊ စုစုပေါင်း အသင်းသား၊အသင်းသူ ဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၄ သန်း ထုတ်ချေးပေးထားကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့ထံမှ သိရသည်။ ကိုသက်

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နံ့ကားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် ဩဂုတ် ၂၉

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နံ့ကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နံ့ကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း နံ့ကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါနံ့ကားဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လကထက် ဇူလိုင်လအတွင်းမှာ နံ့ကားဆန် အိတ်ရေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ နံ့ကားဆန်တွေကို အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိပါတယ်။ အခုလို နံ့ကားဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ လယ်ယာထွက်ကုန် တင်ပို့တဲ့ လုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်''ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။



ရေကြည်မြို့နယ်မှ ထွက်ရှိသည့် နံ့ကားဆန်များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဇေယျာသီရိမြို့နယ် ရွှေကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဆင်းကျေးရွာအုပ်စု ရွှေကျကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ကစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ လက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေကျကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၁ ဒသမ ၆သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၂သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ဆက်လက်ပြောပြ၍ သိရသည်။

နော်လူး

# စလင်းမြို့နယ် ငွေတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စလင်း ဩဂုတ် ၂၉

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖောင်းလင်းကျေးရွာအုပ်စု ငွေတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ငွေတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၈၅ သန်းဖြင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ငွေတောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၄ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

သန်းသန်းစိုး

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ဩစတြေးလျ - တောင်ကိုရီးယား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် မဟာဗျူဟာမြောက်အလှည့်အပြောင်း


၂၀၂၅ ခုနှစ်အတွင်း အင်ဒို- ပစိဖိတ်ဒေသသည် မဟာဗျူဟာမြောက်ပြောင်းလဲမှု၏ ဗဟိုချက်မအဖြစ် ရပ်တည်လာကာ ၎င်းဒေသ၌ နိုင်ငံတကာအခင်း အကျင်းပြန်လည်ပုံဖော်မှုသည် အရှိန်မြင့်တက်လာ လျက်ရှိသည်။ အမေရိကန်နှင့်တရုတ်နိုင်ငံတို့ကြား မဟာဗျူဟာမြောက်ယှဉ်ပြိုင်မှုသည် ပထဝီနိုင်ငံရေး ဆိုင်ရာအငြင်းပွားမှုများကို ကျော်လွန်ကာ နည်းပညာ၊ စီးပွားရေး၊ စစ်ရေးစွမ်းဆောင်ရည်နှင့်တန်ဖိုးထားမှု များထိမြင့်တက်လာခဲ့သည်။ လက်ရှိဖြစ်ပွားနေသော ရုရှား-ယူကရိန်းပဋိပက္ခနှင့် ထိုင်ဝမ်ရေလက်ကြား တွင် တင်းမာမှုများ မြင့်တက်လာခြင်းသည် ဒေသတွင်း လုံခြုံရေးကွန်ရက်များကို သွေးတိုးစမ်း လျက်ရှိသည်။

ထိုသို့သောအခြေအနေများကြောင့် လတ်တ လော အမေရိကန်၏မဟာဗျူဟာပြောင်းလဲမှုများ သည် စေ့စပ်သေချာသောစိစစ်မှုများလိုအပ်လာပြီ ဖြစ်သည်။ ထရန့်အစိုးရအဖွဲ့သည် အမေရိကန် သာလျှင်ပထမဆိုသော ဆောင်ပုဒ်ဖြင့် အမေရိကန် အကျိုးစီးပွားကို ရှေ့တန်းတင်ဆောင်ရွက်လာပြီး မဟာမိတ်များကို ကာကွယ်ရေးအသုံးစရိတ် GDP ၏ ငါးရာခိုင်နှုန်းထိ တိုးမြှင့်သွားရန်ဖိအားပေးလုပ် ဆောင်လာလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အမေရိကန်သည် နိုင်ငံရပ်ခြား၌ စစ်အင်အားဖြန့် ကြက်ထားရှိမှုကို ပြန်လည်ဆန်းစစ်လျက်ရှိပြီး ပြည်တွင်း၌အရေးပါသည့် ကာကွယ်ရေးနည်းပညာ များတိုးတက်လာရန်နှင့် မဟာမိတ်များကိုထိရောက် စွာကာကွယ်နိုင်သည့် ဟန့်တားမှုစွမ်းဆောင်ရည် များ တိုးတက်တည်ဆောက်သွားလိုသော ဆန္ဒ ရှိနေသည်။ အဆိုပါ ပြောင်းလဲဖြစ်ပေါ်လာမှုများ သည် အင်ဒို-ပစိဖိတ်ဒေသတွင် ဖြစ်ပေါ်လျက်ရှိသော လုံခြုံရေးဆိုင်ရာ လှစ်ဟာမှုများကို ဖြည့်ဆည်းနိုင်ရေး မဟာမိတ်ပူးပေါင်းဆောင်ရွက်မှုအတွက် မူဘောင် အသစ်များ လိုအပ်မှုကို အတိအလင်းဖော်ပြနေ ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် အဆိုပါရှုပ်ထွေး သောစိန်ခေါ်မှုများကိုရင်ဆိုင်နေရသည့် အလယ် အလတ်အင်အားရှိသောနိုင်ငံအဖြစ် ရပ်တည်လျက် ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်တိုးချဲ့မှုများနှင့် ဖိအားများကို ရင်ဆိုင်နေရသကဲ့သို့ အမေရိကန်နှင့်အစဉ်အလာ မဟာမိတ်ဖွဲ့ထားမှုကိုလည်း ဆက်လက်ထိန်းသိမ်း ထားရှိရသည်။ တောင်ကိုရီးယားအစိုးရအဖွဲ့၏ ကျမ်းကျိန်ဆိုပွဲ၌လက်တွေ့ကျသော သံခင်းတမန်ခင်း ကို တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသစ် အဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါချဉ်းကပ် မှုသည် အမျိုးသားအကျိုးစီးပွားကိုအခြေခံလျက် လိုက်လျောညီထွေရှိသည့် ဘက်ပေါင်းစုံထိတွေ့မှုမှ တစ်ဆင့် သံခင်းတမန်ခင်းလိုအပ်ချက်နှင့် မဟာ ဗျူဟာမြောက်လုပ်ပိုင်ခွင့်တို့ကို ရှာဖွေသွားမည်ဖြစ် သည်။ အဆိုပါမူဝါဒအသစ်သည် အမေရိကန်အပေါ် မှီခိုအားထားနေရသည့် မူဘောင်ကိုကျော်လွန်ကာ တောင်ကိုရီးယား၏ အမျိုးသားအကျိုးစီးပွား ဗိသုကာပုံစံကိုပြန်လည်ရေးဆွဲရန် ကြိုးပမ်းမှု တစ်ရပ်ပင်ဖြစ်သည်။

ထို့ကြောင့် ဩစတြေးလျနိုင်ငံသည် တောင်ကိုရီး ယား၏လက်တွေ့ကျသော သံခင်းတမန်ခင်းအဆင့် မြှင့်တင်ရာတွင် အဓိကကျသော မိတ်ဖက်နိုင်ငံ များအနက် တစ်နိုင်ငံဖြစ်လာနိုင်သည်။ ဩစတြေးလျ နိုင်ငံသည် ကိုရီးယားစစ်ပွဲကာလအတွင်း ကုလသမဂ္ဂကွပ်ကဲမှုအဖွဲ့ (UNC) အောက်တွင် အမေရိကန်၏မိတ်ဖက်အဖြစ် တောင်ကိုရီးယား နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဗီယက်နမ်၊ အီရတ် နှင့်အာဖဂန်နစ္စတန်နိုင်ငံအပါအဝင် ပြည်ပစစ်ပွဲများ တွင် တောင်ကိုရီးယားနိုင်ငံနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီအချိန်အတွင်း ကပင် တော်ဝင်ဩစတြေးလျရေတပ်မှ ရေတပ်ဒုတိယ ဗိုလ်ချုပ်ကြီးဆူရတ်မေယာသည် UNC ၏ ဒုတိယ ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သောကြောင့် ကိုရီးယားကျွန်းဆွယ် အရေးပေါ်အခြေအနေတွင် အထောက်အပံ့ပေးနိုင်မည့် အင်စတီကျူးရှင်းပိုင်း ဆိုင်ရာမူဘောင်ကို အားသစ်လောင်းခဲ့သည်။ အထူး သဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို ပိုမိုတိုးချဲ့သွားရန် မျှော်မှန်းထားရှိသည်။

ယခုနှစ် ဩဂုတ်လလယ်ပိုင်းတွင် တောင်ကိုရီး ယားအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသည် ကင် ဘာရာမြို့၌ ဒုတိယအကြိမ် တောင်ကိုရီးယား- ဩစတြေးလျကာကွယ်ရေးဆိုင်ရာ ကွန်ဖရန့်ကို



ကျင်းပခဲ့သောကြောင့် သမိုင်းဝင်ရဲဘော်ရဲဘက် ဆက်ဆံရေးမှသည် မဟာဗျူဟာမြောက်မိတ်ဖက် ဆက်ဆံရေးအဆင့်သို့ ပြောင်းလဲတိုးတက်လာခဲ့ သည်။ ရှုပ်ထွေးလာသော ဒေသတွင်းအခြေအနေ သည် အလယ်အလတ်အင်အားရှိနိုင်ငံများကို ဆန်းသစ်သောပူးပေါင်းဆောင်ရွက်မှု မူဘောင်များ နှင့်အတူ အစဉ်အလာမဟာမိတ်များပူးပေါင်းဆောင် ရွက်သွားရန် အကျပ်ကိုင်လာပြီဖြစ်သောကြောင့် တောင်ကိုရီးယားနှင့်ဩစတြေးလျတို့သည် နီးကပ် သောပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့သည်။ ကွန်ဖရန့်အပြီး၌ တောင်ကိုရီးယားအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဩစတြေးလျနိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ မိမိတို့၏မိတ်ဖက်ဖြစ်ကြောင်း၊ ဘက်စုံလွှမ်း ခြုံသောမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ကို အခြေခံလျက် နယ်ပယ်အသီးသီးတွင် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား သွားခဲ့သည်။

**ဩစတြေးလျ၏ မဟာဗျူဟာမြောက်အရွေ့နှင့် တောင်ကိုရီးယားအပေါ်သက်ရောက်မှု**

ဩစတြေးလျနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ကာကွယ်ရေးမဟာဗျူဟာအဆင့်မြှင့်တင်မှု၊ ၂၀၂၃ ခုနှစ် ကာကွယ်ရေးမဟာဗျူဟာ ပြန်လည်သုံးသပ်မှု နှင့် ၂၀၂၄ ခုနှစ် အမျိုးသားကာကွယ်ရေး မဟာ ဗျူဟာ (NDS) တို့တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအတွက် ကြိုတင်ပြင်ဆင်ကာ မိမိကိုယ်ကိုမှီခိုအားထားသည့် ရပ်တည်ချက်အတိုင်း ချမှတ်လုပ်ဆောင်လျက် ရှိသည်။ အထူးသဖြင့် ၂၀၂၄ ခုနှစ် အမျိုးသား ကာကွယ်ရေးမဟာဗျူဟာသည် ငြင်းဆိုမှုမဟာ ဗျူဟာကို အဓိကသဘောတရားအဖြစ် သတ်မှတ် ထားရှိသည်။ ထိုရည်မှန်းချက်နှင့်အညီ ဩစတြေးလျနိုင်ငံသည် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများဝယ်ယူခြင်း၊ တာဝေးပစ်တိကျ တိုက်ခိုက်မှု စွမ်းဆောင်ရည်များတိုးချဲ့ခြင်း၊ ကာကွယ်ရေးစက်မှုလုပ်ငန်းအခြေစိုက်များ အဆင့် မြှင့်တင်ခြင်းနှင့် တပ်မတော်ကိုပေါင်းစပ်ထား ရှိသည့်ပူးပေါင်းဖွဲ့စည်းမှုပုံစံဖြင့် ပြန်လည်ဖွဲ့စည်း ခြင်း စသည့်အဓိကကျသောလုပ်ငန်းများဖြင့် အနာဂတ်သို့ ချီတက်လုပ်ဆောင်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံ၏မဟာဗျူဟာမြောက်အရွေ့ သည် တောင်ကိုရီးယား၏ကိုယ်ပိုင်ကာကွယ်ရေး မဟာဗျူဟာအတွက် သိသာထင်ရှားသောသင်ခန်းစာ များကမ်းလှမ်းပေးလျက်ရှိသည်။ ပထဝီနိုင်ငံရေးအရ တောင်ကိုရီးယားနိုင်ငံသည် ကုန်းမြေထုအင်အားကြီး နိုင်ငံများနှင့်ထိစပ်နေသော်လည်း ၎င်း၏အဓိက အမျိုးသားအကျိုးစီးပွားများကို ပင်လယ်ရေကြောင်း နယ်ပယ်များမှထုတ်ယူလျက်ရှိသည်။ ထို့ကြောင့် ပင်လယ်ရေကြောင်းဗဟိုပြုသည့် ကိုယ်ပိုင်ရပ်တည်မှု၊ နည်းပညာအထောက်အကူပြုတပ် ဖွဲ့စည်းမှုနှင့် တန်ဖိုးထားမှုကိုအခြေခံသော သံခင်းတမန်ခင်း စသည့် ဩစတြေးလျနိုင်ငံ၏ချဉ်းကပ်မှုများသည် မဟာဗျူဟာမြောက်မိတ်ဖက် တောင်ကိုရီးယားနိုင်ငံ အတွက်လက်တွေ့ကျသော ထိုးထွင်းသိမြင်မှုများနှင့် အခွင့်အလမ်းများ ကမ်းလှမ်းပေးလျက်ရှိသည်။

**အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိက ကျသောနယ်ပယ်များ**

ဩစတြေးလျ – တောင်ကိုရီးယားကာကွယ်ရေး ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် သမားရိုးကျ ချစ်ကြည်ရင်းနှီးမှုကိုကျော်လွန်ကာ လက်တွေ့ကျ သောပူးပေါင်းဆောင်ရွက်မှုနှင့် အဓိကကျသော နယ်ပယ်လေးခု၌ မဟာဗျူဟာမြောက်ရည်မှန်း ချက်များကို မျှဝေဆောင်ရွက်သွားသင့်သည်။

ပထမနယ်ပယ်ဖြစ်သည့် ပင်လယ်ရေကြောင်း လုံခြုံရေးကို ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် လုပ်ဆောင်သွားသင့်သည်။ တောင်ကိုရီးယားနှင့် ဩစတြေးလျတို့သည် အမေရိကန်ဦးဆောင်သည့် ပင်လယ်ရေကြောင်း စစ်ရေးလေ့ကျင့်မှုများမှ အတွေ့အကြုံများရရှိထားပြီးဖြစ်သည်။ ထို့ပြင် တောင်ကိုရီးယားရေတပ်၏ ရေငုပ်သင်္ဘောဖျက် စစ်ဆင်ရေးစွမ်းဆောင်ရည်များနှင့် တော်ဝင် ဩစတြေးလျရေတပ်၏ ခိုင်မာအားကောင်း သော တာဝေးကင်းလှည့်နိုင်ခြင်းတို့သည် များစွာ အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် နှစ်နိုင်ငံ အနေဖြင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပုံမှန်လုပ်ဆောင် ခြင်းနှင့် ပင်လယ်ရေကြောင်းနယ်ပယ်ဆိုင်ရာသတိ ထားစောင့်ကြည့်ရမည့် သတင်းအချက်အလက် များမျှဝေခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်သွား သင့်ပေသည်။

ဒုတိယနယ်ပယ်မှာ ဆိုက်ဘာစစ်ဆင်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုကို မဖြစ်မနေလုပ်ဆောင်သွား ရန်လိုအပ်သည်။ နှစ်နိုင်ငံလုံးသည် ရန်ဘက်နိုင်ငံများ ၏ ဆိုက်ဘာခြိမ်းခြောက်မှုခံရလျက်ရှိသဖြင့် ပူးပေါင်းတုံ့ပြန်မှုများသည် များစွာအရေးပါလျက် ရှိသည်။ နှစ်နိုင်ငံသည် ကာကွယ်ရေးကဏ္ဍနှင့် အရေးကြီး အခြေခံအဆောက်အအုံများကို ဆိုက်ဘာတိုက်ခိုက်မှုခံရလျက်ရှိသဖြင့် နှစ်နိုင်ငံ ဆိုက်ဘာခြိမ်းခြောက်မှုတုံ့ပြန်ရေးမူဘောင် ရေးဆွဲ ခြင်း၊ ဆိုက်ဘာလေ့ကျင့်မှုများလုပ်ဆောင်ခြင်းနှင့် နည်းပညာဆိုင်ရာပုဂ္ဂိုလ်များ အပြန်အလှန်မျှဝေခြင်း တို့ကို လုပ်ဆောင်သွားသင့်သည်။

တတိယနယ်ပယ်မှာ အဆင့်မြင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုသည် ကာကွယ်ရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုအတွက် အခွင့်အလမ်းများကမ်း လှမ်းနေခြင်းပင်ဖြစ်သည်။ ဉာဏ်ရည်တု၊ အသံလွန်၊ ကွမ်တမ်အာရုံခံစနစ်များ၊ ရေဒါနည်းပညာ၊ ဂြိုဟ်တု ဆက်သွယ်ရေးနှင့် အလိုအလျောက်ထိန်းချုပ်မှုစနစ် များတွင် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းသည် ပေါင်းစပ်ဆန်း သစ်တီထွင်မှုကိုအရှိန်မြှင့်တင်နိုင်ပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆက်လက်လုပ် ဆောင်နိုင်စေမည်ဖြစ်သည်။

စတုတ္ထနယ်ပယ်မှာ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် အတည်တကျသတ်မှတ် ပြဋ္ဌာန်းဆောင်ရွက်ခြင်းသည် ရေရှည်ထိရောက်မှု အတွက် များစွာအရေးပါလျက်ရှိသည်။ အပြန်အလှန် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက် မပြတ်ထိန်းသိမ်းရန်နှင့် နက်ရှိုင်းစေရန်တရားဝင် သဘောတူညီချက်များလိုအပ်သည်။ ရှိရင်းဆွဲ ဆွေးနွေးမှုများကို သဘောတူညီချက်များရရှိအောင် လုပ်ဆောင်ခြင်းသည် ပူးတွဲစစ်ရေးလေ့ကျင့်မှု၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် တပ်ဖြန့်ချထားမှုတို့အတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

**နိဂုံး**

ဩစတြေးလျနိုင်ငံသည် တောင်ကိုရီးယားအစိုးရ အဖွဲ့၏ လက်တွေ့ကျသော သံခင်းတမန်ခင်းအဆင့် မြှင့်တင်ရေးအတွက် ထိရောက်မှုရှိသော မိတ်ဖက် နိုင်ငံဖြစ်လာနိုင်ပေသည်။ နှစ်နိုင်ငံသည် ပင်လယ် ရေကြောင်း၊ ဆိုက်ဘာနှင့် အဆင့်မြင့်နည်းပညာတို့ တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ ရည်မှန်းချက်မှာ ဒေသတွင်းလုံခြုံရေးဗိသုကာပုံစံ ပြန်လည်ပုံဖော် တည်ဆောက်ရန်၊ အလယ်အလတ်အင်အားအဆင့် ရှိနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအားသစ်လောင်း ရန်နှင့် အင်ဒို-ပစိဖိတ်ဒေသတွင် တောင်ကိုရီးယား ၏အခန်းကဏ္ဍကို မဟာဗျူဟာမြောက်ဆောင်ရွက် သူအဖြစ် အဆင့်မြှင့်တင်သွားရန်ပင်ဖြစ်သည်။ ဆိုရလျှင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဩစတြေး လျနိုင်ငံနှင့် မိတ်ဖက်ဆက်ဆံရေးထူထောင်ခြင်း သည် ရေတိုသံခင်းတမန်ခင်းဆက်ဆံရေးနှင့် ရေရှည် မဟာဗျူဟာမြောက် ဆုံးဖြတ်လုပ်ပိုင်ခွင့်တို့ကို ကမ်းလှမ်းသွားနိုင်သော်လည်း စိန်ခေါ်မှုများမှာမူ ဆက်လက်တည်ရှိနေဦးမည်ဖြစ်ကြောင်း သုံးသပ် တွေ့ရှိရပါသည်။

**ကိုးကား**

- A Strategic Turning Point for Australia–South Korea Defense Cooperation by The Diplomat.

ဝင်းဇင်(သုတေသန)

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက နည်းစနစ်ပိုင်းအားကောင်းတဲ့ လီဗာပူးအသင်း၊ ဂျူဗင်တပ်အသင်း၊ ဘက်တစ်အသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာလဲ ပရိသတ်စိတ်ဝင်စားမှုအားကောင်းတဲ့အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်အုံးမှာဖြစ်ပါတယ်။ လက်ရှိအပြောင်းအရွှေ့ကာလမှာတော့ ပရီးမီးယားလိဂ်ကလွဲရင် ကျန်ထိပ်သီးလိဂ်တွေက ကစားသမားသစ်ခေါ်ယူမှုနည်းခဲ့တာဖြစ်ပြီး ပရီးမီးယားလိဂ်က လီဗာပူး၊ ချဲလ်ဆီး၊ အာဆင်နယ်၊ မန်ယူအသင်းတို့က ကစားသမားခေါ်ယူမှု အများအပြားပြုလုပ်ထားတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့တစ်ပတ် တနင်္ဂနွေနေ့ညမှာတော့ ပရိသတ်အကြိုက်တွေ့တဲ့ အသင်းတွေဖြစ်တဲ့ နော်တင်ဟမ်၊ ဘရိုက်တန်၊ မန်ယူ၊ လာဇီယို၊ ဂလာဘတ်၊ ဘရက်၊ မိုနာကို၊ ဆိုစီဒက်၊ အတ္တလန်တာ၊ အူဒီးနီးစ်တို့ ရလဒ်မကောင်းခဲ့ပါဘူး။ အဲဒီအသင်းတွေကိုကြည့်ရင် ခြေစွမ်းပြကစားသမားခေါ်ယူမှု နည်းပါးခဲ့တာဖြစ်သလို နည်းစနစ်ပိုင်းလဲအားနည်းခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညပွဲစဉ်တွေမှာလဲ နည်းစနစ်ပိုင်းအားကောင်းနေတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

## လီဗာပူးအသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ်(၃)မှာ အကြိုက်တွေ့မိတာကတော့ လက်ရှိချန်ပီယံ လီဗာပူးအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ အီကီတီကီ၊ ဖလိုရီယန်ဝစ်၊ ကာကက်ဇ်၊ ဖရင်ပေါင်တို့လို ကစားသမားတွေခေါ်ယူ အားဖြည့်ခဲ့ပြီး ချန်ပီယံဆုကို ကာကွယ်ဖို့ကြိုးစားနေတာကို တွေ့ရမှာပါ။ အဖွင့်ပွဲစဉ်မှာတော့ ဘုန်းမောက်အသင်းနဲ့ တွေ့ဆုံခဲ့လို့ပွဲစဉ်ချောင်ခဲ့ပေမဲ့ ခံစစ်ကစားပုံက လိုအပ်ချက်ရှိခဲ့တာကြောင့် လေးဂိုးနှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ပွဲစဉ် (၂) မှာတော့ နယူးကာဆယ်လို အိမ်ကွင်းကောင်းတဲ့အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး နှစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်ပေမဲ့ ခံစစ်ကစားပုံအားနည်းချက်ကြောင့် ပွဲချိန် ၅၇ မိနစ်နဲ့ ၈၈ မိနစ်မှာ ချေပဂိုး နှစ်ဂိုးပေးလိုက်ရပေမဲ့ နာကျင်အချိန်ပိုမှာ အနိုင်ဂိုးရခဲ့တာကို တွေ့ရမှာပါ။ နည်းပြ စလော့ကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်နေပြီး တိုက်စစ်ပိုင်းကောင်းပေမဲ့ ခံစစ်ပိုင်းမှာတော့ ဖရင်ပေါင်တိုက်စစ်လိုက်ပါလွန်းတာကြောင့် ဆိုဘော့ဇလိုင်ကို အသုံးပြုခဲ့ပေမဲ့ အလုပ်မဖြစ်ခဲ့လို့ အာဆင်နယ်နဲ့ပွဲစဉ်မှာ ခံစစ်ကစားပုံပြင်နိုင်မှသာ နိုင်ပွဲရဖို့ သေချာမှာပါ။ လီဗာပူးဟာ အာဆင်နယ်နဲ့ ကစားရတဲ့ အိမ်ကွင်းပွဲစဉ်တွေမှာ အနိမ့်ဆုံးသရေရလဒ်ကစားနိုင်တဲ့ အစဉ်အလာကောင်းကိုပိုင်ဆိုင်ထားတာကြောင့် အခုပွဲမှာ အနည်းဆုံးရမှတ် ခွဲယူနိုင်ဖို့ များပါတယ်။

အာဆင်နယ်အသင်းကလဲ ပြီးခဲ့တဲ့ဘောလုံးရာသီ သုံးရာသီဆက်တိုက် ပရီးမီးယားလိဂ် အဆင့်(၂) နဲ့ အဆုံးသတ်ခဲ့တာကြောင့် အခုနှစ်မှာ ချန်ပီယံဖြစ်ဖို့ ပြင်ဆင်မှုတွေ လုပ်ဆောင်လာပါတယ်။ အခုရာသီတိုက်စစ်ပိုင်းမှာ ကစားသမားဖြည့်တင်းမှု ပိုလုပ်ခဲ့တာကို သတိပြုရမှာပါ။ အဖွင့်ပွဲစဉ်မှာ မန်ယူအသင်းကို နိုင်ပွဲရခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာမရှိပေမဲ့ ပြီးခဲ့တဲ့ လိဒ်ယူနိုက်တက်ကို အနိုင်ရခဲ့တဲ့ ခြေစွမ်းပိုင်းကတော့ အဘက်ဘက်က ပြည့်စုံမှုရှိတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ကွင်းလယ်က အိုဒီဂတ်၊ တောင်ပံက ဆာကာတို့ ဒဏ်ရာရသွားတာကြောင့် အခုပွဲစဉ်မှာ မပါနိုင်သလို ကိုင်ဟာဗက်လဲ ဒဏ်ရာရနေတာဖြစ်လို့ တိုက်စစ်ကစားပုံ အားနည်းချက်ရှိမှာ ဖြစ်ပါတယ်။ လီဗာပူးနဲ့ အာဆင်နယ်တို့ တွေ့ဆုံတဲ့ပွဲတွေဟာ ဂိုးများလေ့ရှိပေမဲ့ အခုပွဲမှာတော့ လီဗာပူးတိုက်စစ်ကစားပုံ ပြင်လာမယ်ဆိုရင်တော့ အာဆင်နယ်ဂိုးရဖို့ ခက်နိုင်တာကြောင့် နိုင်ပွဲဆက်ယူဖို့ကြိုးစားလာမဲ့ လီဗာပူးအသင်းပဲရလဒ်ကောင်းမှာပါ။

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၄ | - | ၁ | ဘီလ်ဘာအို |
| လီဗာပူး | ၃ | - | ၂ | ဘီလ်ဘာအို |
| ပဲလေ့စ် | ၂ | - | ၂ | လီဗာပူး |
| လီဗာပူး | ၄ | - | ၂ | ဘုန်းမောက် |
| နယူးကာဆယ် | ၂ | - | ၃ | လီဗာပူး |

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၀ | - | ၁ | စပါး |
| အာဆင်နယ် | ၂ | - | ၃ | ဗီလာရီးရဲလ် |
| အာဆင်နယ် | ၃ | - | ၀ | ဘီလ်ဘာအို |
| မန်ယူ | ၀ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၅ | - | ၀ | လိဒ်ယူနိုက်တက် |

## ဂျူဗင်တပ်အသင်းနဲ့လက်တွဲရမှာပါ

စီးရီးအေပွဲစဉ်(၂) မှာ အကြိုက်တွေ့မိတာကတော့ ဂျီနိုအာအသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျီနိုအာအသင်းဟာ ကစားသမားကောင်းတွေပေါ်လာပေမဲ့ ဆက်လက်ထိန်းသိမ်းခြင်းမရှိခဲ့ဘဲ လက်ရှိမှာလဲ ဂတ်မန်ဆန်၊ ဒီဝင်တာတို့ကို ပြိုင်ဘက်အသင်းတွေဆီ လက်လွှတ်လိုက်ရတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ လက်ချီလို ခံစစ်အားနည်းတဲ့အသင်းကို ဂိုးရဖို့ ရုန်းကန်ခဲ့ရပြီး ဂတ်မန်ဆန်မရှိတဲ့တိုက်စစ်ပိုင်းမှာ အပိုင်အခွင့်အရေးရဖို့ အားနည်းသွားတာဖြစ်ပါတယ်။ သူတို့အသင်းဟာ တိုက်စစ်ကောင်းတဲ့ အသင်းတွေနဲ့ဆို ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်နဲ့ တုံ့ပြန်လေ့ရှိပေမဲ့ လက်ရှိခံစစ်ပိုင်းအနေနဲ့ ဂျူဗင်တပ်အသင်းတိုက်စစ်ကို ထိန်းချုပ်ဖို့ လိုအပ်ချက်ရှိနေတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ရာသီ အိမ်ကွင်း ၁၉ ပွဲမှာလဲ ငါးပွဲသာအနိုင်ရခဲ့သလို လက်ရှိမှာလဲ ဂျူဗင်တပ်လို အသင်းနဲ့တွေ့နေတာကြောင့် နိုင်ပွဲရှာဖို့ ခက်အုံးမှာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ပြည်တွင်းပွဲစဉ်တွေသာ ကစားခဲ့ရပေမဲ့ တိုက်စစ်ပိုင်းလိုအပ်ချက်ကြောင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းမရှိဘဲ ဥရောပဝင်ခွင့်ရဖို့ ရုန်းကန်ခဲ့ရပါတယ်။ အဖွင့်ပွဲစဉ်မှာတော့ ပါးမားအသင်းကို အဘက်ဘက်ကအသာနဲ့ ကစားနိုင်ခဲ့ပေမဲ့ ဒုတိယပိုင်းမှသာ ဂိုးရခဲ့ပြီး နောက်ပိုင်း ပါးမားအသင်း တိုက်စစ်မြှင့်တင်ချိန်မှာ ဗလာဟိုဗစ်က ဒုတိယဦးဆောင်ဂိုး သွင်းယူခဲ့ပါတယ်။ အဲဒီပွဲစဉ်က ခြေစွမ်းကိုကြည့်ရင် ဂိုးပေါက်ပျောက်ဆုံးနေတဲ့ ဗလာဟိုဗစ်နဲ့ အသစ်ခေါ်ယူထားတဲ့ ဂျွန်နသန်ဒေးဗစ်တို့ ဂိုးရခဲ့တာကြောင့် တိုက်စစ်ကစားပုံတိုးတက်လာတာကို တွေ့ရမှာပါ။ နည်းပြတူဒေါကတော့ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်း ပြောင်းလဲနေတာကြောင့် ဂျီနိုအာအသင်း ခံစစ်အားပြုလာမယ်ဆိုရင် တိုက်စစ်အားကောင်းလာတဲ့ ဂျူဗင်တပ်ကို ထိန်းချုပ်နိုင်မှာမဟုတ်သလို တိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင်တော့ ပေးဂိုးများသွားမှာပါ။ တွေ့ဆုံမှုအစဉ်အလာမှာလဲ ဂျူဗင်တပ်က အသာရခဲ့တာကြောင့် ညွှသည်ဂျူဗင်တပ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၁ | - | ၃ | ဂျီနိုအာ |
| ဗီလာရီးရဲလ် | ၁ | - | ၃ | ဂျီနိုအာ |
| ရင်းနက် | ၂ | - | ၂ | ဂျီနိုအာ |
| ဂျီနိုအာ | ၃ | - | ၀ | ဗီစင်ဇာ |
| ဂျီနိုအာ | ၀ | - | ၀ | လက်ချီ |

### ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၂ | ရက်ဂျီးနား |
| ဒေါ့မွန် | ၁ | - | ၂ | ဂျူဗင်တပ် |
| အတ္တလန်တာ | ၁ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၀ | ပါးမား |

## ဘက်တစ်အသင်းကို ရွေးရမှာပါ

လာလီဂါပွဲစဉ် (၃) မှာအကြိုက်တွေ့မိတာကတော့ ဘက်တစ်အသင်းနဲ့ ဘီလ်ဘာအိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွေမှာ ဘီလ်ဘာအိုအသင်းက နိုင်ပွဲများခဲ့ပေမဲ့ ဘက်တစ်အသင်း အိမ်ကွင်းပွဲမှာတော့ ဘီလ်ဘာအို ရုန်းကန်ခဲ့ရပြီး ဘက်တစ်က အသာရခဲ့တာများပါတယ်။ ဘက်တစ်ဟာ နည်းပြပယ်လီဂရီနီလက်ထက်မှာ ခြေစွမ်းပြကစားသမားခေါ်ယူမှု မလုပ်နိုင်ပေမဲ့ အသင်းက အဓိကကစားသမားတွေကိုလဲ ရောင်းချခဲ့ခြင်းမရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ကွန်ဖရင့်လိဂ်ဖလား ဗိုလ်လုပွဲစဉ်ထိ တက်ရောက်နိုင်ခဲ့ပေမဲ့ ချဲလ်ဆီးအသင်းကိုရှုံးခဲ့လို့ ဆုဖလားနဲ့လွဲချော်ခဲ့ရပါတယ်။ ဘက်တစ်အသင်းဟာ အခုရာသီမှာ ခံစစ်ကစားပုံတည်ငြိမ်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ဂိုးရဖို့ရုန်းကန်နေရတာကြောင့် အစ္စကိုမပါနိုင်တဲ့ တိုက်စစ်ပိုင်းမှာ လိုအပ်ချက်ရှိနေတာကို သတိပြုရမှာပါ။ ဒါပေမဲ့ နည်းပြရဲ့ ခံစစ်ကစားပုံက အိမ်ကွင်းမှာ အသင်းကြီးတွေ ဂိုးရဖို့ခက်နေတာကြောင့် ဘီလ်ဘာအိုအသင်းကို ထိန်းချုပ်ကစားနိုင်မှာသေချာပါတယ်။

ဘီလ်ဘာအိုအသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အဆင့်(၄) နဲ့အဆုံးသတ်ခဲ့တာကြောင့် ချန်ပီယံလိဂ်ကစားခွင့်ရခဲ့တာဖြစ်လို့ အသင်းက အဓိက ကစားသမားတွေကို ဆက်လက်ထိန်းသိမ်းခဲ့တာကို တွေ့ရမှာပါ။ နည်းပြ ဗယ်ဗာဒီဟာ ၄-၂-၃-၁ ကစားကွက်မှာ တိုက်စစ်မှာ နစ်ကိုးဝီလျံ၊ အီနာကီဝီလျံတို့အတွဲကို အသုံးပြုနေတာကြောင့် တောင်ပံကစားအားကောင်းနေပေမဲ့ အဆုံးသတ်ပိုင်းမှာတော့ တိုက်စစ်ပိုင်းလိုအပ်ချက်ရှိနေတာဖြစ်လို့ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ခံစစ်အားပြုကစားခဲ့တဲ့ အက်စ်ပန်ညိုအသင်းကို ဂိုးသွင်းနိုင်ဖို့ ခက်ခဲခဲ့တာကို တွေ့ရမှာပါ။ အခုပွဲမှာတော့ ဘက်တစ်လို အိမ်ကွင်းကစားပုံမာကျောပြီး နည်းစနစ်ပိုင်းကလဲ ဗယ်ဗာဒီနဲ့တွေ့ဆုံရင် အမြဲအသာရယူနိုင်ခဲ့တာကြောင့် ဘီလ်ဘာအိုအသင်း ရမှတ်ရှာဖို့ ခက်ခဲမှာပါ။ အကျောပေးမှုကလဲ ဘက်တစ်လို တိုက်စစ်အားနည်းတဲ့အသင်းကို သရေကျရင်တောင် ခပ်ပါးပါးပဲ ရှုံးမဲ့အခြေအနေက အိမ်ရှင်ရဲ့ ကစားပုံကြောင့် နိုင်ပွဲရဖို့ခက်ခဲနိုင်တယ်လို့သုံးသပ်ရင်း အိမ်ရှင် ဘက်တစ်အသင်းကိုပဲ ရွေးရမှာပါ။

### ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၂ | - | ၃ | ကိုမို |
| ဘက်တစ် | ၁ | - | ၃ | မာလာဂါ |
| အယ်ချီ | ၁ | - | ၁ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၀ | အလာဗက် |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဘက်တစ် |

### ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၄ | - | ၁ | ဘီလ်ဘာအို |
| လီဗာပူး | ၃ | - | ၂ | ဘီလ်ဘာအို |
| အာဆင်နယ် | ၃ | - | ၀ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၃ | - | ၂ | ဆီဗီလာ |
| ဘီလ်ဘာအို | ၁ | - | ၀ | ဗယ်လ်ကာနို |

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ




## ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၁၀၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၁၀၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် နေကြာဧက ၁၆၂၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၀၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ယင်းမာပင်ခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ် " ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက်နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၃၂၉ ဧက၊ ကနီမြို့နယ်တွင် ၃၂၉၄ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၂၁၂ ဧကနှင့်ပုလဲမြို့နယ်တွင် ၃၂၂၅ ဧက စုစုပေါင်း ဧက၁၁၀၆၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရေမြင့်မာရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက် ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## သနပ်ပင်မြို့နယ် ဖရဲစံပြကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖရဲကျေးရွာအုပ်စု ဖရဲစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ်၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဖရဲစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဖရဲကျေးရွာအုပ်စု ဖရဲစံပြကျေးရွာ၌ လမ်းအရှည် ၈၆၃ပေ၊ အကျယ် ၁၂ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၉၄ သိန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည့်အတွက် ဖရဲစံပြကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေး သွားလာရလွယ်ကူလာမည်ဖြစ်ပြီးကျန်းမာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

**နွဲ့ယဥ်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျှော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
THE BEST QUALITY TYRE
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၃
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၃
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



## အိတ်ပိတ်တင်ဒါ (Close Tenders) ခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ လလ/၆၃ (၂၃+၂၄)၊ လလ/၆၁(၁+၂)၁၄၃ လမ်း၊ ၅၂ လမ်း x ၅၃ လမ်းကြားရှိ Grade Royal Group International Co.,Ltd တွင် အောက်ဖော်ပြပါပလတ်စတစ်များ၊ စက္ကူအပျက်များ၊ Closure ပုလင်းဖုံး(ဒန်ဖုံး/ကော်ဖုံးပျက်များ)၊ Flavour ပုံးခွံများ၊ ပုလင်းကွဲ(အဖြူရောင်)၊ ကော်ခြင်းပျက်များ၊ ပလင်းပိုင်အောက်ခံကြိုးပြား၊ EmptyDrum(ကော်ပုံးများ)၊ သံတိုသံစများ စသည့်ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ်(လပြတ်)ဖြင့် လစဉ်လတိုင်းရောင်းချမည်ဖြစ်ပါ၍ တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာ ဖော်ပြရန်။

ကုမ္ပဏီ/စက်ရုံမှ တင်ဒါခေါ်ယူမည့်ရက်အား (၃)ရက် ကြိုတင်အကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာအား စက်ရုံတွင် အခမဲ့ထုတ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉-၄၀၂၆၁၀၈၂၈၊ ၀၂-၅၁၅၂၄၄၁



(၂၁)ကြိမ်မြောက် 5 Digits အောင်ဘာလေ
အွန်လိုင်းထီရဲ့ Jackpot အထူးဆုကြီးရဲ့ ထီဆုငွေ
ကျပ်သိန်း (၁,၀၀၀)
ကံထူးရှင်ကြီးက
သင် ဖြစ်နိုင်ပါတယ်
အခုပဲ Aung Bar Lay APP မှတဆင့် (သို့)
*117# ကို ခေါ်ဆိုပြီး ဝယ်ယူကံစမ်းလိုက်ပါ။
Call Center 777 (or) 09 677 000 777


## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **မိုးဇာ**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅)၊ အကွက်အမည် **ပုဏ္ဏားစု**ကွင်း၊ ဦးပိုင်အမှတ်(**၂/ခ-၁**)၊ ဧရိယာ(**၀.၀၄၉**)ကေရှိသည့်အနက်မှ ဧရိယာ(၀.၀၂၅)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၂/ခ-၂
(ခ) အနောက်လားသော် - ကားလမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၂/ခ-၁ ကျန်မြေ
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်အေးသီတာညွှန့်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ စက်တင်ဘာ (၂၈)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့။

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် **ဆင်များရှင်**ကွင်း၊ ဦးပိုင်အမှတ်(**၁၁/ဃ**)၊ ဧရိယာ(**၀.၁၃၁**)ကေနှင့် ဦးပိုင်အမှတ်(**၁၁/စ**)၊ ဧရိယာ(**၀.၀၈၇**) ကေ စုစုပေါင်း ဧရိယာ (**၀.၂၁၈**) ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည်-

(က) အရှေ့လားသော် - လမ်းဦးပိုင်အမှတ်-၁၁/ဈ
(ခ) အနောက်လားသော် - ကားလမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၁၁/ည-၃
(ဃ) မြောက်လားသော် - လမ်း၊ ဦးပိုင်အမှတ်-၁၁/က-၄/၁၁/ဇ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ရီမော်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ စက်တင်ဘာ (၂၈)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့။

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီး အထက၊ ကျောင်းဝင်အမှတ်-၈၁၂၀ (Grade-11)တွင် ပညာသင်ကြားနေသော မဝင်းနန္ဒာကျော်၏ဖခင်အမည်မှန်မှာ နိုင်ငံသား စိစစ်ရေးကတ်အရ ဦးကျော်စိုးဝင်း ဖြစ်ပါကြောင်း။ ဦးကျော်စိုးဝင်း (၉/ပသက(နိုင်)၀၀၂၅၄၇)

❖ နိုင်ငံတော်၏ စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ စိုက်ပျိုးရေးစွမ်းအား၊ကုန်ထုတ်စွမ်းအားနှင့်ကုန်သွယ်မှုကူးသန်းရောင်းဝယ်မှုများ တိုးတက်ကောင်းမွန်စေရေး၊တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရများနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဟန်ချက်ညီညီဖြင့် ဆက်လက်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၂၀ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဂုတ်တွင်းတံတားနှင့် ဂုတ်ထိပ်မီးရထားလမ်းနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိ

နေပြည်တော် ဩဂုတ် ၂၉

TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် နောင်ချိုမြို့ကို ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် တပ်မတော်က တန်ပြန်ထိုးစစ်များဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၆ ရက်တွင် နောင်ချိုမြို့တစ်မြို့လုံးအား တပ်မတော်က အပြီးတိုင်အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်အနေဖြင့် နောင်ချိုမြို့မှတစ်ဆင့် ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့်ပြည်ထောင်စုလမ်းမကြီးဖြစ်သော မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးပေါ်ရှိ အဓိကလမ်းကြောင်းတစ်ခုဖြစ်သည့် နောင်ချို-ကျောက်မဲလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ နောင်ချိုမြို့မှ ဆုတ်ခွာပြီးနောက်ပိုင်း လမ်းကြောင်းတစ်လျှောက် ခုခံမည့်နေရာများအား နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများသည်

စာမျက်နှာ ၂၁ ကော်လံ ၁ ☆



တပ်မတော်စစ်ကြောင်းများက ဂုတ်ထိပ်မီးရထားလမ်းတံတားအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါး စီးပွားရေးကွန်ရက်နဲ့ အကြမ်းဖက်မှုအန္တရာယ် အပိုင်း(၂)

ဆောင်းပါး စာမျက်နှာ- ၁၉

